

အပိုင်း ငါး

ယနေ့သြစတြေးလျားနိုင်ငံ

ယနေ့ဩစတြေးလျားနိုင်ငံ

ဤအပိုင်းတွင် ဩစတြေးလျားနိုင်ငံ၏ ယဉ်ကျေးမှု၊ တီထွင်သူများနှင့် အမျိုးသားရေး လက္ခဏာများအကြောင်း သိလာလိမ့်မည်။ ဩစတြေးလျားနိုင်ငံသည် တက်ကြွသွက်လက်သော စီးပွားရေးနှင့် ကုန်သွယ်ဘက် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လေးစားခံရသော ကမ္ဘာ့နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားများသည် နိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်နေခြင်းနှင့် ပြန်လည်ဆန်းသစ်နေခြင်းတို့အတွက် အခြေချလူအသစ်များ၏ အကျိုးပြုမှုကို တန်ဖိုးထားပါသည်။

ကုန်းမြေ

ဩစတြေးလျားနိုင်ငံသည် ကမ္ဘာပေါ် တွင် သက်တမ်းအရှည်ကြာဆုံး မြေသားထုတစ်ခုဖြစ်သည်။ ကမ္ဘာပေါ် တွင် ခြောက်ခမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး အကြီးဆုံးကျွန်းနိုင်ငံ ဖြစ်သည်။ ၎င်းသည် အပြားဆုံးနှင့် အခြောက်သွေ့ဆုံး လူနေတိုက်ကြီးဖြစ်သည်။ ဩစတြေးလျားမြေအများစုမှာ မြေဆီလွှာ ညံ့ဖျင်းပြီး မိုးနည်းသောကြောင့် စိုက်ပျိုးရေ ခက်ခဲစေသည်။ ခြောက်သွေ့သော အတွင်းပိုင်းနေရာများကို 'ကုန်းတွင်းလွင်တီးခေါင်ဒေသများ' (outback) ဟု ခေါ်ကြပြီး အထူးသဖြင့် ဝေးလံပြီး ကြမ်းတမ်းခက်ခဲသော သဘာဝပတ်ဝန်းကျင်များ ဖြစ်သည်။ ဩစတြေးလျားနိုင်ငံတွင် ရေသည် အလွန်တန်ဖိုးရှိသော အရင်းအမြစ်တစ်ခု ဖြစ်သည်။

ဩစတြေးလျားနိုင်ငံသည် အလွန်ကြီးမားကျယ်ပြန့်သဖြင့် ရာသီဥတုများ သိသိသာသာကွဲပြားခြားနားသော ဒေသများရှိသည်။ ဩစတြေးလျားတိုက်၏ မြောက်ပိုင်းတွင် မုတ်သုန်ဒေသများရှိပြီး တိုက်၏ အလယ်ပိုင်းတွင် သဲကန္တာရများရှိသည်။ တောင်ဘက်တွင် အပူရှိန်များသည် တောင်ပေါ် တွင် ဆီးနှင်းများကျသောအေးမြသည့် ဆောင်းဥတုများမှ အပူလိုင်းထသော နွေရာသီများသို့ ပြောင်းလဲနိုင်သည်။

ဩစတြေးလျားနိုင်ငံအစိုးရသည် ပြည်နယ်ခြောက်ခုနှင့် ပြည်မဒေသနှစ်ခုအပြင် အောက်ပါဒေသများကိုလည်း စီမံအုပ်ချုပ်သည် -

- အက်ရှ်မိုး (Ashmore) နှင့် ကာတီယာကျွန်းများ (Cartier Islands)
- ခရစ္စမတ်ကျွန်း (Christmas Island)
- ကိုးကိုးစ် (ကီးလင်း) ကျွန်းစု (Cocos (Keeling) Islands)
- ဂျားဗစ်စ် ပင်လယ်အော်ဒေသ (Jervis Bay Territory)
- ကိုရယ်လ် ပင်လယ်ကျွန်းစု (Coral Sea Islands)
- ဩစတြေးလျားနိုင်ငံတော်၏ အန္တာတိတ်ဒေသ (Australian Antarctic Territory) ရှိ ဟာ့ဒ်ကျွန်း (Heard Island) နှင့် မက်ဒေါ်နယ် ကျွန်းများ (McDonald Islands)
- နော်ဖော့လ်ခ် ကျွန်း (Norfolk Island)။

ကမ္ဘာ့ရှေးဟောင်း ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဝင် နေရာများ

အောက်ပါ ဩစတြေးလျားနိုင်ငံအတွင်းရှိ နေရာများသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (ယူနက်စကို) (the United Nations Educational, Scientific and Cultural Organization (UNESCO)) ၏ ကမ္ဘာ့ရှေးဟောင်းရိုးရာယဉ်ကျေးမှု အမွေအနှစ်ဝင် နေရာများစာရင်းတွင် ပါဝင်သည်။

ယဉ်ကျေးမှုဆိုင်ရာ

- ဩစတြေးလျားနိုင်ငံရှိ အကျဉ်းထောင်နေရာများ
- ဘတ်ဂျ် ဘင် (Budj Bim) ယဉ်ကျေးမှုဆိုင်ရာ ရှုခင်းများ
- မယ်လ်ဘန်ရှိ တော်ဝင်ပြတိုက် အဆောက်အဦ (Royal Exhibition Building) နှင့် ကာလ်တန်ဥယျာဉ် (Carlton Gardens)
- ဆစ်ဒနီအော်ပရာဟောက်စ် (Opera House)



ဆစ်ဒနီအော်ပရာဟောက်စ် (Sydney Opera House)

သဘာဝဆိုင်ရာ

- ဩစတြေးလျားနိုင်ငံတောင်ပိုင်းနှင့် ကွင်းစလန်ပြည်နယ်ရှိ ဩစတြေး လျားနိုင်ငံ နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းရှိရာနေရာများ (ရေးဗား လေး/နာရာကော်တီ (Riversleigh/Naracoorte))
- ကာဂါရီ (K'gari) (ယခင် ဖရေဇာကျွန်း)
- ဩစတြေးလျားနိုင်ငံရှိ ဂေါန်ဝွာနာ (Gondwana) မိုးသစ်တောများ
- ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်း (Great Barrier Reef)
- ဘလူးမောင်းတိန်း တောင်တန်းကြီး (Greater Blue Mountains Area)
- ဟာ့ဒ်နှင့် မက်ဒေါနယ်လ်ကျွန်းများ (Heard and McDonald Islands)
- လော့ဒ်ဟောင်းဝ်ကျွန်း (Lord Howe Island)
- မက်ကော်ရီ (Macquarie) ကျွန်း
- နီဂါလူးကမ်းရိုးတန်း (Ningaloo Coast)
- ပါနူးလူးလူးအမျိုးသားဥယျာဉ် (Purnululu National Park)
- ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်ရှိ ရှာ့ခ်ပင်လယ်အော် (Shark Bay)
- ကွင်းစလန်ရှိ မိုးများသည့် အပူပိုင်းဒေသစ်တော

အမျိုးစုံ

- ကာကဒူး (Kakadu) အမျိုးသားဥယျာဉ်
- တက်စ်မေးနီးယား တောကန္တာရ
- ဦးလုရူးကာတာ ဂျူတာ (Uluru-Kata Tjuta) အမျိုးသားဥယျာဉ်
- ဝီလန်ဒရာ ရေကန် (Willandra Lakes)




ဦးလုရူးကာတာ ဂျူတာ အမျိုးသားဥယျာဉ်ထဲရှိ ဧရာစ်ရော့ခ် (Ayers Rock) ဧရာမသဲကျောက်တောင် အောက်ခြေတွင် လှိုင်းလုံးပုံကျောက်ဆောင်ပုံစံ တည်ဆောက်ထားခြင်း

အထက်တွင်ဖော်ပြထားခဲ့သော အနောက်တိုင်းအထင်ကရ အမှတ်သညာများနှင့် သဘာဝအံ့ဖွယ်ရာများအပြင် နိုင်ငံတစ်ဝှမ်းတွင် အက်ဘော်ရစ်ဂျိနယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများအတွက် ထူးခြားလှသည့် အထွတ်အမြတ်ထားရာနေရာ ထောင်ပေါင်းများစွာ ရှိပါသည်။ ဤနေရာများသည် ဩစတြေးလျားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ စုစည်းမှု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဩစတြေးလျားနိုင်ငံသားများအားလုံးအတွက် အရေးပါပါသည်။ အထွတ်အမြတ်နေရာများမှာ အများအားဖြင့် ကြီးမားကျယ်ပြန့်သော ရှုခင်းများဖန်တီးခြင်း၊ ယဉ်ကျေးမှုစံတန်ဖိုးများ၊ တစ်စိတ်တည်း တစ်သဘောတည်းဖြစ်စေသည့် ဆက်ဆံရေးများနှင့် လူမှုအဆင့်များမြှုပ်နှံသွတ်သွင်းပေးခဲ့ကြသည့် ရှေးဘိုးဘေးဘီဘင်များ၊ ၎င်းတို့၏ အခန်းကဏ္ဍများ ဇာတ်ကြောင်းများနှင့် အများအားဖြင့် ဆက်စပ်နေလေ့ရှိသည်။

ကြီးမားကျယ်ပြန့်သော နိုင်ငံ

အက်ဘော်ရစ်ဂျိနယ်နှင့် တော်ရယ်လ်ရေလက်ကြားကျွန်းသားများသည် ဤမြေနှင့် ထူးခြားသောဆက်နွယ်မှု ရှိသည်။ ၎င်းတို့သည် ၎င်းတို့၏ အိမ်နီးချင်းများနှင့် ဆက်သွယ်မှုကို အမြဲတန်ဖိုးထားပြီး တွေ့ဆုံရန် ခရီးဝေးကြီးများ သွားလေ့ရှိသည်။ အက်ဘော်ရစ်ဂျိနယ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများ၏ အိပ်မက်လမ်းကြောင်း ('song-lines') များသည် ဩစတြေးလျားနိုင်ငံတစ်ခွင်ရှိ မတူညီသော ယဉ်ကျေးမှုနှင့် ဘာသာစကား အုပ်စုများကို ဖြန့်ကျက်လျက် ရှိရာဥပဒေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများကို ပထဝီအနေအထားဖြင့် ဆက်စပ်ပေးသည့် ဇာတ်ကြောင်းများ ဖြစ်သည်။ ၎င်းတို့ကို နှစ်ထောင်ပေါင်းများစွာ ထိန်းသိမ်းခဲ့ကြပြီး ကျင့်သုံးလျက်ရှိကြပါသည်။

ဩစတြေးလျားနိုင်ငံ၏ အစိတ်အပိုင်းများစွာတွင် လူများသည် အခြားဩစတြေးလျားနိုင်ငံသားများ အလေးမမူမိကြသည့် ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဈေးဆိုင်များကဲ့သို့ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ရန် အကန့်အသတ်ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် ဝေးလံခေါင်သီသော အသိုက်အဝန်းများတွင် နေထိုင်သူများအား ပံ့ပိုးပေးရန် အတူတကွ လုပ်ဆောင်နေကြပါသည်။ အခက်အခဲပြဿနာများကို ခိုးကျူးဖွယ်ကောင်းသော ဩစတြေးလျားနိုင်ငံသားများက နည်းလမ်းသစ်များရှာဖွေကြခြင်းနှင့် တီထွင်မှုအသစ်များကို ပြုလုပ်ကြခြင်းအားတို့ဖြင့် ကျော်လွှားခဲ့ကြသည်။



တက်စမေးနီးယားတောရိုင်းမြေ



ခြေနင်းစက်ဖြင့် အားသွင်းသည့်ရေဒီယို

1929 ခုနှစ်တွင် အက်ဒီလိတ်ဒ်မှ အဲလ်ဖရက်ဒ်ထရေဂါ (Alfred Traegar) ဆိုသူက တီထွင်ခဲ့သည်။ အသုံးပြုသူများက ခြေကိုနင်းကာ လည်ပတ်စေခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် ပြောဆိုနားထောင်နိုင်ကြသော ရေဒီယိုကို အသုံးပြုနိုင်သည်။ ဤတီထွင်မှုဖြင့်လူသူဝေးရာ အိမ်များ၊ ဝေးလံသောသာသနာပြုဌာနများနှင့် အက်ဘော်ရစ်ဂျစ်နလ်နှင့် တော်ရယ်စ်ရေလက်ကြားကွန်းသား လူမျိုးစုအဖွဲ့အစည်းများအားလုံး အကျိုးခံစားခဲ့ကြရသည်။ ခြေနင်းစက်ဖြင့် အားသွင်းရသည့် ရေဒီယိုက ဩစတြေးလျားနိုင်ငံမှ ထူးကဲသော အဖွဲ့အစည်းနှစ်ခုဖြစ်သည့် လေယာဉ်ဖြင့် ပျံသန်းကုသပေးသော တော်ဝင်ကျန်းမာရေး ဝန်ဆောင်မှု (Royal Flying Doctor Service) နှင့် လေလိုင်းစာသင်ကျောင်း (School of the Air) တို့ကိုတည်ထောင်ရန် အထောက်အပံ့ဖြစ်စေခဲ့သည်။

လေယာဉ်ဖြင့် ပျံသန်းကုသပေးသော တော်ဝင်ကျန်းမာရေး ဝန်ဆောင်မှု

ဘုန်းတော်ကြီး ဂျွန်ဖလင်းန် (Reverend John Flynn) သည် ဝေးလံသော လူမှုအဖွဲ့အစည်းများအတွင်း နေထိုင်ခဲ့ပြီး သူတို့နှင့်အတူ အလုပ်လုပ်ခဲ့သည်။ သူ၏ အကြံအစည်မှာ ဝေးလံသော ဒေသနေ လူမမာထံသို့ ဆရာဝန်ကို လေယာဉ်ဖြင့် အမြန်ဆုံးပင့်လာပေးရန် ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် သူသည် အစိုးရ၊ Qantas လေကြောင်းနှင့် အခြားသော ကုသိုလ်ဖြစ် အဖွဲ့အစည်းများထံမှ အကူအညီ ရယူခဲ့သည်။ လေယာဉ်ဖြင့် ပျံသန်းကုသပေးသော တော်ဝင်ကျန်းမာရေး ဝန်ဆောင်မှုသည် 1982 ခုနှစ်တွင် စတင်ခဲ့သော်လည်း ထိုဝန်ဆောင်မှုကို ခေါ်ယူပြီးသုံးနိုင်ခြင်းမရှိသော ဝေးလံသည့် ဒေသနေ လူများစွာရှိခဲ့သည်။ ခြေနင်းစက်ဖြင့် အားသွင်းရသည့် ရေဒီယိုပေါ် ပေါက်လာခြင်းက ပိုမိုဝေးလံသော ဒေသများတွင် နေထိုင်သူ လူအများထံသို့ ဆရာဝန်ကို အမြန်ဆုံးပင့်နိုင်စေခဲ့သည်။

လေလိုင်းစာသင်ကျောင်း

1950 နှစ်များမတိုင်မီက ဝေးလံသည့်ဒေသများတွင် နေထိုင်ကြသော ကလေးများသည် ဘော်ဒါဆောင်ရှိသော ကျောင်းတွင်နေလျှင်နေ၊ မနေလျှင် သူတို့၏ ကျောင်းသင်ခန်းစာများကို စာတိုက်မှတစ်ဆင့် သင်ယူကြရသည် (အထက်ပါပုံအတိုင်း)။ ဩစတြေးလျားနိုင်ငံတောင်ပိုင်းရှိ လေယာဉ်ဖြင့် ပျံသန်းကုသပေးတော်သော တော်ဝင်ကျန်းမာရေး ဝန်ဆောင်မှု၏ ဒုတိယဥက္ကဋ္ဌ အဲဒီလိတ်ဒ် မိသ်ဒေး (Aldlaide Miethke) သည် လေယာဉ်ပျံဖြင့် ပျံသန်းကုသပေးသော ဆရာဝန် ရေဒီယိုနှင့် ဝန်ဆောင်မှုပေးက ကလေးများကို သူတို့၏ ဆရာဆရာမများနှင့် စကားပြောဆိုနိုင်ရန်လည်း ပံ့ပိုးမှုဖြစ်စေလိမ့်မည်ဟု သတိပြုမိသည်။ အဲလစ်စ်စပရင်းဂ် (Alice Springs) ၌ ဝန်ဆောင်ပေးမှုသည် 1948 ခုနှစ်တွင် နှစ်ဦးနှစ်ဘက်ပြောဆိုနားထောင်နိုင်ကြသော သင်ခန်းစများကို စတင်အသံလွှင့်ခဲ့သည်။ လေလိုင်းစာသင်ကျောင်းကို နှစ်အနည်းငယ်ကြာမှ တရားဝင်တည်ထောင်ဖြစ်သည်။ ဩစတြေးလျားနိုင်ငံ၏လေလိုင်းစာသင်ကျောင်းအတွေ့အကြုံသည် အခြားနိုင်ငံများစွာတွင် သူတို့၏ ကိုယ်ပိုင်အလားတူအစီအစဉ်များ ဖွင့်လှစ်ရန် အကူအညီပေးခဲ့သည်။

ယခင်ခြေနင်းစက်ဖြင့်အားသွင်းရသည့် ရေဒီယိုကို တုန်ခါနှိုးမြွှင့်မားသည့် အသံဖမ်းစက်များဖြင့် အစားထိုးခဲ့ကြပြီး ယခုအခါ အင်တာနက်ဖြင့် အစားထိုးအသုံးပြုလျက်ရှိသည်။ တော်ဝင် ကျန်းမာရေးဝန်ဆောင်မှုနှင့် လေလိုင်းပညာသင်ကျောင်းတို့သည် ဩစတြေးလျားနိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသများရှိ လူမှုအဖွဲ့အစည်းများအား ဆက်လက်ဝန်ဆောင်မှု ပေးနေကြပြီး ဆက်လက်အကျိုးပြုဆဲဖြစ်ပါသည်။

သြစတြေးလျားနိုင်ငံ၏ ဝိသေသ

သြစတြေးလျားနိုင်ငံ၏ ဝိသေသကို ကျွန်ုပ်တို့၏ ရှေးဦးတိုင်းရင်းသား ရိုးရာအမွေအနှစ်များ၊ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနှင့် ကျွန်ုပ်တို့ပြည်သူပြည်သားများ၏ မတူကွဲပြားမှုများ၊ ကျွန်ုပ်တို့၏ သမိုင်းကြောင်း၊ ကျွန်ုပ်တို့ နေ့စဉ်ဘဝကို လမ်းပြနေသည့် စံတန်ဖိုးများ၊ ကျွန်ုပ်တို့၏ နေထိုင်မှုပုံစံများနှင့် ကျွန်ုပ်တို့လေးစားရသည့် သြစတြေးလျားနိုင်ငံသားများအပါအဝင် အချက်အလက်ပေါင်းများစွာက ပုံဖော်လျက်ရှိပါသည်။

အပိုင်း 6 ၊ ကျွန်ုပ်တို့၏ သြစတြေးလျားနိုင်ငံ ဇာတ်ကြောင်းသည် ကျွန်ုပ်တို့သမိုင်းကို ပြနေသည်။ ၎င်းသည် သြစတြေးလျားနိုင်ငံ၏ ကိုလိုနီအတိတ်နှင့် အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများ၏ လတ်တလောနှင့် လက်ရှိအချိန်အခြေအနေများနှင့်ဆက်စပ်နေသည့် အကြောင်းအရာများကို မီးမောင်းထိုးပြထားသည်။ ဇာတ်ကြောင်းတွင် သြစတြေးလျားနိုင်ငံ၏ မတူကွဲပြားသော၊ ယဉ်ကျေးမှုပေါင်းစုံသည့် လူဘောင်နှင့် နိုင်ငံတစ်နိုင်ငံအဖြစ် ကျွန်ုပ်တို့အတူရင်ဆိုင်ခဲ့ကြသည့် စစ်ပွဲများကဲ့သို့ စိန်ခေါ်မှုများ၏ မူလဇာစ်မြစ်နှင့် သဘာဝများလည်း ပါဝင်ပါသည်။

ဤအခန်း၏ကျန်အပိုင်းမှာ ကျွန်ုပ်တို့ ကျင့်သုံးနေသည့် ဘဝနေထိုင်မှုပုံစံအချို့နှင့် ကျွန်ုပ်တို့ လေးစားရသည့် ပုဂ္ဂိုလ်အချို့အကြောင်း ဖော်ပြပါမည်။

အားကစားနှင့် အပန်းဖြေမှု

သြစတြေးလျားနိုင်ငံသားများစွာသည် အားကစားကို နှစ်သက်ကြပြီး အများစုမှာ အပြည်ပြည်ဆိုင်ရာ အားကစားအဆင့်တွင် ချီးကျူးရလောက်သော အောင်မြင်မှုများ ရရှိခဲ့ကြသည်။

ကျွန်ုပ်တို့ သမိုင်းတစ်လျှောက်တွင် အားကစားသည် သြစတြေးလျားနိုင်ငံသားများ၏ စရိုက်လက္ခဏာကို ဖြစ်စေကာ ကျွန်ုပ်တို့ကိုလည်း စည်းလုံးညီညွတ်စေခဲ့သည်။ အစဦးပိုင်း အခြေချခြင်းအချိန်များမှ စတင်ပြီး အားကစားသည် ကြမ်းတမ်းပြင်းထန်သော လက်တွေ့ဖြစ်ရပ်များမှ သက်သာမှုရစေခဲ့သည်။ စစ်ဖြစ်ချိန်ကာလများတွင်ပင် သြစတြေးလျားနိုင်ငံတပ်မတော်သည် စစ်မြေပြင်၏ စိတ်ဖိစီးမှုဒဏ်ကို လျော့ပါးစေခြင်းငှာ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။

အားကစားခြင်းသည် ပါဝင်ကစားသူများရော ပွဲကြည့်သူများကိုပါ နှစ်ဦးနှစ်ဘက် စလုံး၌ ပါဝင်စပ်ဆိုင်မှုရှိခြင်းအဖြစ်ကိုလည်းကောင်း၊ သြစတြေးလျားနိုင်ငံလူမှုအဖွဲ့အစည်းအတွက် အရေးပါသော အပိုင်းတစ်ခုအဖြစ်ကိုလည်းကောင်း ဘုံအားဖြင့် ခံစားရစေသည်။ အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြား ကျွန်းသားများနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူ သြစတြေးလျားနိုင်ငံသားများသည် နိုင်ငံ၏ အဓောင်မြင်ဆုံး အားကစားသမားများတွင် ပါဝင်သည်။

သြစတြေးလျားနိုင်ငံသားများစွာသည် အဖွဲ့လိုက်ကစားရသော အားကစားများတွင်ပါဝင်ကြသည်။ ဥပမာ ခရစ်ကတ်၊ ဘတ်စကတ်ဘော၊ နက်တ်ဘောနှင့် ဟော်ကီ။ ဘောလုံး၊ ရပ်ဂ်ဘီလိဂ်၊ ရပ်ဂ်ဘီလိဂ် ယူနီယံနှင့် သြစတြေးလျန်း ရူးလ်စ် ဘောလုံး (‘အော်စီရူးလ်စ်’ (‘Aussie Rules’)) တို့မှာ သြစတြေးလျားနိုင်ငံရှိ ကြည့်ရှုကစားလေ့ရှိသော အလွန်လူကြိုက်များသည့် အားကစားများဖြစ်သည်။ ရေကူး၊ တင်းနစ်၊ ပြေးခုန်ပစ်၊ ဂေါက်ရိုက်၊ စက်ဘီးစီးခြင်း၊ ချိုတောမြေအတွင်း လမ်းလျှောက်ခြင်း၊ ရေလိုင်းစီးခြင်းနှင့် ရေခဲပြင်စကိတ်စီးခြင်းတို့မှာ ရေပန်းစားသော အပန်းဖြေလှုပ်ရှားမှုများ ဖြစ်ကြသည်။

သြစတြေးလျားနိုင်ငံက ခရစ်ကတ်ကစားနည်းတွင် အပြည်ပြည်ဆိုင်ရာ အောင်ပွဲများရခြင်းကို အထူးသဖြင့် ဂုဏ်ယူသည်။ 19 ရာစုနှောင်းပိုင်းမှစတင်ပြီး သြစတြေးလျားနှင့် အင်္ဂလန် ခရစ်ကတ်အသင်းတို့သည် ပြင်းထန်သော ပြိုင်ဆိုင်မှု ရှိနေခဲ့ကြသည်။

‘နိုင်ငံတစ်ခု၏ လုပ်ဆောင်မှုအားလုံးကို ရပ်ဆိုင်းစေသော ပြိုင်ပွဲ’ ဟု ခေါ်တွင်သည့် မယ်လ်ဘွန်းဖလား (Melbourne Cup) ပြိုင်ပွဲသည် ကွမ်္ဘာပေါ်တွင် အကြီးဆုံးမြင်းပြိုင်ပွဲတစ်ခု ဖြစ်သည်။ ပထမဆုံး မယ်လ်ဘွန်းဖလားပြိုင်ပွဲကို 1861 ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ မယ်လ်ဘွန်းဖလားပြိုင်ပွဲကို နှစ်စဉ်နိုဝင်ဘာလ၏ ပထမအင်္ဂါနေ့တွင် ကျင်းပပြီး 1877 ခုနှစ်ကစပြီး ဗစ်ကတိုးရီးယားပြည်နယ်မှာ အများပြည်သူရုံးပိတ်ရက်တစ်ရက် ဖြစ်ပါသည်။

Sir Donald Bradman (1908–2001)

ဆာဒေါ်နယ်ဘရက်ဒ်မဲန်းသည် (Sir Donald Bradman) ခေတ်အဆက်ဆက်တွင် အထူးချွန်ဆုံးခရစ်ကတ်ဘက်ရိုက်သူဖြစ်ပြီး သြစတြေးလျားနိုင်ငံ၏ အားကစားလောကတွင် ကမ္ဘည်းထိုးမှတ်တမ်းတင်ရသူဖြစ်သည်။ သူ့ကို နယူးဆောက်သ်ဝေးလ်စ်ပြည်နယ်၊ ဘိုရယ်လ် (Bowral) မြို့တွင် မွေးဖွားပြီး သြစတြေးလျားနိုင်ငံ ခရစ်ကတ်အသင်းအတွက် 1928 ခုနှစ်တွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။



သူသည် ခြေအလွန်သွက်သူတစ်ဦး ဖြစ်သည်။ 1930 ခုနှစ် အင်္ဂလန်သို့ သူ၏ပထမဆုံးအကြိမ်သွားရောက် ပါဝင်ယှဉ်ပြိုင်ပွဲတွင် သူသည် ဘက်ရိုက်စံချိန်အားလုံးနီးပါးကို ချိုးခဲ့သည်။ အသက် 21 နှစ်အရွယ်တွင်ပင် သူသည် ကမ္ဘည်းထိုးမှတ်တမ်းတင်ရသူ သြစတြေးလျားနိုင်ငံသား ဖြစ်ခဲ့သည်။ 1948 ခုနှစ် သူ၏ နောက်ဆုံးပြိုင်ပွဲခရီးစဉ်တွင် သူ၏အသင်းမှာ အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ပွဲအားလုံးတွင် သူတို့ကသာ အနိုင်ရသဖြင့် ‘မနိုင်စွမ်းနိုင်သူများ’ (The Invincibles) ဟု အများသိလာကြသည်။

အနုပညာလက်ရာများ

ဩစတြေးလျားနိုင်ငံတွင် နိုင်ငံ၏အက်ဘော်ရစ်ဂျင်နယ်နှင့် တောရပြယ်စဉ်ရေလက် ကြားကျွန်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများပါဝင်သည့် အရောင်အသွေးစုံ အနုပညာအခင်းအကျင်းတစ်ခု ရှိပါသည်။ ရုပ်ရှင်၊ ပန်းချီ၊ ပြဇာတ်၊ တေးဂီတနှင့် အကတို့အပါအဝင် ဩစတြေးလျား ရုပ်သံနှင့် ဖြေဖျော်မှု အနုပညာရှင်များမှာ ဩစတြေးလျရော ပြည်ပနိုင်ငံများတွင်ပါ အလွန်ထင်ရှားကျော်ကြားပါသည်။

စာပေ

ဩစတြေးလျားနိုင်ငံတွင် စာပေကဏ္ဍ၌ ခိုင်မာသောအစဉ်အလာတစ်ခု ရှိပါသည်။ ၎င်းသည် အက်ဘော်ရစ်ဂျင်နယ်နှင့် တောရပြယ်စဉ်ရေလက်ကြားကျွန်းသားများ၏ ရိုးရာပုံပြင်များပြောပြခြင်းနှင့် အစပြုခဲ့ပြီး 18 ရာစုနောင်းပိုင်းတွင် ရောက်ရှိလာသော အကျဉ်းသားများအကြောင်းကို နှုတ်အားဖြင့် ပြောပြချင်းအထိ ဆက်လက်ခဲ့သည့် ခိုင်မာသော စာပေအစဉ်အလာရှိပါသည်။

ဩစတြေးလျားနိုင်ငံ၏ ရှေးဦးပိုင်းစာပေများမှာ ချုံတောမြေရိုင်းများနှင့် ထိုမျှ ကြမ်းတမ်းဆိုးရွားလှသည့် ပတ်ဝန်းကျင်တွင် နေခဲ့ကြရသော အခက်အခဲများအကြောင်းကို ဖွဲ့နွဲ့ထားသည်။ ဟင်နရီလော်ဆန် (Henry Lawson) နှင့် မိုင်းလ်စ် ဖရင်ကလင် (Miles Franklin) တို့ကဲ့သို့သော စာရေးဆရာကြီးများမှ ချုံတောမြေရိုင်းများအကြောင်းနှင့် ဩစတြေးလျားလူမျိုးတို့၏ ဘဝနေထိုင်ပုံနှင့်ပတ်သက်၍ ကဗျာများ၊ ပုံပြင်များကို ရေးသားခဲ့သည်။

ဩစတြေးလျားလူမျိုး ဝတ္ထုရေးဆရာ ပက်ထရစ် ဝိုက် (Patrick White) သည် 1973 ခုနှစ်တွင် စာပေဆိုင်ရာ နိုဗယ်ဆု ရရှိခဲ့ပါသည်။ အခြားနာမည်ကြီးခေတ်ပေါ် ဩစတြေးလျားနိုင်ငံသား စာရေးဆရာများမှာ ပီတာကယ်ရီ (Peter Carey)၊ ကောလင်း မက်ကလာ (Colleen McCullough)၊ ရှယ်လီမော်ဂန် (Sally Morgan)၊ တင်မ် ဝင်တန် (Tim Winton)၊ တွမ် ကနဲလ်လီ (Tom Keneally) နှင့် ဘရိုက်စ် ကော့တနီ (Bryce Courtenay) တို့ ပါဝင်ပါသည်။

Judith Wright (1915–2000)

ဂျူးဒစ်သ် ရိုက်ထ် (Judith Wright) သည် ထင်ရှားသော ကဗျာဆရာမတစ်ဦးဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူ တစ်ဦးဖြစ်ပြီး အက်ဘော်ရစ်ဂျင်နယ်တိုင်းရင်းသားများ၏ အခွင့်အရေးများအတွက် လှုပ်ရှားသူ ဖြစ်သည်။ သူမသည် ဩစတြေးလျားနိုင်ငံနှင့် ၎င်း၏ပြည်သူများအပေါ် ထားရှိသည့် သူမ၏မေတ္တာကို ကဗျာများတွင် ဖော်ကျူးခဲ့ပါသည်။ သူမသည် အင်ဆိုက်ကလိုပီးဒီးယား ဗြိတိန် နိုင်ငံ၏ စာပေဆိုင်ရာဆု (Encyclopaedia Britannica Prize) နှင့် ဘုရင်မ၏ ကဗျာဆိုင်ရာ ရွှေတံဆိပ်ဆု (Queen's Gold Medal) အပါအဝင် ဆုပေါင်းများစွာ ချီးမြှင့်ခံခဲ့ရပါသည်။ သူမသည် ဩစတြေးလျားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီနှင့် အက်ဘော်ရစ်ဂျင်နယ် သဘောတူညီမှုဆိုင်ရာကော်မတီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။



ဂျူးဒစ်သ် ရိုက်ထ် ကို ကဗျာဆရာမတစ်ဦးအဖြစ်လည်းကောင်း၊ ဩစတြေးလျားစာပေ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့တွင် တိုးတက်အောင် ဆောင်ရွက်သူအဖြစ်လည်းကောင်း သတိတရရှိကြသည်။

ပြဇာတ်နှင့် ရုပ်ရှင်

ဩစတြေးလျားနိုင်ငံမှ ပြဇာတ်များ၊ ရုပ်ရှင်များနှင့် ရုပ်ရှင်ရိုက်ကူးသူများကို ပြည်တွင်း၌သာမက ပြည်ပကပါ အသိအမှတ်ပြုကြပါသည်။ ဩစတြေးလျားမင်းသား ကိတ်ထ် ဘလယ်နှ်ချက် (Cate Blanchett)၊ ဂျက်ဖရီရပ်ရှ် (Geoffrey Rush)၊ နစ်ကိုးကစ်ဒ်မန် (Nicole Kidman) တို့နှင့် ဟု ဂျက်ခ်မန် (Hugh Jackman) ရုပ်ရှင်ရိုက်ကူးသူ ပီတာဝီယာ (Peter Weir) နှင့် ဘက်ဇ်လာမန် (Baz Luhrmann) တို့မှာ ရုပ်ရှင်ပညာတွင် ထူးချွန်သည့်အတွက် နိုင်ငံတကာအသိအမှတ်ပြုဆု အမြောက်အများဆွတ်ခူးခဲ့ပါသည်။

ပန်းချီအနုပညာ

ဩစတြေးလျားနိုင်ငံ၏ အနုပညာလက်ရာများအနက် ရှေးဦးတိုင်းရင်းသားများ၏ အထင်ကရပန်းချီများနှင့် တောမ် ရောဘတ်စ် (Tom Roberts)၊ ဖရက်ဒရစ် မက်ကဘ်ဘင် (Frederick McCubbin) နှင့် အာသာ စထရီတင် (Arthur Streeton) တို့ကဲ့သို့ ပန်းချီဆရာကြီးများ ၏ 19 ရာစုနှစ် ချုံတောမြေရိုင်းသရုပ်ဖော်ရူခင်းများသည် အများဆုံးအသိအမှတ်ပြုခံရသည်။ 20 ရာစု အလယ်ပိုင်းတွင် အနုပညာရှင် ရပ်ဆလ် ဒရိုင်းဆ်ဒေးလ် (Russell Drysdale) နှင့် ဆစ်ဒနီ နိုလန် (Sidney Nolan) တို့သည် ချုံတောမြေရိုင်းဒေသ၏ ကြမ်းတမ်းခက်ထန်မှုကို ရဲရင့်သော စုတ်ချက်များဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ မကြာသေးမီက ဘရက် ဝိုက်တလီ (Brett Whiteley) သည် သူ၏တမူထူးခြားပြီး သွက်လက်သော ရေးဆွဲဟန်ကြောင့် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုခံရသည်။ အဲလ်ဘတ် နာမတ်ဂျိုးရား (Albert Namatjira)၊ အမ်မလီ ကိမ်း နာဝါးအိုင်း (Emily Kame Kngwarreye)၊ ဂလော်ရီယာ ပတ်တဲရာ (Gloria Petyarre)၊ ရိုဗာတောမတ်စ် (Rover Thomas) နှင့် ကလစ်ဖို့ဒ် ပိုဆမ် တာပဲလ် ဂျာရီ (Clifford Possum Tjapaltjarri) တို့အပါအဝင် ရှေးဦးတိုင်းရင်းသား အနုပညာကို ဩစတြေးလျားနိုင်ငံနှင့် ပြည်ပနိုင်ငံများတွင် သိသိသာသာ လူကြိုက်များပါသည်။

တေးဂီတနှင့် အက

တမုဟုတ်ချင်း အသိသာစေဆုံးသော ဩစတြေးလျားသံစစ်စစ်မှာ ဒစ်ဂျရီဒူး (didgeridoo) ဟုခေါ်သော ရှေးဦးတိုင်းရင်းသားများ၏ ရှေးဟောင်းတူရိယာ၏ အသံဖြစ်သည်။

ဩစတြေးလျားနိုင်ငံသားများသည် ဂီတနှင့်ဆိုင်သော အနုပညာရပ်အားလုံးကို နှစ်သက်ပြီး ထူးချွန်မှုရှိကြသည်။ သူတို့၏ ဂန္ဓဝင်တေး၊ ကျေးလက်ဂီတနှင့် ရော့ခ် တီးမှုတ်သီဆိုခြင်းကို ကမ္ဘာ့တစ်ဝန်းက အသိအမှတ်ပြုကြရသည်။

နာမည်ကျော်ဩစတြေးလျဂီတပညာရှင်များတွင် ကိုင်လီမီနမ် (Kylie Minogue)၊ ဂျင်မီ ဘားန်စ် (Jimmy Barnes)၊ ပေါလ်ကယ်လီ (Paul Kelly)၊ အိုလီဗာ နယူတန်-ဂျွန် (Olivia Newton-John)၊ ဂျွန်ဖာ့ဘမ်း (John Farnham)၊ နစ်ခ်ကေ့ဗ် (Nick Cave) နှင့် ရှေးဦးတိုင်းရင်းသားအနုပညာရှင် အာခီ ရိုခ် (Archie Roach)၊ ဂူရူမယ် (Gurrumul) နှင့် ဂျက်ဆီကာ မောဘွိုင်း (Jessica Mauboy) တို့ ပါဝင်သည်။ AC/DC နှင့် INXS ကဲ့သို့ ဩစတြေးလျားတေးဂီတအဖွဲ့များသည် ကမ္ဘာတစ်ဝန်းလုံးမှ ပရိတ်သတ်ပေါင်း များစွာရရှိခဲ့ပါသည်။

ဩစတြေးလျားအကသည် ဆာရောဘတ် ဟဲလ်ပ်မန်း (Sir Robert Helpmann)၊ မယ်ရီးလ်တန်းကတ် (Meryl Tankard)၊ စတီဖင် ပေ့ခ်ျ (Stephen Page) နှင့် လီကူရှင် (Li Cunxin) တို့ကဲ့သို့ ထူးချွန်အကပညာရှင်ကြီးများနှင့်နှင့် ကကွက်ဖန်တီးသူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုးတက်လာခဲ့ပါသည်။ ဘန်ဂါရာ (Bangarra) မှာ အက်ဘော်ရစ်ဂျင်နယ်နှင့် တောရပ်စ်ရေလက်ကြားကျွန်းသားများ၏ အကကုမ္ပဏီတစ်ခုဖြစ်ပြီး သူ၏တမူထူးခြားသည့် ကနည်းကဟန်၊ အသံနေအသံထား၊ တေးဂီတနှင့် ဒီဇိုင်းကြောင့် နိုင်ငံတဝန်းရော ကမ္ဘာမှာတွင်ပါ အထူးအမွှန်းတင်ခံရပါသည်။

သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုနှင့် ထီထွင်မှုများ

ဩစတြေးလျားနိုင်ငံသားတို့သည် ဆေးပညာ၊ နည်းပညာ၊ စိုက်ပျိုးမွေးမြူရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ရေးနယ်ပယ်တို့တွင် ခိုင်မာသော သိပ္ပံပညာရပ်ဆိုင်ရာ အောင်မြင်မှုမှတ်တမ်းများ ရှိပါသည်။

ဩစတြေးလျားနိုင်ငံသားများစွာမှာ သိပ္ပံနှင့် ဆေးဘက်ဆိုင်ရာ ရှာဖွေတွေ့ရှိမှုများအတွက် နိုဗယ်ဆု ချီးမြှင့်ခံခဲ့ကြရသည်။

သိပ္ပံပညာဆိုင်ရာအောင်မြင်သူများသည်လည်း ထူးချွန်ဩစတြေးလျားနိုင်ငံသားဆုများ ချီးမြှင့်ခံရသည်။ 2005 ခုနှစ်တွင် မီးလောင်ဒဏ်ရာရသူများအတွက် အရေပြားအသစ်ဖြစ်ပေါ်စေသော ဖျန်ဆေးရည် တီထွင်သူ ပါမောက္ခ ဖီယော်နာ ဝုဒ် (Professor Fiona Wood) က ရရှိခဲ့သည်။ 2006 ခုနှစ်တွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထုတ်လုပ်ပေးခဲ့သော ပါမောက္ခ အီယံ ဖရေဇာ (Professor Ian Frazer) က ဆွတ်ခူးသည်။ 2007 ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိပ်တန်းသိပ္ပံပညာရှင် ပါမောက္ခ တင်မ် ဖလယ်နန်ရီ (Professor Tim Flannery) ဆုရရှိခဲ့ပါသည်။

ပါမောက္ခ ဝုဒ် (Professor Wood) နှင့် ပါမောက္ခ ဖရေဇာ (Professor Frazer) တို့နှစ်ဦးစလုံးသည် ဗြိတိန်မှ ဩစတြေးလျနိုင်ငံသို့ ပြောင်းရွှေ့အခြေချသူများဖြစ်ကြသည်။ ပါမောက္ခ ဖရေဇာ၏ ပူးတွဲတီထွင်သူမှာ တရုတ်ပြည်မှ ရွှေ့ပြောင်းလာပြီး ဩစတြေးလျနိုင်ငံသားတစ်ဦးဖြစ်လာသော ကွယ်လွန်သူ ဒေါက်တာ ကျန်ဇိုး (Jian Zhou) ဖြစ်သည်။

Dr Fiona Wood AM
(1958 ခုနှစ်တွင် မွေးဖွားသည်)



ဒေါက်တာဝုဒ်သည် ဩစတြေးလျားနိုင်ငံ၏ ဆန်းသစ်တီထွင်နိုင်စွမ်းအရှိဆုံးနှင့် လေးစားခြင်းအခံရဆုံး ခွဲစိတ်ဆရာဝန်နှင့် သုတေသီတစ်ဦးဖြစ်သည်။ ရုပ်ပြင်ခွဲစိတ်ကုသမှုနှင့် ပုံတူအစားထိုးတည်ဆောက်မှုဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင် ခွဲစိတ်အထူးကုဆရာဝန်တစ်ဦးနှင့် ကမ္ဘာ့ထိပ်တန်း လောင်ကျွမ်းဒဏ်ရာ အထူးကုတစ်ဦးဖြစ်သူ သူမသည် လောင်ကျွမ်းဒဏ်ရာ ဆေးပညာရပ်တွင် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် စွန့်ဦးတီထွင် ကြိုးပမ်းခဲ့ပါသည်။

2002 ခုနှစ် ဘာလီဝုံးပေါက်ကွဲမှုမှ ထိခိုက်ဒဏ်ရာရရှိသူများအား ကုသမှုပေးခဲ့ပြီးနောက် 2003 ခုနှစ်တွင် ဒေါက်တာဝုဒ်သည် ဩစတြေးလျားထူးချွန်သူအဖွဲ့ဝင်တစ်ဦး (Member of the Order of Australia) အဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။ 2005 ခုနှစ်တွင် တစ်နစ်တာအတွက် အတော်ဆုံး ဩစတြေးလျားနိုင်ငံသားဆု (Australian of the Year) ချီးမြှင့်ခံရရှိနိုင်ရန်တွင် လောင်ကျွမ်းဒဏ်ရာများအတွက် သူမ၏ကုသစောင့်ရှောက်မှုများကို အသိအမှတ်ပြုခဲ့ကြပါသည်။

Professor Fred Hollows (1929–1993)

ပါမောက္ခ ဖရက်ဒ်ဟောလိုးစ် (Professor Fred Hollows) သည် ကြင်နာစိတ်ပြင်းပြမှုရှိသော မျက်စိအထူးကုပညာရှင်ကြီး (မျက်စိဆရာဝန်ကြီး) တစ်ဦးဖြစ်ပြီး သြစတြေးလျားနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မျက်စိလူနာပေါင်း တစ်သန်းကျော်ကို မျက်စိအလင်းပြန်ရအောင် ကူညီပေးခဲ့ပါသည်။ ဖရက်ဒ်ဟောလိုးစ်ကို နယူးဇီလန်နိုင်ငံတွင် မွေးဖွားခဲ့ပါသည်။ 1965 ခုနှစ်တွင် သူသည် သြစတြေးလျကိုပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်းမှာ ဆစ်ဒနီဆေးရုံ မျက်စိဌာနတွင် ဌာနမှူးတစ်ဦးဖြစ်လာခဲ့ပါသည်။

သူသည် လူတိုင်းအတွက် တန်းတူညီမျှရေးကို အပြည့်အဝယုံကြည်လက်ခံ ပြီး အက်ဘော်ရစ်ဂျင်နယ်လူမျိုးများ အတွက် ပထမဆုံး ကျန်းမာရေးဝန်ဆောင်မှုကို စတင်ခဲ့သည်။ ယခုအခါ၌ သြစတြေးလျနိုင်ငံတစ်ဝန်းတွင် ထိုဝန်ဆောင်မှုများစွာ ရှိလာပြီဖြစ်သည်။

1980 ခုနှစ်၌ ဖရက်ဒ်ဟောလိုးစ်သည် တစ်ကမ္ဘာလုံး ခရီးလှည့်လည်ကာ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် မျက်စိကုသရေးအစီအစဉ်များ တည်ထောင်ရန် ကူညီခဲ့သည်။ သူသည် 1989 ခုနှစ်တွင် သြစတြေးလျားနိုင်ငံသား ဖြစ်လာခဲ့ပါသည်။

ပါမောက္ခ ဟောလိုးစ်၏ အကျိုးပြုမှုကို ဖရက်ဒ်ဟောလိုးစ် ဖောင်ဒေးရှင်း (Fred Hollows Foundation) မှ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။



ထူးချွန်ဩစတြေးလျားနိုင်ငံသားဆု ရရှိကြသူများ

1960 ပြည့်နှစ်မှစပြီး ထူးထူးချွန်ချွန်အောင်မြင်ပြီး၊ အကျိုးသယ်ပိုးခဲ့ကြသော ထိပ်တန်းဩစတြေးလျားနိုင်ငံသားများကို ရွေးချယ်၍ ထူးချွန်ဩစတြေးလျားနိုင်ငံသားဆုများကို ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ မည်သည့်လုပ်ငန်း၊ လောကအဝန်းမှမဆို ဩစတြေးလျားနိုင်ငံသားတစ်ဦးဦး အား မည်သူကမဆို ဆန္ဒပြုနိုင်သည်။

ထူးချွန်ဩစတြေးလျားနိုင်ငံသားဆုချီးမြှင့်ခံရသူများမှာ သူတို့၏အလုပ်တာဝန်တွင် ထူးချွန်စွာဆောင်ရွက်ကြသူများ၊ နိုင်ငံတော်ကို အများသူငါထက် ပိုမိုထူးကဲစွာ အကျိုးပြုသူများဖြစ်ကြသည်။ သူတို့သည် ပိုမိုကောင်းမွန်သောဩစတြေးလျားနိုင်ငံကို ဖန်တီးရန် ကျွန်ုပ်တို့ ကိုယ်တိုင်ပါဝင်လာရေးအတွက် စိတ်ကူးသစ်များ ရရှိစေပြီး ကျွန်ုပ်တို့အား အကဲစမ်းစိန်ခေါ် ခဲ့သည်။

ဆုများတွင် ထူးချွန်လူငယ် ဩစတြေးလျားနိုင်ငံသား၊ ထူးချွန် သက်ကြီးဩစတြေးလျားနိုင်ငံသားနှင့် ဩစတြေးလျားနိုင်ငံတော်၏ အရပ်ဒေသ သူရဲကောင်းဘွဲ့များဖြစ်ကြသည်။

လက်ရှိနှင့် ယခင်ကဆုရသူများ စာရင်းကို www.australianoftheyear.org.au တွင် ရရှိနိုင်ပါသည်။

ဒေါက်တာ ဂျိမ်းစ် မက်ကီ အေအမ်း (Dr James Muecke AM)



မျက်စိခွဲစိတ်ဆရာဝန်နှင့် မျက်စိကွယ်ခြင်း ကာကွယ်တားဆီးရေး ရှေ့ဦးလုပ်ဆောင်သူ 2020 ထူးချွန်ဩစတြေးလျားနိုင်ငံသားဆု

ဒေါက်တာ မက်ကီသည် သုတေသန၊ ပညာရေး၊ အခြေခံအဆောက်အအုံနှင့် မိတ်ဖက်နိုင်ငံများရှိ လုပ်ဖော်ကိုင်ဖက်များကို လေ့ကျင့်ပေးခြင်းမှတစ်ဆင့် မျက်စိကွယ်ခြင်းကို တိုက်ဖျက်ရန် ရည်ရွယ်ထားသည့် အလှူအသင်းအဖွဲ့တစ်ခု ဖြစ်သော အားလုံးအတွက် အမြင်အာရုံအဖွဲ့ (Sight For All) ကို ပူးတွဲတည်ထောင်သူဖြစ်သည်။

ဒေါက်တာ မက်ကီသည် အမြင်အာရုံဆုံးရှုံးခြင်းသည် လူ့အခွင့်အရေးကိစ္စတစ်ခုဖြစ်ကြောင်း ယုံကြည်လက်ခံထားပြီး လူတိုင်းမြင်နိုင်သည့် ကမ္ဘာတစ်ခုကို ဖန်တီးရန် လုပ်ဆောင်နေသည်။

Professor Michelle Simmons (1967 တွင် မွေးဖွားသည်)



2018 ခုနှစ်တွင် တစ်နှစ်တာအတွက် အတော်ဆုံး ဩစတြေးလျားနိုင်ငံသားဆု (Australian of the Year)

ရရှိခဲ့သည့် ကွမ်တမ်ရူပဗေဒ (quantum physics) ပါမောက္ခဆင်မွန်စ်သည် အက်တမ်အီလက်ထရွန်းနစ်နှင့် ကွမ်တမ်တွက်ချက်မှုပညာတွင် စွန့်ဦးတီထွင်သူဖြစ်သည်။ သူမဦးဆောင်ခေါ် ဝေါ်ခဲ့သည့် "တွက်ချက်မှုဆိုင်ရာ အာကာသပြိုင်ပွဲခေတ်"တွင် ပါမောက္ခဆင်မွန်စ်သည် နစ်ပေါင်းထောင်ချီကြာမြင့်အောင် ဖြေရှင်းရမည့် ပြဿနာများကို မိနစ်ပိုင်းအတွင်း ဖြေရှင်းနိုင်မည့် ကွမ်တမ်ကွန်ပျူတာတစ်လုံးကို တည်ဆောက်နိုင်ရန် မျှော်မှန်းထားသည်။ အဆိုပါ ရှာဖွေတွေ့ရှိမှုသည် ဆေးဝါးဒီဇိုင်းများ၊ ရာသီဥတုခန့်မှန်းချက်၊ ကိုယ်တိုင်မောင်းယာဉ်များ၊ ဥာဏ်ရည်တုများနှင့် အခြားများစွာတို့ကို ပြောင်းလဲပစ်နိုင်မည့် အလားအလာရှိနေပါသည်။

2018 ခုနှစ်တွင် ပါမောက္ခဆင်မွန်စ်သည် သူမ၏လုပ်ဆောင်ချက်များနှင့် ကွမ်တမ်သတင်းအချက်အလက် သိပ္ပံပညာအပေါ် စူးစိုက်နစ်မြုပ်ထားမှုတို့အတွက် တစ်နှစ်တာအတွက် အတော်ဆုံး ဩစတြေးလျားနိုင်ငံသားဆု (Australian of the Year) ချီးမြှင့်ခြင်းခံခဲ့ရသည်။ 2019 ခုနှစ်တွင် သူမသည် သူမ၏ "ကွမ်တမ်ပညာနှင့် အက်တမ်အီလက်ထရွန်းနစ်ပညာရပ်တွင် ဦးဆောင်သူနှင့် စံပြပုဂ္ဂိုလ်အဖြစ် သိပ္ပံပညာအပေါ် ထူးခြားစွာ ပံ့ပိုးပေးခဲ့ခြင်း" ကို အသိအမှတ်ပြုသည့်အနေဖြင့် ဩစတြေးလျားထူးချွန်သူအရာရှိတစ်ဦးအဖြစ် ခန့်အပ်ခဲ့ပါသည်။

ဩစတြေးလျားနိုင်ငံသုံး ငွေကြေး

ကျွန်ုပ်တို့နိုင်ငံသုံးငွေကြေးပေါ်မှ ရုပ်ပြပုံများမှာ ဩစတြေးလျားနိုင်ငံအတွက် အရေးကြီးသော လူပုဂ္ဂိုလ်များနှင့် သင်္ကေတအမှတ်အသားများကို သရုပ်ဖော်သည်။ ကျွန်ုပ်တို့နိုင်ငံသုံးငွေကြေးအပေါ်တွင် ဖော်ပြရန် အရွေးချယ်ခံကြရသော နာမည်ကြီးပုဂ္ဂိုလ်များမှာ ဩစတြေးလျားနိုင်ငံလူမှုအဖွဲ့အစည်း၏ တိုးတက်ပြုပြင်ပြောင်းလဲမှု၊ သိပ္ပံပညာနှင့် နည်းပညာ၊ နိုင်ငံရေး၊ စက်ဘက်ရေးရာထူးခွဲနှိမ်မှုနှင့် အနုပညာလောကများတွင် ဦးဆောင်ဦးရွက်ပြုပြီး လက်ဦးစွမ်းဆောင်ရွင်များနှင့် အထူးပါရမီရှင်များဖြစ်ကြသည်။

ဘုရင်မကြီး Elizabeth II (၁၉၂၆-၂၀၂၂)

ဘုရင်မကြီး Elizabeth II သည် ဩစတြေးလျနိုင်ငံ၏ အဓိပတိ ဖြစ်ခဲ့ပါသည်။ သူမသည် ဩစတြေးလျနိုင်ငံနှင့် ယူနိုက်တက်ကင်ဒန်၏ ဘုရင်မကြီးဖြစ်ခဲ့ပါသည်။ သူမသည် သူမ၏ ရှည်လျားပြီး ကျော်ကြားသည့် အုပ်စိုးစဉ်တစ်လျှောက် ခိုင်မာပြီး တည်ငြိမ်လျက်ရှိခဲ့ပါသည်။



ပါလီမန်လွှတ်တော်နှင့် အဆောက်အဦးရှေ့မျက်နှာစာ အပြောက်အမွှမ်းများ

ပါလီမန်လွှတ်တော်၏ ဖွဲ့စည်းတည်ဆောက်ပုံအစီအစဉ်ကို ပါလီမန်လွှတ်တော်ဆောက်လုပ်ရေးအာဏာပိုင်မှ ပေးသည့် ရှုခင်းပုံဖော်သည့်ဒီဇိုင်း အစီအစဉ်ကိုအခြေခံထားပါသည်။ အဆောက်အဦးရှေ့မျက်နှာစာ အပြောက်အမွှမ်းများကို 'Possum and Wallaby Dreaming' ခေါင်းစဉ်ဖြင့် မိုက်ကယ်နယ်လ်ဆန် ဂျာဂါမရာ (Michael Nelson Jagamara) ရေးဆွဲသည့် အလယ်ပိုင်း သဲကန္တာရ အစက်အပြောက်စတိုင် ပန်းချီကား (Central Desert dot-style painting) ကို အခြေခံထားပါသည်။



Dame Mary Gilmore (1865–1962)

ဒေးမေရီဂီးလ်မိုးသည် (Dame Mary Gilmore) စာရေးဆရာမ၊ သတင်းထောက်၊ ကဗျာဆရာမနှင့် လူမှုအဖွဲ့အစည်းတိုးတက်မှုအတွက် အကျိုးဆောင်ဖြစ်သည်။ သူမ ရေးသားသော စာပေများနှင့်အတူ အမျိုးသမီးများ၊ ဆင်းရဲသားများနှင့် အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စရေလက်ကြားကျွန်းသားများကိုယ်စား ပြောကြားခြင်းများကြောင့် ယနေ့တိုင် သတိရခြင်းခံရသည်။



AB 'Banjo' Paterson (1864–1941)

အင်ဒရူး ဘာတန် ပက်တာဆင်သည် (Andrew Barton Paterson) ကဗျာဆရာ၊ သီးချင်းရေးဆရာနှင့် သတင်းထောက်ဖြစ်သည်။ သူသည် 'ဘင်ဂျို' ပက်တာဆင်အမည်နှင့် ရေးသားခဲ့ပြီး အထူးသဖြင့် ဩစတြေးလျားနိုင်ငံတွင် အထင်ရှားဆုံးဖြစ်သော ရိုးရာသီချင်းဖြစ်သည့် 'ဝေါ့လ်ဇင်း မတီးလ်ဒါ' (Waltzing Matilda) သီချင်းစာသားကြောင့် သတိတရရှိရသည်။



Reverend John Flynn (1880–1951)

ဘုန်းတော်ကြီး ဂျွန် ဖလင်းန်သည် (Reverend John Flynn) ဩစတြေးလျားနိုင်ငံလေယာဉ်ဖြင့် ပျံသန်း၍ ဆေးကုသပေးသည့် တော်ဝန် ဆရာဝန် ဝန်ဆောင်မှုကို စတင်ခြင်းအားဖြင့် ကမ္ဘာ့ပထမဆုံး လေယာဉ်ပျံဖြင့် ပျံသန်း၍ ဆေးကုသသည့် ကျန်းမာရေးဝန်ဆောင်မှုကို စတင်ခဲ့သည်။ သူ့အား ဩစတြေးလျားနိုင်ငံ၏ ဝေးလံသီခေါင်သောနေရာများ၌ ကျန်းမာရေး ဝန်ဆောင်မှုပေးကာ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သဖြင့် အမှတ်တရရှိကြသည်။



Mary Reibey (1777–1855)

မေရီ ရိုက်ဘေးသည် (Mary Reibey) နယူးဆောက်သ်ဝေးလ်စ် ကိုလိုနီအတွင်း ရှေ့ဦးစွန့်စားခဲ့သော အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ဩစတြေးလျားနိုင်ငံသို့ ဆယ်ကျော်သက်ရွယ် ပြစ်ဒဏ်ကျအကျဉ်းသားအဖြစ် ရောက်ရှိအခြေချပြီး လူမှုအဖွဲ့အစည်း၏ လေးစားခံရသော ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။



Edith Cowan (1861–1932)

အီးဒစ်သ် ကိုဝမ်သည် (Edith Cowan) လူမှုရေးဝန်ထမ်း၊ နိုင်ငံရေးသမားနှင့် အမျိုးသမီးများ၏အခွင့်အရေးအတွက် ပြောဟောသူဖြစ်သည်။ သူမသည် ဩစတြေးလျားနိုင်ငံ ပါလီမန်များတွင် ပထမဆုံးရွေးချယ်ခံရသော အမျိုးသမီးဖြစ်သည်။



David Unaipon (1872–1967)

ဒေးဗစ် ယူနေပွန်သည် (David Unaipon) စာရေးဆရာ၊ လူထုပရိတ်သတ်ကို ဟောပြောသူနှင့် တီထွင်သူဖြစ်သည်။ သူသည် သိပ္ပံပညာနှင့် စာပေအပြင် အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများအတွက် ပံ့ပိုးမှုများကြောင့် အမှတ်တရရှိကြသည်။



Sir John Monash (1865–1931)

ဆာ ဂျွန် မိုးနက်ရှ်သည် (Sir John Monash) အင်ဂျင်နီယာ၊ အုပ်ချုပ်စီမံသူဖြစ်သည့်အပြင် ဩစတြေးလျားနိုင်ငံ၏ အထင်ရှားဆုံးသော စစ်ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည်။ သူ၏ဦးဆောင်မှု၊ ဉာဏ်ရည်ထက်မြက်မှုနှင့် နှုတ်စလျှာစတို့ကြောင့် နာမည်ကျော်ကြားသည်။



Dame Nellie Melba (1861–1931)

ဒေးမ် နယ်လီ မဲလ်ဘားသည် (Dame Nellie Melba) ကမ္ဘာကျော်သံစဉ်မြင့် အဆိုတော်တစ်ဦးဖြစ်သည်။ သူမကို 'သီချင်းဘုရင်မ' ဟု ကမ္ဘာကသိကြပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုခံရသည့် ပထမဆုံးသော ဩစတြေးလျား အဆိုတော် ဖြစ်သည်။



နိုင်ငံတော်ဆိုင်ရာနေ့များနှင့် ဂုဏ်ပြုနေ့များ

ဩစတြေးလျားနိုင်ငံဆိုင်ရာ အများပြည်သူရုံးပိတ်ရက်များသည် ဂုဏ်ပြုနေ့ များနှင့် ဥရောပတိုက်သားများ လာရောက်အခြေချခိုနှံမှုစတင်သော ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းမှတ်တိုင်များကို ထင်ဟပ်စေသည်။

ပုံသေသတ်မှတ်ထားသော နေ့ရက်များ

- **နှစ်ဆန်းတစ်ရက်နေ့ ဇန်နဝါရီလ 1 ရက်နေ့**တွင် နှစ်သစ်ကိုကြိုဆိုသည့် အခမ်းအနား ကျင်းပသည်။
- **ဩစတြေးလျားနိုင်ငံနေ့ ဇန်နဝါရီလ 26 ရက်နေ့**သည် ဩစတြေးလျား နိုင်ငံသားတစ်ဦးဖြစ်ရခြင်း၏အဓိပ္ပါယ်ကို အလေးအနက်စဉ်းစားရန်၊ မျက်မှောက်ခေတ်ဩစတြေးလျားပွဲနိုင်ငံကို ဂုဏ်ပြုရန်နှင့် ကျွန်ုပ်တို့၏ ဘုံပိုင်ဆိုင်သည့် သမိုင်းကြောင်းကို အသိအမှတ်ပြုရမည့် အချိန်ဖြစ်သည် ထိုနေ့သည် 1788 ခုနှစ် ဆစ်ဒနီ ပင်လယ်ကွေ့သို့ ပထမဆုံးလှေအုပ်စုတစ်ခု ရောက်ရှိလာသည့် နှစ်ပတ်လည်အထိမ်းအမှတ်နေ့ ဖြစ်သည်။
- **အဲန်းဇက်ခ်နေ့ ဧပြီလ 25** ရက်နေ့ကို ရက်နေ့ကို ဩစတြေးလျားနှင့် နယူးဇီလန် တပ်ဖွဲ့ (ANZAC) တို့ ပထမကမ္ဘာ့စစ်ပွဲကာလ၌ ဂလစ်ပလီ ကမ်းခြေ တက်ရောက်ခြင်းကို အမှတ်တရဂုဏ်ပြုကြသည်။ ထိုနေ့သည် ဝမ်းနည်းစရာနေ့တစ်နေ့ဖြစ်ပြီး စစ်ပွဲ၊ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးလှုပ်ရှားဆောင်ရွက်မှုများမှာ ပါဝင်အမှုထမ်းခဲ့သူများနှင့် အသက်ပေးခဲ့ကြသော ဩစတြေးလျားနိုင်ငံသားများ၏ စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာ ဂုဏ်ပြုကြသည်။ ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းအမျိုးသားနှင့် အမျိုးသမီးတို့၏ သတ္တိနှင့် ယုံကြည်ဆောင်ရွက်ချက်ကိုလည်း လေးစားဂုဏ်ပြုသည့်အပြင် စစ်ပွဲ၏ အခြားအဓိပ္ပါယ်အမျိုးမျိုးကိုလည်း လေးလေးနက်နက်စဉ်းစားပါသည်။
- **ခရစ္စမတ်နေ့ ဒီဇင်ဘာလ 25** ရက်နေ့သည် ရက်နေ့သည် ခရစ်ယန်ဘာသာဝင်များ အမှတ်တရကျင်းပသည့် ယေရှုခရစ်တော် မွေးဖွားသန့်စင်သောနေ့ကို အခြေခံ၍ လက်ဆောင်ပစ္စည်းများပေးသည့်နေ့ ဖြစ်သည်။
- **ဘောက်ဆင်းဒေး ဒီဇင်ဘာလ 26** ရက်နေ့သည် ခရစ္စမတ်ပွဲတော်နှင့် တစ်ဆက်တည်းဖြစ်သည်။

ပြောင်းလဲမှုရှိသော နေ့ရက်များ

- **အလုပ်သမားနေ့ သို့မဟုတ် ရှစ်နာရီနေ့**သည် ကမ္ဘာ့ပထမဆုံးသော အလုပ်သမားရေးရာ အောင်မြင်မှုဖြစ်သည့် ဩစတြေးလျားနိုင်ငံ အလုပ်သမားများက တစ်နေ့လျှင် ရှစ်နာရီ အလုပ်လုပ်ချိန်အတွက် အနိုင်ရခြင်းနေ့ကို အမှတ်တရ အောင်ပွဲခံသည်။
- **အီစတာနေ့**သည် ခရစ်ယန်အယူဝါဒဖြစ်သော ယေရှုခရစ်တော် အသက်စွန့်တော်မူခြင်းနှင့် ပြန်လည်ရှင်သန်ထမြောက်ခြင်းတို့ကို အမှတ်တရ ကျင်းပသည်။
- **ဘုရင်ကြီး၏မွေးနေ့ပွဲ**ကို ဩစတြေးလျနိုင်ငံတော် အဓိပတိဖြစ်သူ ဘုရင်ကြီး ချားလ် တတိယမြောက် (King Charles III) မွေးနေ့တွင် ကျင်းပသည်။ အနောက်ပိုင်း ဩစတြေးလျားပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်မှမှတပါး ပြည်နယ်နှင့် ဒေသအားလုံး၌ ဇွန်လ ဒုတိယပတ် တနလာနေ့တွင် အမှတ်တရ ကျင်းပကြသည်။

အခြားသောအများပြည်သူ ရုံးပိတ်ရက်များ

အခြားသောအများပြည်သူ ရုံးပိတ်ရက်များကို ပြည်နယ်များ၊ ဒေသများနှင့် မြို့တော်များအလိုက် ပြုလုပ်သည်။ ဥပမာ - ဩစတြေးလျားနိုင်ငံမြို့တော်ဒေသက ကယ်နဉ်ဘာရာနေ့၊ တောင်ပိုင်းဩစတြေးလျားပြည်နယ်က စေတနာ့ဝန်ထမ်းများနေ့၊ အနောက်ပိုင်းဩစတြေးလျားပြည်နယ်က အခြေခံအုတ်မြစ်ချနေ့ဟု ကျင်းပကြသည်။

အခြားအရေးကြီးနေ့ရက်များ (အစိုးရရုံးပိတ်ရက် မဟုတ်ပါ)

- **စိတ်သဘောထားညီညွတ်သည့် ရက်သတ္တပတ် ((Harmony Week))** ကို မတ်လ 21 ရက်အပါအဝင် ယင်းရက်သတ္တအတွင်း ကျင်းပပြီး ၎င်းမှာ ကျွန်ုပ်တို့၏ မတူကွဲပြားသည့် ယဉ်ကျေးမှုများကို ဂုဏ်ပြုကျင်းပသည့်ပွဲဖြစ်သည်။
- **စက်တင်ဘာလ 17 ရက် ဩစတြေးလျားနိုင်ငံသားနေ့** ရက် ဩစတြေးလျားနိုင်ငံသားနေ့ သည် ဩစတြေးလျား နိုင်ငံသားများကို ကိုယ်စားပြုသည့် ကျွန်ုပ်တို့၏ဘုံနှောင်ကြိုးကို ချီးကျူးဂုဏ်ပြုသော နေ့ဖြစ်ပြီး ကျွန်ုပ်တို့နိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်ရာတွင် ကျွန်ုပ်တို့ပါဝင်သည့် အခန်းကဏ္ဍကို ထင်ဟပ်စေပါသည်။
- **မေလ 27 ရက်မှ ဇွန်လ ရက်မှ ဇွန်လ 3 ရက်နေ့အထိ အမျိုးသားပြန်လည်သင့်မြတ်သည့် ရက်သတ္တပတ်** ရက်နေ့အထိ အမျိုးသားပြန်လည်သင့်မြတ်သည့် ရက်သတ္တပတ် သည် စည်းလုံးမှုနှင့် အပြန်အလှန်လေးစားမှုကို ထောက်ခံပြီး ပိုမိုတရားမျှတသော၊ တန်းတူညီမျှသောနိုင်ငံတစ်ခု ဖြစ်ပေါ်လာရန် ကျွန်ုပ်တို့ အားထုတ်ကြိုးပမ်းသည့် ရက်သတ္တပတ်ဖြစ်သည်။

ဩစတြေးလျားနိုင်ငံသားများ

ဩစတြေးလျားနိုင်ငံသည် ကမ္ဘာပေါ်တွင် လူမျိုးစုကွဲပြားမှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ သုံးရာခိုင်နှုန်းခန့်မှာ အက်ဘော်ရစ်ဂျင်နလ်နှင့်/သို့မဟုတ် တောရပ်စ်ရေလက်ကြားကျွန်းသားများဖြစ်ကြသည်။ ဩစတြေးလျားနိုင်ငံတွင် အမြဲတန်းနေထိုင်သူများ၏ လေးပုံတစ်ပုံကျော်မှာ နိုင်ငံရပ်ခြားတွင် မွေးဖွားခဲ့ကြပြီး နိုင်ငံပေါင်း 200 ကျော်မှ လာရောက်အခြေချသူများ ဖြစ်ကြသည်။ လူဦးရေတွင် ကွဲပြားခြားနားမှုအမျိုးမျိုးကြောင့် ဩစတြေးလျားနိုင်ငံတွင် ဘာသာစကား၊ ယုံကြည်မှု၊ ရိုးရာဓလေ့နှင့် အစဉ်အလာများ၏ ကွဲပြားခြားနားမှု ကြွယ်ဝသည်။

ဓနသဟာယနိုင်ငံများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဩစတြေးလျားနိုင်ငံသည် ဗြိတိန်နှင့် ရင်းနှီးသောဆက်ဆံရေးရှိသည်။

ဩစတြေးလျားနိုင်ငံများသည် ဩစတြေးလျားနိုင်ငံသားဖြစ်ရခြင်းကို ဂုဏ်ယူကြပြီး ၎င်းမှာ ကျွန်ုပ်တို့၏ မတူကွဲပြားသည့် လူမှုအသိုက်အဝန်းထဲ မှအရေးပါသော စည်းလုံးညီညွတ်မှုနှောင်ကြိုးဖြစ်သည်။ ဩစတြေးလျားနိုင်ငံသားနေ့ကို နှစ်စဉ် စက်တင်ဘာလ 17 ရက်နေ့တွင် ကျင်းပပါသည်။ ၎င်းမှာ ဩစတြေးလျားနိုင်ငံသားများအတွက် ကျွန်ုပ်တို့နိုင်ငံကို တည်ဆောက်ရာနှင့် ကျွန်ုပ်နိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ရာတွင် ကျွန်ုပ်တို့၏ အခန်းကဏ္ဍကိုထင်ဟပ်စေသည့် နေ့ရက်တစ်ရက် ဖြစ်သည်။

ဩစတြေးလျားနိုင်ငံ၏ စီးပွားရေး

ဩစတြေးလျားနိုင်ငံတွင် တည်ငြိမ်မြဲ ပြိုင်ဆိုင်မှုအားကောင်းသော စီးပွားရေးတစ်ရပ်ရှိသည့်အပြင် ၎င်း၏အရောင်းအဝယ်စုံညီပြီး ကျွမ်းကျင်မှုရှိသော လုပ်သားထုကို တန်ဖိုးထားသည်။ ဩစတြေးလျားနိုင်ငံသားများ ရရှိခံစားနေကြသော လူနေမှုအဆင့်မှာ ကမ္ဘာပေါ်တွင် အမြင့်များဆုံးအနက် တစ်ခုအပါအဝင် ဖြစ်သည်။

Dick Smith (1944 ခုနှစ်တွင် မွေးဖွားသည်)



ဒစ်ခ် စမစ်သည် (Dick Smith) သည် ဩစတြေးလျားနိုင်ငံ၏ စီးပွားရေး လုပ်ငန်းရှင်၊ စွန့်စားသူနှင့် လူသားမျိုးနွယ်ကို ချစ်ခင်တတ်သူဖြစ်သည်။ သူသည် အီလက်ထရွန်နစ်စီးပွားရေးလုပ်ငန်းဖြင့် စတင်ပြီးအောင်မြင်ခဲ့ပြီး မိမိ၏ ဥစ္စာဓနကိုသုံးကာ ဩစတြေးလျားနိုင်ငံတိုးတက်မှုကို လုပ်ဆောင်ခဲ့သည်။ သူသည် ဩစတြေးလျားကုန်ပစ္စည်းများကိုသာ သုံးစွဲသော အစားအသောက်လုပ်ငန်းကို စတင်ခဲ့၍ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းများစွာကို ဩစတြေးလျားနိုင်ငံသားများက ဆက်လက်ပိုင်ဆိုင်နေကြရေးအတွက် ကြိုးပမ်းခဲ့သည်။

သူသည် 1986 ခုနှစ်တွင် ထူးချွန်ဩစတြေးလျားနိုင်ငံသားဘွဲ့ အပ်နှင်းခံရပြီး နည်းပညာပိုင်းဆိုင်ရာတွင် တိုးတက်အောင်မြင်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအတွက်လည်း ဆုချီးမြှင့်ခံရသည်။ သူသည် ဩစတြေးလျားနိုင်ငံအပေါ်မှနှင့် တက်စမေးနီးယား ပင်လယ်အပေါ်မှ ပိုးပျံလူဖောင်းဖြင့် ပထမဆုံး ဖြတ်သန်းခဲ့သူလည်း ဖြစ်သည်။ သူ၏စွန့်စားလိုစိတ်ရှိခြင်း၊ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ခြင်းနှင့် မျိုးချစ်စိတ်ဓာတ်တို့ကြောင့် နာမည်ကြီးသည်။

စီးပွားရေး ဈေးကွက်

ဩစတြေးလျားနိုင်ငံ၏ တည်ငြိမ်မြဲ ခေတ်မီသော ငွေကြေးဆိုင်ရာ လုပ်ငန်းများနှင့် ဝင်ငွေခွန်နှင့် ရောင်းဝယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများက စီးပွားရေး လုပ်ငန်းများကို ခိုင်မာမှုရှိစေသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများမှ ဩစတြေးလျားနိုင်ငံ၏ အမျိုးသား စုစုပေါင်း ကုန်ထုတ်လုပ်မှု (gross domestic product) ပမာဏကို သိသိသာသာ ထုတ်လုပ်ပေးပါသည်။

ဩစတြေးလျားနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုက ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခုကို ဖြစ်စေသည်။ ဩစတြေးလျားနိုင်ငံ၏ စတော့ဈေးကွက်သည်လည်း အာရှပစိဖတ်ဒေသတွင် အကြီးဆုံးဈေးကွက်တစ်ခုဖြစ်သည်။

ကုန်သွယ်ရေး

ဩစတြေးလျားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုးရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် ဗြိတိန်နိုင်ငံတို့ ဖြစ်သည်။ ဩစတြေးလျားနိုင်ငံ၏ အဓိကပို့ကုန်မှာ ကျောက်မီးသွေး၊ သံသတ္တုရိုင်း၊ သဘာဝဓါတ်ငွေ့ရည်နှင့် ပညာရေးနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ ဖြစ်သည်။ စီးပွားရေးစနစ်မှာ တံခါးဖွင့်စီးပွားရေးစနစ်ဖြစ်ပြီး ကုန်သွယ်မှုသည် ဩစတြေးလျား၏ စီးပွားရေးကြီးပွားချမ်းသာမှုကို အဓိကထောက်ပံ့ပေးသည်။

သတ္တုတွင်းလုပ်ငန်း

ဩစတြေးလျားနိုင်ငံသည် ကျောက်မီးသွေး၊ ကြေးနီ၊ သဘာဝဓာတ်ငွေ့ရည်နှင့် သတ္တုရော သံမြေများကဲ့သို့ သယံဇာတများကြွယ်ဝသည်။ ၎င်းတို့ကို ကမ္ဘာတစ်ဝန်းလုံးတွင် များစွာလိုအပ်မှုရှိသည်။

ကမ္ဘာ့နိုင်ငံသားတစ်ဦးအနေနှင့် ဩစတြေးလျားနိုင်ငံ

ဩစတြေးလျားနိုင်ငံသည် ကမ္ဘာ့နိုင်ငံသားတစ်ဦးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်သည်။ ဩစတြေးလျားလူမျိုးတို့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဆင်းရဲနွမ်းပါးကြသူများကို ကူညီခြင်းဖြင့် သက်သေထူသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးပံ့ပိုးမှုများနှင့် ထောက်ထားစာနာမှုဆိုင်ရာ ကြိုးပမ်းမှုများ

ဩစတြေးလျားနိုင်ငံအစိုးရ၏ အပြည်ပြည်ဆိုင်ရာငွေကြေးပံ့ပိုးမှု အစီအစဉ်များက ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆင်းရဲမွဲတေမှုလျော့ချပြီး စဉ်ဆက်ထိန်းသိမ်းနိုင်စွမ်းရှိသော တိုးတက်ဖွံ့ဖြိုးမှုရရှိအောင် ပံ့ပိုးသည်။ ဤပံ့ပိုးမှုကို ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများနှင့် အစိုးရများကို ကူညီပေးခြင်းဖြင့် ပံ့ပိုးပေးသည်။

နိုင်ငံတွင်းနှင့် နိုင်ငံရပ်ခြားတွင် သဘာဝဘေးအန္တရာယ်ကြုံကြရသောအခါ ဩစတြေးလျားနိုင်ငံသားများက ရက်ရောစွာကူညီပေးကမ်းနိုင်စွမ်းကို ပြသကြသည်။ စဉ်ဆက်မပြတ် ဘေးဒုက္ခခံစားနေကြရသော နိုင်ငံများကိုလည်း တစ်ဦးတစ်ယောက် လူဒါန်းမှုများနှင့် ဩစတြေးလျား၏ ငွေကြေးပံ့ပိုးမှု အစီအစဉ်မှတစ်ဆင့် ပံ့မှန်လူဒါန်းပါသည်။

2018 ခုနှစ်တွင် ဒေါက်တာ ရစ်ချတ်ဟာရစ် (Dr Richard Harris) နှင့် ဒေါက်တာ ခရိတ်ခ်ချဲလန် (Dr Craig Challen) တို့ကို ထိုင်းနိုင်ငံရှိ ရေအောက်ဂူစနစ်တစ်ခုမှ ဆယ်ကျော်သက် 12 ယောက်နှင့် ၎င်းတို့၏ ဘောလုံးနည်းပြဆရာကို ကယ်ဆယ်ခဲ့သည့် ၎င်းတို့၏အားထုတ်မှုများအတွက် ဩစတြေးလျားသူကောင်းဆု (OAM) နှင့်အတူ ဒုတိယအမြင့်ဆုံးဩစတြေးလျား အခဲရင့်ဆုံးဘွဲ့၊ သူရသတ္တိဘွဲ့ ကြယ်တံဆိပ်ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်လှုပ်ရှားမှု

1945 ခုနှစ်၌ ကုလသမဂ္ဂ (UN) တွင် စတင်အဖွဲ့ဝင်သည့်အချိန်မှစပြီး ဩစတြေးလျားနိုင်ငံသည် တက်ကြွသော အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်နေသည်။ ဩစတြေးလျားနိုင်ငံသည် 1951 ခုနှစ်၌ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ပဋိညာဉ်စာတမ်းပါအတိုင်း ဒုက္ခသည်များဟု သတ်မှတ်ခံထားရသူများကို ကာကွယ်စောင့်ရှောက်မှုပေးပါသည်။ ၎င်းသည် ကုလသမဂ္ဂငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင်၎င်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို စာနာထောက်ထားမှုအရနှင့် အရေးပေါ်အခြေအနေအရ ကူညီရာတွင်၎င်း ပါဝင်လှုပ်ရှားပြီး ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုရေးရာ အဖွဲ့တွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသည်။

1971 ခုနှစ်တွင် ဩစတြေးလျားနိုင်ငံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း (OECD) ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။ OECD မှ ကမ္ဘာ့ကုန်သွယ်ရေးကို တိုးချဲ့ဆောင်ရွက်နေစဉ် ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေးနှင့် လူမှုဘဝကြံခိုင်သန်စွမ်းရေး တိုးတက်အောင်ဆောင်ရွက်ရန် ရည်မှန်းထားသည်။

ဩစတြေးလျားနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာစွာအားပေးသည်။ ၎င်းသည် အာရှပစိဖိတ်ဒေသ စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှု၊ အရှေ့အာရှ ထိပ်သီးအဖွဲ့နှင့် ပစိဖိတ်ကျွန်းဒေသ အဖွဲ့အစည်းတို့တွင် တက်ကြွစွာပါဝင်သော အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၎င်းသည် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့အစည်းအပြန်အလှန်ဆွေးနွေးရေး ပါတနာဖြစ်ပြီး ၎င်း၏ဒေသတွင်း ဆွေးနွေးပွဲတွင် ပါဝင်ပါသည်။

Dr Catherine Hamlin AC (1924 ခုနှစ်တွင် မွေးဖွားပြီး –2020 ခုနှစ်တွင် သေဆုံးသည်)

ဒေါက်တာ ကက်သရင်းဟယ်မ်လင် (Catherine Hamlin) သည် မီးယပ်ပါရဂူတစ်ဦးဖြစ်ပြီး အီသီယိုပီးယားနိုင်ငံမှ အမျိုးသမီးငယ်များစွာကို တစ်သက်တာဆင်းရဲဒုက္ခကြုံကြရခြင်းမှ ကင်းဝေးစေခဲ့သည့်အတွက် နာမည်ကျော်ကြားသည်။ 1959 ခုနှစ်မှစပြီး ကက်သရင်း ဟယ်မ်လင်သည် အီသီယိုပီးယားနိုင်ငံ အက်ဒစ်အဘာဘာမြို့တွင် 'အော့ဘ်စတတက်ထရစ် ဖစ်စ်ကျူလာ' ခေါ် မီးဖွားစဉ်ဖြစ်တတ်သော နှစ်ဖက်ပွင့်ရောဂါဖြစ်သူများကို ကုသပေးခဲ့သည်။ ဤအတွင်းပိုင်းထိခိုက်ဒဏ်ရာ ရရှိထားသည့် အမျိုးသမီးများသည် မိမိတို့၏ခန္ဓာကိုယ်၏ ပုံမှန်လှုပ်ရှားမှုများကို မထိန်းချုပ်နိုင်ကြတော့သဖြင့် အရှက်တကွဲ ဖြစ်ပြီး အသိုင်းအဝိုင်းမှ ဝိုင်းပယ်ခြင်းကို ခံကြရသည်။

ဒေါက်တာဟယ်မ်လင်နှင့် သူမ၏ခင်ပွန်းသည် အက်ဒစ်အဘာဘာ ဖစ်စ်ကျူလာဆေးရုံကို တည်ထောင်ခဲ့ကြသည်။ သူတို့၏ကြိုးပမ်းမှုများက ထောင်ပေါင်းများစွာသော အမျိုးသမီးများကို မိမိတို့၏အိမ်သို့ပြန်ကြကာ ပုံမှန်အတိုင်း လုံးဝပကတိကျန်းမာသော ဘဝဖြင့်နေထိုင်နိုင်စေခဲ့သည်။

1995 ခုနှစ်တွင် ဒေါက်တာ ဟယ်မ်လင်အား ဩစတြေးလျားနိုင်ငံမှ အမြင့်ဆုံး'ချီ'မြှင့်သည့် ဩစတြေးလျားနိုင်ငံတော်၏ သူရဲကောင်းဘွဲ့ (Companion of the Order of Australia) ကို ချီးမြှင့်သည်။



ဩစတြေးလျားနိုင်ငံတော်၏ နိဘယ်ဆုရှင်များ

ဩစတြေးလျားနိုင်ငံသည် သိပ္ပံနည်းပညာနှင့် ဆေးပညာဆိုင်ရာ သုတေသန လုပ်ငန်းများအတွက် နာမည်ရသည်။ ဤနယ်ပယ်များတွင် အောက်ပါဩစတြေးလျနိုင်ငံသားများ နိဘယ်ဆု ချီးမြှင့်ခံရသည်။

- ပါမောက္ခ ဝီလီယံဘရက်ဂ် (Professor William Bragg) (1862–1942) နှင့် လောရင့်စ်ဘရက်ဂ် (Lawrence Bragg) (1890–1971) ရူပဗေဒပညာရှင်များ
  ဝီလီယံဘရက်ဂ် (ဖခင်) နှင့် လောရင့်စ်ဘရက်ဂ် (သား) တို့သည် 'သူတို့၏ပုံဆောင်ခဲဖွဲ့စည်းပုံကို အိတ်စရေး ဓာတ်ရောင်ခြည်များသုံးကာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့်' 1915 ခုနှစ်တွင် ရူပဗေဒပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲဆွတ်ခူးကြသည်။
- ဆာ ဟောင်းဝဲ့ဒ် ဖလော်ရီ (Sir Howard Walter Florey) (1898–1968) ရောဂါဗေဒပညာရှင်ကို
  တောင်ဩစတြေးလျားပြည်နယ် အဲ့ဒေလိတ်ဒ်မြို့တွင် မွေးဖွားခဲ့ပြီး ဟောင်းဝဲ့ဒ် ဖလော်ရီသည် 'ပယ်နီဆလင်ကိုငင်း၊ ကူးစက်ရောဂါအမျိုးမျိုးအပေါ် ပယ်နီဆလင်၏ ကုသနိုင်စွမ်းကိုငင်း စတင်တွေ့ရှိခဲ့သဖြင့်' 1945 ခုနှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ဆာ ဖရင့်ခ် မက်ဖာလိန်း ဘာနက် (Sir Frank Macfarlane Burnet) (1899–1985) ဆေးပညာဆိုင်ရာ သိပ္ပံပညာရှင်နှင့် ဇီဝဗေဒပညာရှင်
  ဗစ်တိုးရီးယားပြည်နယ်တွင် မွေးဖွားခဲ့ပြီး ဖရင့်ခ် ဘာနက်သည် 'မွေးရာပါ မဟုတ်သော၊ ခန္ဓာကိုယ်၏ခုခံစွမ်းအားဆိုင်ရာ တုန့်ပြန်မှုကို စတင်တွေ့ရှိခဲ့သဖြင့်' 1960 ပြည့်နှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ဆာ ဂျွန် ကယ်ရူး အက်ကလစ်စ် (Sir John Carew Eccles) (1903–97) သက်ရှိသတ္တဝါများ၊ အစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပညာရှင်
  ဂျွန် အက်ကလစ်စ်ကို မဲလ်ဘွန်းမြို့တွင် မွေးဖွားခဲ့ပြီး 'အာရုံကြောဆိုင်ရာ ကလာပ်စည်း အမြွေးပါး၏အဖျားပိုင်းနှင့် အလယ်ပိုင်းများ၌ ဖြစ်ပေါ်သော ကြွက်တက်မှုနှင့် တားဆီးပိတ်ဆို့မှုတွင် အိုင်ယွန်းလှုပ်ရှားမှုများ၏ ပတ်သက်ပုံကို စတင်တွေ့ရှိခဲ့သဖြင့်' 1963 ခုနှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ဆာ ဘာနက် ကတ်ဇ် (Sir Bernard Katz) (1911–2003) မှာ သမားတော်တစ်ဦးနှင့် ဇီဝရူပပညာရှင်တစ်ဦးဖြစ်ပြီး
  ဂျာမနီတွင် မွေးဖွားခဲ့သည်။ ဘာနက် ကတ်ဇ်သည် 1941 ခုနှစ်တွင် ဩစတြေးလျားနိုင်ငံသားတစ်ဦး ဖြစ်လာခဲ့သည်။ သူသည် 'အာရုံကြောအစွန်အဖျားများတွင် ခန္ဓာကိုယ်ခုခံအားအရည် ထုတ်လွှတ်မှုများနှင့် ၎င်းတို့အား ထိန်းသိမ်းထားမှု၊ ထုတ်လွှတ်မှုနှင့် သွားလာမှုစသည့် အဂါအစိတ်အပိုင်းလုပ်ဆောင်မှုဆိုင်ရာ စတင်ရှာဖွေတွေ့ရှိမှုများအတွက်' 1970 ပြည့်နှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ရရှိခဲ့သည်။
- ပါမောက္ခ ဂျွန် ဝါးကပ်ပ် ကောန်ဖော့သ် (Professor John Warcup Cornforth) (1917–2007) ဓါတုဗေဒပညာရှင်
  ဂျွန် ကောန်ဖော့သ်ကို ဆစ်ဒနီမြို့တွင် မွေးဖွားကာ 1975 ခုနှစ်တွင် 'အင်ဇိုင်းမ် အထောက်အကူပြု ဓာတ်တုန့်ပြန်ပြောင်းလဲမှုများဆိုင်ရာ ဓာတုဗေဒပညာရပ်ကိုကြိုးပမ်းလေ့လာခဲ့သဖြင့်' ဓာတုဗေဒပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ပါမောက္ခ ပီတာ ဒိုဟာတီ (Professor Peter Doherty) (1940 ပြည့်နှစ် မွေးဖွားသည်) ခန္ဓာကိုယ်၏ ခုခံအားဆိုင်ရာ ပညာရှင်
  ပီတာ ဒိုဟာတီကို ကွင်းစလန်ပြည်နယ်တွင် မွေးဖွားပြီး 'ခန္ဓာကိုယ်၏ ကလာပ်စည်းမှတဆင့် ဖြစ်ပေါ်သော တားဆီးခုခံအား၏ ထူးခြားမှုကို စတင်တွေ့ရှိခဲ့သဖြင့်' 1996 ခုနှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ပါမောက္ခ ဘယ်ရီ မာရှယ်လ် (Professor Barry Marshall) (1951 ခုနှစ်တွင် မွေးဖွားသည်) အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများဆိုင်ရာ ပညာရှင်နှင့် ဒေါက်တာ ရော်ဘင် ဝါရယ်န် (Doctor Robin Warren) (1937 ခုနှစ်တွင် မွေးဖွားသည်) ရောဂါဗေဒပညာရှင်
  ဘယ်ရီ မာရှယ်လ်နှင့် ရော်ဘင် ဝါရယ်န်တို့သည် 'ဟယ်လီကို ဘက်ခ်တာ ပိုင်လောရီ ရောဂါပိုးကိုငင်း၊ အစာအိမ်ရောင်ခြင်း၊ အစာအိမ်နှင့် အူသိမ်ရောဂါဖြစ်ခြင်းအပေါ် ထိုရောဂါများ၏ အကျိုးသက်ရောက်မှုကိုငင်း စတင်တွေ့ရှိသဖြင့်' ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို 2005 ခုနှစ်တွင် ပူးတွဲချီးမြှင့်ခံရသည်။
- ပါမောက္ခ အယ်လီဇဘက်သ် ဟယ်လန်န် အလက်ဇန်းန် (Professor Elizabeth Helen Blackburn) (1948 ခုနှစ်တွင် မွေးဖွားသည်) ဇီဝဗေဒပညာရှင်
  အယ်လီဇဘက်သ် အလက်ဇန်းန်သည် ဟိုးဘတ်တွင် မွေးဖွားခဲ့ပြီး၊ 'တီလော်မီရယ်စ်နှင့် တီလော်မီရေစ် အင်ဇိုင်းတို့က ခရိုမိုဆုန်းများအား မည်သို့ကာကွယ်ပေးသည်ကို စတင်တွေ့ရှိခဲ့သဖြင့်' 2009 ခုနှစ်တွင် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာရပ်ဆိုင်ရာ နိဘယ်ဆုကို ပူးတွဲချီးမြှင့်ခံရသည်။
- ပါမောက္ခ ဘရိုင်ယန် ပီ ရှမိဒ် (Professor Brian P. Schmidt) (1967 ခုနှစ်တွင် မွေးဖွားသည်) နက္ခတ္တဗေဒပညာရှင်
  ဘရိုင်ယန် ပီ ရှမိဒ်သည် 'အဝေး၌ ပူးရှစ္စာတောက်ပနေသော ကြယ်တစ်ပွင့်ကို ဧလ့လာခြင်းဖြင့် စကြဝဠာ၏ တိုးချဲ့မှုနှုန်းကို စတင်ရှာဖွေတွေ့ရှိသဖြင့်' 2011 ခုနှစ်တွင် ရူပဗေဒပညာရပ်ဆိုင်ရာ နိဘယ်ဆု ပူးတွဲရရှိခဲ့သည်။

အောက်ပါဩစတြေးလျားနိုင်ငံသားသည် စာပေဆိုင်ရာ နိဘယ်ဆုရရှိခဲ့သည်။

- ပက်ထရစ် ဝိုက်ထ် (Patrick White) (1912–90) စာရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာ
  လန်ဒန်မြို့၌ ဩစတြေးလျားမိဘများမှ မွေးဖွားခဲ့ပြီး ပက်ထရစ် ဝိုက်ထ်သည် 'စာပေလောကတွင် ကဏ္ဍကြီးတစ်ခုစတင်ဖြစ်ခဲ့သော ကြီးကျယ်ခမ်းနားပြီး၊ စိတ်လှုပ်ရှားမှုများနှင့် ပတ်သက်သည့် နောက်ကြောင်းပြန်ပြောသည့်နည်းဖြင့် စတင်ရေးသားခဲ့သဖြင့်' 1973 ခုနှစ်တွင် စာပေဆိုင်ရာ နိဘယ်ဆုကို ချီးမြှင့်ခံရသည်။



အပိုင်း ခြောက်

ကျွန်ုပ်တို့၏ သြစတြေးလျားနိုင်ငံ ဇာတ်ကြောင်း

ကျွန်ုပ်တို့၏ ဩစတြေးလျားနိုင်ငံ ဇာတ်ကြောင်း

ကျွန်ုပ်တို့၏ ဩစတြေးလျားနိုင်ငံ ဇာတ်ကြောင်းကို လူပေါင်းများစွာ၊ အဖြစ်အပျက်ပေါင်းများစွာတို့က ပုံဖော်ထားပါသည်။

အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများ

ဩစတြေးလျားနိုင်ငံ၏ ပထမဦးဆုံးနေထိုင်သူများမှာ အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများဖြစ်ပြီး ၎င်းတို့တွင် ကမ္ဘာပေါ်မှာ သက်တမ်းအကြာဆုံး စဉ်ဆက်မပြတ်ရှိရှာယဉ်ကျေးမှုများနှင့် ထုံးတမ်းစဉ်လာများ ရှိပါသည်။

ရှေးဟောင်းသုတေသနမှတ်တမ်းများအရ အက်ဘော်ရစ်ဂျစ်နယ်လူမျိုးများသည် ဩစတြေးလျားတိုက်သို့ လွန်ခဲ့သော နှစ်ပေါင်း 65,000 မှ 40,000 ခန့်ကြားတွင် ရောက်ရှိခဲ့ကြသည်ဟု ဖော်ပြသည်၊ သို့သော် အက်ဘော်ရစ်ဂျစ်နယ် လူမျိုးများက ၎င်းတို့သည် ဤတိုင်းပြည်အား ဖန်တီးခဲ့သည့်အတိတ် ဇာတ်ကြောင်းပုံပြင်များ၏ ဗဟိုချက်ဖြစ်ပြီး ၎င်းတို့၏ ဖန်တီးမှုအတိတ်ဇာတ်ကြောင်းများမှာ အချိန်စတင်ချိန်ကပင် စတင်ခဲ့သည်ဟု ယုံကြည်ကြသည်။

အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများတွင် ယနေ့အချိန်အထိ ၎င်းတို့ကို လမ်းညွှန်ပေးသည့် အလွန်ရှေးကျသည့် အယူအဆများနှင့် ထုံးတမ်းစဉ်လာများ ရှိသည်။ ၎င်းတို့တွင် ၎င်းတို့၏ပုံပြင်များ၊ အနုပညာနှင့် အကတို့တွင် ဖော်ကျူးထားသည့် နိုင်ငံနှင့်ပတ်သက်၍ လေးနက်သောဆက်နွယ်မှုတစ်ခု ရှိသည်။

ဘာသာစကားများ

ဗြိတိသျှတို့အခြေမချမီ အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများက ဘာသာစကားအမျိုးပေါင်း 700 ကျော်ပြောဆိုခဲ့ကြသည်။ ဘာသာစကားအမျိုးပေါင်း နှစ်ဆယ်ခန့်အောက်သာ ကလေးငယ်များထံသို့ လက်ဆင့်ကမ်းနေဆဲဖြစ်သော်လည်း ဘာသာစကား 100 ကျော်ကို ယနေ့ထိတိုင် သုံးစွဲနေကြပါသည်။ နူတ်ဖြင့်ပြောကာ လက်ဆင့်ကမ်းခဲ့ကြသော ရှေးဦးတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများသည် ဤမြေနှင့် လူများအကြောင်းတို့ကို ဆင့်ပြန်ထားသဖြင့် အလွန်ပင်အရေးကြီးသည်။

စိတ်ကူးယဉ်ခြင်း

စိတ်ကူးယဉ်ခြင်းမှာ အက်ဘော်ရစ်ဂျစ်နယ်တိုင်းရင်းသားတို့၏ ဘဝကို လမ်းညွှန်ပေးနေသော ဗဟုသုတ၊ ယုံကြည်မှုနှင့် အလေ့အကျင့်စနစ်ကို ဖော်ပြရန် မကြာခဏအသုံးပြုသည့် အနောက်တိုင်းစကားရပ်တစ်ခု ဖြစ်သည်။

စိတ်ကူးယဉ်ခြင်းဆိုင်ရာ ပုံပြင်များကို မိဘများနှင့် လူကြီးသူမတို့က ကလေးများကို ပြောပြကြသည်။ ဤပုံပြင်များက ကလေးများအား သူတို့၏ ကုန်းမြေဖြစ်ပေါ် လာပုံနှင့် မည်သို့နေထိုင်မှုအစပြုလာကြသည်တို့ကို သင်ပြပေးပါသည်။ ပုံပြင်များမှ ကလေးများကို လက်တွေ့ကျပြီး တန်ဖိုးရှိသော သင်ခန်းစာများ၊ ဥပမာ - ချို့တောမြေရိုင်းများရှိ မည်သည့်နေရာတွင် အစားအစာများကို ရှာဖွေရမည်ကို သင်ပေးပါသည်။

စိတ်ကူးယဉ်ခြင်းဆိုင်ရာ ပုံပြင်များကို တေးဂီတ၊ သီချင်းနှင့် အကတို့ကို အသုံးပြု၍ ပြောပြကြသည်။ အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများ သီချင်း သီဆိုခြင်းနှင့် ကခြင်းပြုလျှင် မိမိတို့၏ဘိုးဘေးများနှင့် နက်ရှိုင်းစွာသော ဆက်သွယ်မှုကို ခံစားကြရသည်။

ရှေးဦးတိုင်းရင်းသားများ၏ အနုပညာမူရင်းသဏ္ဌာန်မှာ ကျောက်ထွင်းလက်ရာများ သို့မဟုတ် ပန်းချီများနှင့် မြေပေါ် ဆွဲသော ပုံစံများဖြစ်ကြသည်။ ဩစတြေးလျားနိုင်ငံ အလယ်ပိုင်းမှ လူတို့မှာ စိတ်ကူးယဉ်ခြင်းဆိုင်ရာ မြေ သို့မဟုတ် ပုံပြင်များကို သရုပ်ဖော်ရန် အစက်အပြောက်များ၊ စက်ဝိုင်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ သီးသန့်သင်္ကေတများကို အသုံးပြု၍ ပန်းချီအနုပညာကိုယ်စားပြုပုံများ ရေးဆွဲကြပြီး ဩစတြေးလျားနိုင်ငံ မြောက်ပိုင်းမှလူတို့မှာမူ လူများ၊ တိရစ္ဆာန်များ၊ သင်္ကေတများနှင့် ဝိညာဉ်လောကဆိုင်ရာပုံများကို ရေးဆွဲကြသည်။

စိတ်ကူးယဉ်ခြင်းဟူသည် ရှေးဦးတိုင်းရင်းသားတို့အတွက် ယနေ့တိုင် ဆက်လက်အရေးပါဆဲဖြစ်သည်။



ကာကဒူး အက်ဘော်ရစ်ဂျစ်နယ် အနုပညာ

ဩစတြေးလျားတိုက်တွင် ပထမဆုံးခြေချသော ဥရောပတိုက်သားများ

ဥရောပတိုက်သားတို့၏ ရှေးဦးပိုင်းနယ်မြေသစ် ရှာဖွေလေ့လာရေးခရီးများ

17 ရာစုတွင် ဥရောပတိုက်သား နယ်မြေသစ်ရှာဖွေလေ့လာသူများက သူတို့အခေါ် အရ 'တယ်ရာလစ်စ် ဩစတြေးလစ်စ် အင်နိကော်ဂနီးတာ' ဟု ခေါ်တွင်သော တောင်ပိုင်းအရပ်ဒေသရှိ လူများမသိကြသေးသောနယ်မြေ၏ အစိတ်အပိုင်းအချို့ကို ရှာဖွေတွေ့ရှိကြသည်။ 1606 ခုနှစ်တွင် ဒတ်ချ်လူမျိုး ဝီလယ်မ် ယန်ဇူးန် (Willem Janszoon) သည် ဩစတြေးလျားနိုင်ငံမြောက်ဖျားရှိ ကိတ်ပ် ရော့ခ် အင့ (Cape York Peninsula) အနောက်ဘက်ခြမ်းကို တိုင်းတာကာမြေပုံဆွဲခဲ့သည်။ ထိုအချိန်ဝန်းကျင်မှာပင် လူဝီဗယ်စ် ဒေတောရယ်စ် (Luís Vaez de Torres) ဦးဆောင်သည့် စပိန်သင်္ဘောတစ်စီးသည် ဩစတြေးလျားတိုက်မြောက်ဖျားရှိ ရေလက်ကြားမှ ရွက်လွှင့်သွားခဲ့သည်။



နယူးဟော်လန်၏ အက်ဘဲလ် တပ်စ်မယ်န် မြေပုံ၊ 1644

1600 ပြည့်နှစ်များနောင်းပိုင်းတွင် ဒတ်ချ်သင်္ဘောသားများသည် ဩစတြေးလျားတိုက်အနောက်ပိုင်းကမ်းခြေကို တွေ့ရှိလေ့လာခဲ့ကြပြီး ဤမြေကို 'နယူးဟော်လန်' (New Holland) ဟု ခေါ်ခဲ့ကြသည်။

1642 ခုနှစ်တွင် အေဘယ်လ် တတ်စမန် (Abel Tasman) သည် နယ်မြေသစ်တစ်ခု၏ ကမ်းခြေကို ရှာဖွေတွေ့ရှိပြီး 'ဖန် ဒီးမဲန်း လဒန်းဒ်' (Van Diemen's Land) (ယခု တက်စမေးနီးယား) ဟု အမည်ပေးခဲ့သည်။ သူသည် ဩစတြေးလျားနိုင်ငံ၏ ကမ်းခြေမိုင်ပေါင်း ထောင်ပေါင်းများစွာကိုလည်း တိုင်းတာခဲ့သည်။ သူ၏မပြည့်စုံသောမြေပုံအရ သူ့အနေနှင့် ဤနေရာသည် မြောက်ဘက်ရှိ ပါပူအာ နယူးဂီနီနှင့် ဆက်နေသည်ဟု ယူဆခဲ့ကြောင်း ပေါ်လွင်သည်။

ဝီလီယမ် ဒယ်မ်ပါ (William Dampier) သည် ဩစတြေးလျားမြေပေါ် အခြေချသည့် ပထမဆုံးသော အင်္ဂလိပ်လူမျိုးဖြစ်သည်။ 1684 ခုနှစ်တွင် အနောက်မြောက်ဘက်ကမ်းခြေတွင် သူခြေချခဲ့သည်။ ထိုမြေနေရာ၏ ခြောက်သွေ့ပြီး ဖုန်ထူထပ်မှုအရ ကုန်ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် အိမ်ခြေရာခြေတည်ထောင်ရေးအတွက် အသုံးဝင်မည်ဟု သူက မယူဆခဲ့ပါ။

ကပ္ပတိန် ဂျိမ်းစ် ကွတ်ခ် (Captain James Cook)

1770 ပြည့်နှစ်တွင် ဩစတြေးလျားအရှေ့ဘက်ကမ်းခြေသို့ အင်္ဂလိပ်လူမျိုး ဂျိမ်းစ် ကွတ်ခ် မရောက်ရှိမီတွင် ၎င်းနေရာကို ဥရောပတိုက်သားများ မလေ့လာခဲ့ကြပါ။ ကွတ်ခ်ကို ဗြိတိသျှအစိုးရက ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၌ အများမတွေ့ရှိသေးသည့်နေရာများသို့ ရှာဖွေရေးခရီးထွက်ရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။ သူသည် အရှေ့ဘက်ကမ်းခြေကို တိုင်းတာပြီး မြေပုံထုတ်ကာ သူ၏ သင်္ဘော အန်ဒီဗော် (Endeavour) ကို ယနေ့ ဆစ်ဒနီ၏ တောင်ဘက်သာသာတွင်ရှိသော ဘော်တနီ ပင်လယ်အော် (Botany Bay) တွင် ကမ်းကပ်ခဲ့သည်။ ဂျိမ်းစ် ကွတ်ခ်က ဤနေရာကို 'နယူးဆောက်သ်ဝေးလ်စ်' ဟု အမည်ပေးကာ တတိယမြောက်ကျော်ဘုရင် (King George III) ၏ ပိုင်နက်အဖြစ် ကြေငြာခဲ့သည်။

ပြစ်ဒဏ်ကျအကျဉ်းသားများကို ပို့ဆောင်ခြင်း

ဩစတြေးလျားနိုင်ငံက အများနှင့်မတူ ထူးခြားသည့်အချက်မှာ နိုင်ငံတွင် ပထမဆုံးခြေချခဲ့သော ဥရောပတိုက်သားများသည် ပြစ်ဒဏ်ကျအကျဉ်းသားများ ဖြစ်ကြခြင်းကြောင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက လွတ်လပ်ရေးရသွားသောအခါ ဗြိတိန်နိုင်ငံက မိမိတို့၏ ပြစ်ဒဏ်ကျအကျဉ်းသားများကို ဆက်လက်မပို့နိုင်တော့ပေ။ ဗြိတိသျှအကျဉ်းထောင်များတွင် အလွန်ပြည့်ကျပ်လာသည်။ 1786 ခုနှစ်တွင် ဂရိတ်ဗြိတိန်က ပြစ်ဒဏ်ကျအကျဉ်းသားအချို့ကို ကိုလိုနီနယ်မြေသစ် နယူး ဆောက်သ်ဝေးလ်စ်သို့ ပို့ရန် ဆုံးဖြတ်လိုက်ကြသည်။

ပထမဆုံးသော ကိုလိုနီ

ကိုလိုနီနယ်မြေသစ် နယူး ဆောက်သ်ဝေးလ်စ်၏ ပထမဆုံးသော ဘုရင်ခံမှာ ကပ္ပတိန် အာသာ ဖိလစ်ပ် (Captain Arthur Phillip) ဖြစ်သည်။ သူသည် ဗြိတိန်မှ သင်္ဘော 11 စီးကို အခြားကမ္ဘာတစ်ဘက်ခြမ်းသို့ အန္တရာယ်ကင်းစွာ ယူဆောင်လာပြီး 'ပထမသင်္ဘောအုပ်စု' ကို 1788 ခုနှစ်၊ ဇန်နဝါရီလ 26 ရက်တွင် ဆစ်ဒနီပင်လယ်ကွေ့သို့ ဦးနှင်လာခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည် ဤနေ့ဤရက်၏နှစ်ပတ်လည်ကို ဩစတြေးလျားနိုင်ငံနေ့ဟု နှစ်စဉ်အမှတ်တရ ကျင်းပကြသည်။


1788 ခုနှစ်တွင် ဗြိတိန်မှ ရွက်လွှင့်ထွက်လာပြီး Sydney Cove၌ ဆိုက်ကပ်ခဲ့သော ပထမသင်္ဘောအုပ်စု

အခြေချနေထိုင်မှု ကနဦး အစနစ်များ

ကိုလိုနီအခြေချနေထိုင်မှု ကနဦးအစနစ်များသည် ခက်ထန်ကြမ်းတမ်းခဲ့သည်။ လူအများ အစာမငတ်စေရအောင် သေချာဆောင်ရွက်ရန်အတွက် ဘုရင်ခံ ဖိလစ်ပ်သည် သူကိုယ်တိုင်နှင့် သူ၏အရာရှိများအပါအဝင် လူတိုင်းအတွက် ရိက္ခာခွဲတမ်းတစ်မျိုးတည်း သတ်မှတ်ခဲ့သည်။ သူ၏ပိုင်းခြားဝေဖန်တတ်သော အသိဉာဏ်နှင့် ခိုင်မာသောသန္ဓိဌာန်တို့က အခက်အခဲများပြားခဲ့သည့် ရှေးဦးနှစ်များတွင် ကိုလိုနီကို ဆက်လက်ရှင်သန်စေရန် အထောက်အပံ့ဖြစ်စေခဲ့သည်။

ပြစ်ဒဏ်ကျအကျဉ်းသားများသည် ကနဦးအခြေချနေထိုင်ချိန်တွင် ကြီးစားလုပ်ကိုင်ခဲ့သည်။ ပြစ်ဒဏ်ပြီးဆုံးကြသူများသည် လွတ်လပ်သူများဖြစ်လာကြပြီး လူမှုအဖွဲ့အစည်းအတွင်းဝင်ကာ အလုပ်လုပ်ကြသည်၊ မိသားစုများ တည်ထောင်ကြသည်။

အခွင့်အလမ်း အသစ်များ

ဩစတြေးလျားနိုင်ငံ၏ ပထမဆုံးသော ဥရောပတိုက်သားလူဦးရေတွင် အင်္ဂလိပ် ၊စကော့၊ ဝေလနှင့် အိုင်းရစ်ရှ် လူမျိုးတို့ပါဝင်ကြသည်။ စကော့၊ ဝေလနှင့် အိုင်းရစ်ရှ်တို့သည် အတိတ်က အင်္ဂလိပ်တို့နှင့် မကြာခဏ စစ်မက်ဖြစ်ပွားခဲ့ကြသော်လည်း ဩစတြေးလျားနိုင်ငံတွင်မူ ဤလူမျိုးစုလေးစုသည် စည်းစည်းလုံးလုံး နေထိုင်လုပ်ကိုင်ကြသည်။

ပြစ်ဒဏ်ကျအကျဉ်းသားများနှင့် ယခင်က အကျဉ်းသားဖြစ်ခဲ့ကြသူများသည် ကိုလိုနီတွင် အခွင့်အလမ်းသစ်များ စတင်တွေ့ရှိကြသည်။ ယခင်က အကျဉ်းသားဖြစ်ခဲ့ကြသူများသည် ကုန်သည်များအဖြစ် မိမိတို့ပိုင် စီးပွားရေးလုပ်ငန်းများကို တည်ထောင်လာကြသည်။ အခြားသောသူများသည် လယ်သမားများ၊ ကုန်သည်များ၊ စျေးဆိုင်ရှင်များနှင့် အရက်ဆိုင်ပိုင်ရှင်များ ဖြစ်လာကြသည်။

Caroline Chisholm (1808–77)

ကယ်လိုရိုင်း ချစ်ဇန်မ် (Caroline Chisholm) သည် ကိုလိုနီများ၏ ရှေးဦးအစပိုင်းတွင် အိမ်ထောင်မရှိကြသေးသူအမျိုးသမီးများ၏ အခြေအနေကို တိုးတက်စေခဲ့သော လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ထိန်တန်းဦးဆောင်ခဲ့သူ ဖြစ်သည်။ သူမသည် ဩစတြေးလျားသို့ သူမ၏စစ်ဗိုလ်ခင်ပွန်းသည်၊ ကလေး ငါးယောက်တို့နှင့်အတူ 1838 ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ သူမသည် ဆစ်ဒနီလမ်းများပေါ်တွင် နေကြသော ပြောင်းရွှေ့အခြေချ အမျိုးသမီးများကို အကူအညီပေးခဲ့သည်။ နှစ်အနည်းငယ်အတွင်း သူမသည် ကိုလိုနီနယ်မြေအတွင်း ရွှေ့ပြောင်းသွားလာနေသော အမျိုးသမီးများအတွက် အဆောင် 16 ဆောင် ဆောက်လုပ်ခဲ့ပါသည်။



သူမသည် ကိုလိုနီများသို့ လူများခရီးသွားရာ၌ သဘော်ပေါ်တွင် ပိုမိုကောင်းစွာ နေထိုင်နိုင်ကြရန် အထူးကြိုးစားခဲ့သည်။ ထို့အပြင် သူတစ်ပါးကို အားကိုးနေရခြင်း၊ ဆင်းရဲမွဲတေခြင်း သံသရာတို့ကို ဖြတ်တောက်ရန်အတွက် သူမသည် စားစရာနေစရာမရှိကြသောသူများအား ငွေချေးသည့် အစီအစဉ်တစ်ရပ်ကို စီစဉ်ပေးခဲ့သည်။

ယနေ့ကာလတွင် ဩစတြေးလျားနိုင်ငံ ကျောင်းအတော်များများကို ကယ်ရိုလိုင်း ချစ်ဇန်မ်အား ဂုဏ်ပြုပြီး အမည်ပေးကြသည်။ သူမကို 'ပြောင်းရွှေ့အခြေချသူများ၏ မိတ်ဆွေ' ဟု သိရှိပြီး လူအများ ဘဝသစ်စတင်နိုင်ကြရန် မမောနိုင်မပန်းနိုင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် နာမည်ကြီးသည်။

ဘုရင်ခံ မက်ကောရီ (Governor Macquarie)

ဘုရင်ခံ ဖိလစ်ပ်ကဲ့သို့ပင် ဘုရင်ခံ လာ့ခ်လန် မက်ကောရီ (Governor Lachlan Macquarie) သည်လည်း ကျွန်ုပ်တို့၏ သမိုင်းအစပိုင်းတွင် အရေးကြီးသော နေရာတွင်ရှိခဲ့သည်။ သူသည် နယူးဆောက်သ်ဝေးလ် ကိုလိုနီကို 1810 မှ 1821 ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး ၎င်းကို အကျဉ်းသားကိုလိုနီကဲ့သို့ မဟုတ်ဘဲ လွတ်လပ်စွာ အခြေချသည့် နေရာတစ်နေရာအဖြစ် ဖော်ဆောင်ခဲ့သည်။ သူသည် လယ်ယာစိုက်ပျိုးရေးစနစ်ကို တိုးတက်စေပြီး လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အများပြည်သူဆိုင်ရာ အဆောက်အဦများကို ဆောက်လုပ်ခဲ့ပြီး ဩစတြေးလျားတိုက်အား လေ့လာခြင်းကို အားပေးခဲ့သည်။

ဘုရင်ခံ မက်ကောရီသည် ပညာရေးအတွက်လည်း ရန်ပုံငွေထည့်ပေးပြီး တစ်ချိန်က အကျဉ်းသားဖြစ်ခဲ့ကြသူများ၏ ရပိုင်ခွင့်များကို လေးစားခဲ့သည်။ သူသည် တစ်ချိန်က အကျဉ်းသားဖြစ်ခဲ့ကြသူများထဲမှ အချို့ကို တရားသူကြီးများအဖြစ်၎င်း၊ ပြည်သူ့ဝန်ထမ်းများအဖြစ်၎င်း တာဝန်ပေးခဲ့သည်။

ဘုရင်ခံ မက်ကောရီကို ကိုလိုနီအဖို့ ထူခြားကောင်းမွန်သော ပြောင်းလဲမှုများ ဖြစ်စေခဲ့သည့်အတွက် သူ့အား သမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ကြရသည်။ နယူးဆောက်သ်ဝေးလ်စ်ပြည်နယ်ရှိ မက်ကောရီတက္ကသိုလ်သည် သူ့အား ဂုဏ်ပြုပြီး အမည်ပေးထားခြင်းဖြစ်သည်။

ပြစ်ဒဏ်ကျအကျဉ်းသား ဘိုးဘွားအမွေများ

ဘုရင်ခံ၏ရာထူးအဆင့်သည် လူတစ်ဦးတည်းအတွက် လုပ်ပိုင်ခွင့်အာဏာ များလွန်းသည်ဟု ယူဆကြသဖြင့် 1823 ခုနှစ်တွင် နောက်ဘုရင်ခံအား အကြံပေးရန်နှင့် ကိုလိုနီကို ပြန်လည်ဖွဲ့စည်းရန်အတွက် နယူးဆောက်သ်ဝေးလ်စ် ဥပဒေပြုကောင်စီကို ဖွဲ့စည်းခဲ့သည်။

ဗြိတိန်နိုင်ငံမှနေ၍ အကျဉ်းသားများပို့ခြင်းကို နယူးဆောက်သ်ဝေးလ်စ်တွင် 1840 နှစ်တွင်၎င်း၊ တက်စမေးနီးယားကို 1852 ခုနှစ်တွင်၎င်း၊ အနောက်ပိုင်းဩစတြေးလျားတွင် 1868 ခုနှစ်တွင်၎င်း ရပ်ဆိုင်းခဲ့သည်။ ဩစတြေးလျားသို့ အကျဉ်းသား စုစုပေါင်း 160,000 ဦးကျော်ကို ပို့ဆောင်ခဲ့သည်။ အကျဉ်းသားဖြစ်ခဲ့သူများနှင့် ရွှေ့ပြောင်းအခြေချသူများအကြားဝယ် ခွဲခြားမှု တဖြေးဖြေးမှေးမှိန်ပျောက်ကွယ်သွားသည်။ 1850 ပြည့်နှစ်များမှစပြီး ကိုလိုနီနယ်မြေတွင် အခြေချသူများသည် မိမိတို့ဘာသာ အုပ်ချုပ်မှုရှိကြပြီး အများကလေးစားကြည်ညိုရသော လူအဖွဲ့အစည်းများ တည်ထောင်လိုကြသည်။ ဩစတြေးလျားနိုင်ငံသားများစွာတို့သည် ၎င်းတို့၏အကျဉ်းသား အမွေအနှစ်များအတွက် ဂုဏ်ယူလာကြသည်။

အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စစ်ရေလက်ကြားကျွန်းသားများသည် ဥရောပတိုက်သားများ အခြေချနေထိုင်မှုနောက်ပိုင်း ရောက်ရှိလာကြသည်။

1788 ခုနှစ် ဥရောပတိုက်သားများ အခြေချနေထိုင်မှုအစတွင် ဩစတြေးလျား တွင် အက်ဘော်ရစ်ဂျင်နယ်နှင့် တောရယ်စစ်ရေလက်ကြားကျွန်းသားများ 750,000 နှင့် 1.4 သန်းကြား ရှိခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။ ထိုအရေအတွက်တွင် သီးခြားနိုင်ငံငယ်ပေါင်း 250 ခန့်ရှိပြီး ဘာသာစကားအုပ်စု 700 ကျော် ပါဝင်သည်။

ဩစတြေးလျားတိုက်တွင် ၎င်း၏ကိုလိုနီများကို အခြေချနေထိုင်သည့်အခါ ဩတိသျှအစိုးရသည် အက်ဘော်ရစ်ဂျင်နယ်လူမျိုးတို့နှင့် သဘောတူစာချုပ် မချုပ်ဆိုခဲ့ပါ။ ဩတိသျှအာဏာပိုင်များအနေဖြင့် သူတို့သည် နိုင်ငံကိုသိမ်းပိုက်ရန် တရားဝင် အခွင့်အရေးရှိကြောင်း လက်ခံယုံကြည်ခဲ့ကြသည်။

အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စစ်ရေလက်ကြားကျွန်းသားများတွင် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးများရှိခဲ့ကြပြီး ရှေးပဝေသဏီကပင် ဤမြေနှင့် ဆက်စပ်မှုရှိခဲ့ကြသည်။ မိမိတို့၏ကိုယ်ပိုင်အုပ်ချုပ်မှုအောက်တွင် နေလာခဲ့ကြသည့်သူများသည် ယခုအခါ အသစ်ဝင်လာသူများ၏ ဥပဒေများကို လက်ခံရန် ဖိအားပေးခံလာရသည်။ အသစ်ဝင်လာသူများကို လာရောက်ကြရန် ဖိတ်ခေါ်ထားခြင်းမဟုတ်သဖြင့် ၎င်းတို့ကို အများအားဖြင့် လက်ကမ်းမကြိုဆိုခဲ့ကြပါ။

အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စစ်ရေလက်ကြားကျွန်းသားများ၏ ဘဝသည် ဩတိသျှကိုလိုနီများ ရောက်ရှိလာခြင်းကြောင့် ကြီးမားစွာပြောင်းလဲလာခဲ့သည်။ ကိုလိုနီများမှ လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးအမိန့်များ ချမှတ်ရန် ကြိုးပမ်းလာသဖြင့် အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရပြီး နိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ တိရစ္ဆာန်သစ်များ၊ အပင်သစ်များနှင့် ရောဂါသစ်များ စတင်ရောက်ရှိလာခဲ့သည်။

အက်ဘော်ရစ်ဂျင်နလ်လူမျိုးများကို မထိခိုက်စေရန်အတွက် အစောပိုင်းဘုရင်ခံများကို ပြောထားခဲ့သော်လည်း ဩတိသျှအခြေချနေထိုင်သူများသည် ၎င်းတို့၏ နယ်မြေများကို ကျူးကျော်လာသဖြင့် အက်ဘော်ရစ်ဂျင်နလ်လူမျိုး အများအပြား သေဆုံးခဲ့ရသည်။ အခြေချနေထိုင်လာသူများကို ထိုကဲ့သို့ပြစ်မှုများကျူးလွန်ခြင်းအတွက် အပြစ်ပေးခြင်း မခံခဲ့ရပါ။

အက်ဘော်ရစ်ဂျင်နယ်လူမျိုးအချို့နှင့် ဥရောပတိုက်သား အခြေချနေထိုင်လာသူများသည် အတူတကွငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြပါသည်။ အချို့အခြေချနေထိုင်လာသူများသည် အက်ဘော်ရစ်ဂျင်နလ်လူမျိုးများကို သိုးနှင့် နွားမွေးမြူရေးခြံများတွင် အလုပ်လုပ်ရန်ငှားရမ်းခဲ့ကြပါသည်။ ဘုရင်ခံ မက်ကောရီသည် အဘော်ရစ်ဂျင်နလ်တိုင်းရင်းသားများကို မွေးမြူရေး အတွက် ၎င်းတို့ကိုယ်ပိုင်နယ်မြေများ ပေးခဲ့ပြီး အက်ဘော်ရစ်ဂျင်နလ် ကလေးငယ်များအတွက် ကျောင်းတစ်ကျောင်း တည်ထောင်ပေးခဲ့သည်။ သို့သော်လည်း အက်ဘော်ရစ်ဂျင်နလ်တိုင်းရင်းသားတို့မှာ ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ ထုံတမ်းစဉ်လာများ မပျောက်ပျက်လိုသည့်အတွက် အလွန်နည်းပါးသည့် အက်ဘော်ရစ်ဂျင်နလ်တိုင်းရင်းသားများကသာ အခြေချနေထိုင်လာသူများနေထိုင်သကဲ့သို့ နေထိုင်လိုခဲ့ကြသည်။

အက်ဘော်ရစ်ဂျင်နလ်လူမျိုးအများအပြား နယ်မြေလုစစ်ပွဲများတွင် အသတ်ခံခဲ့ရသည်။ တိကျသည့်အရေအတွက်ကို မသိရှိသဖြင့် အက်ဘော်ရစ်ဂျင်နလ်လူမျိုး ထောင်ပေါင်းများစွာ အသက်ခံခဲ့ရကြောင်း ခန့်မှန်းထားသည်။ ဥရောပတိုက်သားများ ယူဆောင်လာသည့် ရောဂါများကြောင့် အက်ဘော်ရစ်ဂျင်နလ်တိုင်းရင်းသား အရေအတွက်ပို၍ပင် များပြားစွာ သေဆုံးခဲ့ကြရသည်။ အက်ဘော်ရစ်ဂျင်နလ်တိုင်းရင်းသားတို့၏ ဘဝဆုံးရှုံးမှုမှာ အလွန်ကြီးမားခဲ့သည်။

သမိုင်းကြောင်း မှတ်တိုင်များ

ကုန်းတွင်းပိုင်း စူးစမ်းလေ့လာရေး

နယူးဆောက်သ်ဝေးလ်စ်တွင် ရှေးဦးပိုင်းကိုလိုနီအခြေချသူများသည် ကြမ်းတမ်းခက်ထန်သော ဘဝနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စစ်ရေလက်ကြားကျွန်းသားများသည် ဤပတ်ဝန်းကျင်အခြေအနေမျိုးတွင် နေထိုင်ရှင်သန်ကြရန်အတွက် အတွေ့အကြုံရှိထားသူများ ဖြစ်ကြလင့်ကစား သူတို့သည်ပင် မိုးခေါင်ရေရှားချိန်များ၌ ငတ်မွတ်ခြင်းဒဏ်ကို ခံကြရသေးသည်။

(ဆစ်ဒနီ၏အနောက်ဘက် 50 ကီလိုမီတာခန့်တွင်ရှိသော) ဘလူးမောင်တိန်စ် (Blue Mountains) သည် ဆစ်ဒနီ၏အစောပိုင်း ကုန်းတွင်းလေ့လာစူးစမ်းသူများကို ကြီးမားသော အခက်အခဲများ ဖြစ်စေခဲ့သည်။ 1813 ခုနှစ်တွင် ဂရီဂေါရီ ဘလက်စ်လယ်နှ် (Gregory Blaxland)၊ ဝီလီလျံ ဝင်းစ် ဝဲန်တန်ပါသ် (William Charles Wentworth) နှင့် ဝီလီလျံ လော်စန် (William Lawson) ဆိုသူ လူသုံးဦးသည် နောက်ဆုံးတွင် ဤတောင်တန်းကြီးကို ဖြတ်ကျော်နိုင်ခဲ့ကြသည်။ ယခုအခါတွင် ဘလူးမောင်တိန်စ်ကို ဖြတ်သောကားလမ်းနှင့် ရထားလမ်း သည် သူတို့အသုံးပြုခဲ့သောလမ်းကြောင်းအတိုင်း ဖြစ်သည်။

ထိုတောင်တန်းကြီး၏အခြားတစ်ဘက်တွင်မူ စူးစမ်းလေ့လာသူများက သိုးနှင့် နွားမွေးမြူရေးအတွက် သင့်လျော်သော မြေပြန့်ကို တွေ့ရှိကြသည်။ ကုန်းတွင်းပိုင်းသို့ ပိုပြီးရောက်ရှိသောအခါ ခြောက်သွေ့ပြီး သဲကန္တရဆန်သော နေရာကို ရောက်ကြသည်။

ဥရောပတိုက်သားစူးစမ်းလေ့လာသူများသည် ရေရှာရန်ခက်ခဲပြီး အသက်ရှင်သန်ရေးအတွက် လောက်ငသောအစားအစာကို သယ်ရန်ခက်ခဲမှု ကြုံကြသည်။ ဂျာမနီနိုင်ငံဖွား လူဒ်ဝစ်ခ် လိုက်ခ်ဟာ့ဒ် (Ludwig Leichhardt) ဆိုသူ စူးစမ်းလေ့လာသူသည် ဩစတြေးလျားတိုက်ကို အရှေ့ဘက်မှ အနောက်ဘက်သို့ဖြတ်ရန် 1848 ခုနှစ်တွင် ကြိုးစားရင်း ပျောက်ဆုံးသွားခဲ့သည်။

1860 ခုနှစ်တွင် ရောဘတ် အိုဟာရာ ဘာ့ခ် (Robert O'Hara Burke) နှင့် ဝီလီလျံ ဂျွန် ဝီးလ်စ် (William John Wills) ဆိုသူတို့သည် ဩစတြေးလျားတိုက်ကို တောင်ဘက်မှ မြောက်ဘက်သို့ ဖြတ်သန်းရန် ခရီးစတြသည်။ သူတို့သည် ကြီးမားသောလေ့လာရေးအဖွဲ့ကြီးတစ်ခုကို ဦးဆောင်ခဲ့ကြသော်လည်း သူတို့၏စွန့်စားရေးခရီးမှာ အလွန်ခက်ခဲခဲ့သည်။ ဘာ့ခ်နှင့် ဝီးလ်စ်တို့သည် ချုံတောတွင်နေထိုင်ကြသော အတွေ့အကြုံရှိသူများ မဟုတ်ကြပါ။ သူတို့၏ခရီးတွင် အက်ဘော်ရစ်ဂျင်နယ် ယန်ဒရူဝါန်ဒါ (Yandruwandha) လူမျိုးတို့၏ ကျွမ်းကျင်သောအကူအညီကို ရရှိခဲ့ကြသော်လည်း စူးစမ်းလေ့လာသူနှစ်ဦးစလုံးသည် အပြန်လမ်းခရီးတွင်သေဆုံးခဲ့ကြသည်။ ဘာ့ခ်နှင့် ဝီးလ်စ်တို့က သူတို့၏လေ့လာရေးခရီးကို အဆုံးမသတ်နိုင်ခဲ့ကြသော်လည်း သူတို့အကြောင်းကို ပန်းချီနှင့် စာပေတွင် မှတ်တမ်းတင်ကြသည်။ ဤဝမ်းနည်းဖွယ် အဖြစ်အပျက် ကျွန်ုပ်တို့၏မြေသည် မည်မျှကြမ်းတမ်းသည်ကို နမူနာပြသည်။



အခြေချသူများနှင့် ရှေ့ဦးစွန့်စားသူများ

အခြေချသူများက မြေကောင်းနေရာကောင်းရရှိထားခဲ့သည်တိုင် ဘဝမှာ ကြမ်းတမ်းခဲ့လေသည်။ ရေလုံခြင်း သို့မဟုတ် မိုးခေါင်ရေရှားခြင်းကာလများ ပြီးဆုံးသောအခါ အခြေချနေထိုင်သူများမှာ ၎င်းတို့၏ သက်မွေးအလုပ်အကိုင် ဆုံးရှုံးခဲ့ရပြီး လယ်သမားများမှာ အစမှပြန်စရန် အမြဲလိုပင် လိုအပ်ခဲ့သည်။ သို့သော် လူအများက ပြန်လည်ကြိုးစားပြီး ဆက်လက်ရင်ဆိုင်ကြပြန်သည်။ 'တိုက်ပွဲဝင်သူ ဩဇော်စီ' ဟူသော စကားရပ်မှာ ဩစတြေးလျားနိုင်ငံသားတို့၏ အနိုင်မခံ အရှုံးမပေးသောစိတ်ဓါတ်နှင့် အရှုံးမှ ပြန်လည်အနိုင်ယူလိုသော ဇွဲတို့ကို ကိုယ်စားပြုသည်။ ထိုခက်ခဲကြမ်းတမ်းသောအချိန်ကာလက ရှေးဦးစွန့်စားသူများကို ၎င်းတို့၏ သတ္တိဗျတ္တိအတွက် ဂုဏ်ပြုကြသည်။ အမျိုးသားများအဝေးသွားနေချိန် သို့မဟုတ် ကွယ်လွန်ပြီးနောက် အမျိုးသမီးများက လုပ်နေဆဲလုပ်ငန်း သို့မဟုတ် လယ်ယာများကို ဆက်လက်လုပ်ကိုင်ခဲ့ကြရသည်။

ဤခက်ထန်ကြမ်းတမ်းသော ရှေးဦးအချိန်ကာလတွင် ဩစတြေးလျားနိုင်ငံသားတို့၌ ဘဝတူရောင်းရင်းဟူသော စိတ်ဓါတ် ဖြစ်ပေါ် လာခြင်းဖြစ်သည်။ ဝေးလံသောကုန်းတွင်းပိုင်းဒေသ များတွင်သွားလာကာ သိုးများကျောင်းပြီး၊ သိုးမွေးညှပ်ကြသော အမျိုးသားများသဏ္ဌာန်ဝယ် ဤစိတ်ဓါတ် ပြင်းပြခဲ့ကြသည်။ အခြေချသူများ အခက်အခဲကြုံကြရသောအခါ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ကူညီခဲ့ကြသည်။ ဤစိတ်ဓာတ်အစဉ်အလာသည် ဩစတြေးလျားနိုင်ငံသားတို့၏ ဘဝတွင် စွဲကျန်နေခဲ့သည်။


ရွှေထွက်ရာဒေသများသို့ အလုအယက်သွားကြခြင်း

နယူးဆောက်သ်ဝေးလ်စ်တွင် 1851 ခုနှစ်စပိုင်း၌ ရွှေစတင်တွေ့ရှိခြင်းအား 'နိုင်ငံတစ်ခုကို အပြောင်းအလဲဖြစ်စေခဲ့သော စတင်တွေ့ရှိမှုတစ်ခု' ဟု ပြောဆိုကြသည်။ များမကြာမီမှာပင် သီးခြားကိုလိုနီနယ်မြေသစ်တစ်ခုဖြစ်သည့် ဗစ်ကတိုးရီးယားတွင်လည်း ရွှေတွေ့ကြသည်။

1852 ခုနှစ်ကုန်ပိုင်းတွင် ဩစတြေးလျားတိုက်တစ်ဝန်းနှင့် ကမ္ဘာတစ်ဝန်းမှ လူပေါင်း 90,000 ခန့်သည် ရွှေရှာရန်အတွက် ဗစ်ကတိုးရီးယားကို ရောက်ရှိလာခဲ့ပြီးဖြစ်သည်။

ဩစတြေးလျားနိုင်ငံသမိုင်းတွင် ယူရေးခါး (Eureka) ပုန်ကန်ထကြွမှုကို ဒီမိုကရေစီအရေး လှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် မှတ်တမ်းတင်ကြသည်။ အစိုးရတပ်များက ရွှေတူးရန် လိုင်စင်ခကောက်ခံသောအခါ ရွှေတူးသူများအပေါ် အလွန်ကြမ်းတမ်းစွာ ဆက်ဆံခဲ့ကြသည်။ 1854 ခုနှစ် နိုဝင်ဘာလ 11 ရက်နေ့တွင် လူပေါင်း 10,000 ခန့်က တန်ဖိုးကြီးမားသော ရွှေတူးခွင့်လိုင်စင်များအား ဖယ်ရှားခြင်းနှင့် ဗစ်ကတိုးရီးယားလွှတ်တော်အတွက် ကိုယ်စားလှယ်များ မဲပေးရွေးချယ်ရန် အရည်အချင်းအပါအဝင် အခြေခံဒီမိုကရေစီအခွင့်အလမ်းများဆိုင်ရာ ပဋိညာဉ်စာတမ်းတစ်စောင် အတည်ပြုရွေးချယ်ရန်အတွက် ဘာလာရတ် (Ballarat) ရှိ ဘေကာရီတောင်ကုန်း (Bakery Hill) တွင် စုရုံးခဲ့ကြသည်။

ၵင်းနောက်တွင် ယူရေးခါးရွှေတူးရာနေရာများတွင် 'ယူရေးခါးခံတပ်' (Eureka Stockade) ကို တည်ဆောက်ခဲ့သည်။ ဤနေရာတွင် ရွှေတူးသူများသည် တစ်ဦးအတွက် တစ်ဦးရပ်တည်ပေးပြီး ၎င်းတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအတွက် ခုခံတိုက်ပွဲဝင်ရန် (တောင်ဘက်ပိုင်းကြက်ခြေခတ်ပုံ (Southern Cross) ပါသည့်) တော်လှန်ရေးအလံကို ကိုင်စွဲ၍ သစ္စာဆိုခဲ့သည်။ 1854 ခုနှစ် ဒီဇင်ဘာလ 3 ရက် မနက်ပိုင်းတွင် အစိုးရအရာရှိများက ထိုခံတပ်ကို တိုက်ခိုက်ရန် စစ်သားများ ဧစလွှတ်ခဲ့သည်။ စစ်ပွဲငယ်လေးတစ်ခုဖြစ်ပြီးနောက် ရွှေတူးသူများမှာ စီးနင်းခြင်းခံရပြီး လူပေါင်း 30 ခန့် အသတ်ခံလိုက်ရသည်။



ယူရေးခါးအလံ

ပုန်ကန်သူခေါင်းဆောင်များကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ရုံးတင်စစ်ဆေးသောအခါ မည်သည့်ဂျူရီအဖွဲ့ဝင်ကမျှ အပြစ်ပေးလိုခြင်းမရှိခဲ့ပါ။ တော်ဝင်ကော်မရှင်က အစိုးရ၌သာလျှင် အပြစ်ရှိသည်ဟု တွေ့ရှိရပြီး နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုရန်အတွက် ၎င်းတို့၏ဆန္ဒများအပါအဝင် ရွှေတူးသူများ၏ တောင်းဆိုမှုများစွာကို လိုက်လျောရသည်။ တစ်နှစ်အတွင်းမှာပင် ပုန်ကန်သူတို့၏ခေါင်းဆောင် ပီတာလေလာ (Peter Lalor) သည် ဗစ်က်တိုးရီးယားပါလီမန်တွင် အမတ်ဖြစ်လာခဲ့သည်။

နှစ်ပေါင်းများစွာကြာသောအခါ ယူရေးခါးပုန်ကန်မှုသည် ကန့်ကွက်ဆန္ဒပြခြင်းနှင့် 'တရားမျှတစွာဆက်ဆံရေး' ယုံကြည်မှု၏ အထိမ်းအမှတ်သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။

ရွှေထွက်ရာဒေသများသို့ အလုအယက်သွားကြခြင်းသည် ဩစတြေးလျားနိုင်ငံကို အပြောင်းအလဲများစွာ ဖြစ်စေခဲ့သည်။ ရွှေထွက်ရာဒေသများသို့ အလုအယက်သွားကြသည့်နှစ်များအတွင်း ဩစတြေးလျားနိုင်ငံ၏ ရှေးတိုင်းရင်းသားများမဟုတ်ကြသည့်သူများ လူဦးရေသည် 1851 ခုနှစ်တွင် 430,000 ရှိရာမှ 1871 ခုနှစ်တွင် 1.7 သန်းခန့်အထိ တိုးပွားသွားခဲ့သည်။ တိုးပွားလာသောလူဦးရေကို ဆက်သွယ်ပေးရန်အတွက် ပထမဆုံးသော မီးရထားလမ်းများနှင့်ကြေးနန်းဆက်သွယ်ရေးလိုင်းများကို တည်ဆောက်ကြရသည်။

ကြီးမားသောရွှေကြောကြီးများကို တောင်ဩစတြေးလျားမှလွဲလျှင် ကိုလိုနီအားလုံး၌ ရှာတွေ့ကြသည်။ စီးပွားရေးမှာ အလွန်အားကောင်းနေပြီး ဩစတြေးလျားနိုင်ငံ၏ အဖိုးတန်ဆုံး ပို့ကုန်အဖြစ် ရွှေက သိုးမွေးကို နေရာကျော်ယူလိုက်သည်။ 1890 ခုနှစ်ခန့်တွင် ဩစတြေးလျားသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး လူနေမှုစနစ်တစ်ခု ဖြစ်လာခဲ့သည်။

ကျူးကျော်အခြေချသူများနှင့် လယ်သမားများ

ကိုလိုနီကာလ၏ အစောပိုင်းအချိန်တွင် 'ကျူးကျော်အခြေချသူများ' ဟု ခေါ်တွင်သူတို့က လယ်ယာလုပ်ကိုင်ကြရန် ကျယ်ပြန့်သောမြေဧရိယာများစွာကို သိမ်းယူကြသည်။ သူတို့အနေနှင့် ဤမြေအတွက် ငွေပေးခဲ့ရခြင်းမရှိသော်လည်း ကျူးကျော်အခြေချသူများက သူတို့ပိုင်ဆိုင်သည်ဟု ယူဆကြသည်။ ရွှေထွက်ရာဒေသများသို့ လူများအလုအယက်သွားကြခြင်း ပထမအကြိမ်ပြီးဆုံးသည့်အခါ ကျူးကျော်အခြေချသူများထံမှ ဤမြေများကို ပြန်လည်ရယူရန် အစိုးရက ကြိုးပမ်းခဲ့သည်။

1860 ပြည့်နှစ်များတွင် အစိုးရက ပျံကျအခြေချသူများ၏မြေကို အလုပ်လုပ်သူများနှင့် မိသားစုများ လယ်ယာစိုက်ပျိုးရန် ရောင်းချလိုခဲ့သည်။ သို့သော် ပျံကျအခြေချသူများသည် သူတို့ကိုယ်တိုင်အတွက် တတ်နိုင်သမျှ မြေအများဆုံးယူထားရန် ကြိုးစားခဲ့ကြသည်။

မီးရထားလမ်းများ မဖောက်မီတွင် ဈေးကွက်များနှင့်ဝေးနေသည့်နေရာတွင် ရှိသော လယ်ယာမြေများကို ပိုင်ဆိုင်ထားသည့်လယ်သမားအသစ်များသည် ခက်ခဲသောပတ်ဝန်းကျင်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ မြို့ကြီးများတွင် လစာများများရှာနိုင်သည့် အခွင့်အလမ်းက လယ်မြေပေါ် နေထိုင်ရသည့်ဘဝနှင့် အကျိုးအမြတ်အနည်းငယ်သာ ရရှိစေသည့် လယ်ယာလုပ်ရှင်းတို့ကို ဆွဲဆောင်မှုမရှိအောင် ဖြစ်စေခဲ့သည်။

လယ်လုပ်ငန်းအတွက် ပိုမိုလွယ်ကူအောင် ပြုလုပ်ရန် ဩစတြေးလျားနိုင်ငံ စက်ယန္တရားထုတ်လုပ်ခြင်း အလေ့အထသည် ဩစတြေးလျားတောင်ပိုင်းတွင် စတင်ခဲ့သည်။ ဥပမာ - လယ်ထွန်စက် (stump-jump plough) (1870s) သည် ကောက်ပဲသီးနှံစိုက်ပျိုးရေးအတွက် ကြမ်းတမ်းသောမြေများကို အလွယ်တကူ ထွန်ယက်စေနိုင်ခဲ့သည်။

1800 ခုနှစ်များ ပြောင်းရွှေ့အခြေချခြင်းများ

1800 ခုနှစ် အစောပိုင်းကာလများတွင် အင်္ဂလိပ်၊ စကော့၊ ဝေလနှင့် အိုင်းရစ်ရှ် အခြေချသူများသည် ကိုလိုနီများတွင် အဓိကအဖွဲ့များဖြစ်ကြသည်။ ဩစတြေးလျားနိုင်ငံ၏ အားလပ်ချိန်တွင် လုပ်ဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှု ပွဲလမ်းသဘင်များ၊ ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများသည် ပြိတိန်နိုင်ငံ၏ လုပ်ဆောင်မှုများကို ထင်ဟပ်စေသည်။ ဥရောပနှင့် အာရှတိုက်မှ ပြောင်းရွှေ့အခြေချသောအဖွဲ့ဝင်များလည်း ရှိပါသည်။ 1800 ပြည့်နှစ်များတွင် အခြေချသော ဥရောပတိုက်သားများတွင် အီတာလျံ၊ ဂရိ၊ ပိုးလ်၊ မောလ်တီးစ်နှင့် ရုရှလူမျိုးများအပြင် ဝိုင်ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ကြသော ပြင်သစ်လူမျိုးများလည်းပါဝင်ကြသည်။ ၎င်းတို့တွင် များသောအားဖြင့် အလုပ်အကိုင်နှင့် ချမ်းသာမှုတို့ကို ရှာဖွေကြသော လူငယ်များ သို့မဟုတ် မိမိတို့၏ သဘော်များကို စွန့်ခွာလာခဲ့ကြသော သဘော်သားများဖြစ်ကြသည်။

1842 ခုနှစ်နောက်ပိုင်းတွင် တရုတ်လူမျိုးပြောင်းရွှေ့အခြေချသူများသည် ဩစတြေးလျားနိုင်ငံထဲသို့ စတင်ရောက်ရှိလာကြပြီး ရွှေစတင်တွေ့ရှိချိန်မှစ၍ သူတို့၏အရေအတွက် တိုးပွားလာပါသည်။ ရွှေတူးသည့်နေရာများတွင် လူမျိုးရေးပဋိပက္ခများ ဖြစ်ခဲ့ကြပြီး ၎င်းက 1854 ခုနှစ် ဘယ်န်ဒီဂို (Bendigo) တွင် ဖြစ်ပွားခဲ့သော ဆူပူမှုကဲ့သို့ တရုတ်များကို တစ်ခါတစ်ရံ ဆန့်ကျင်သော ဆူပူမှုများစတင်ဖြစ်စေခဲ့သည်။ လူမျိုးရေးဆိုင်ရာတင်းမာမှုကြောင့် ဗစ်က်တိုးရီးယားတွင် 1855 ခုနှစ်၌၎င်း၊ 1861 ခုနှစ်တွင် နယူးဆောက်သ်ဝေးလ်စ်တွင်၎င်း၊ ပထမဆုံးသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြစ်လာစေခဲ့သည်။

ရွှေရှာကြသော 1850 ခုနှစ်များအပြီး တရုတ်လူမျိုးတို့အများစုသည် မိမိတို့၏ မူရင်းဒေသသို့ ပြန်ကြသည်။ နေရစ်ခဲ့သော တရုတ်လူမျိုးတို့မှာ ရေရှားပါးသော အရပ်ဒေသများသို့ အလွန်လိုအပ်သည့် လတ်ဆတ်သောသီးနှံနှင့် ဟင်းသီးဟင်းရွက်များကို ပေးပို့သည့် စျေးကွက်ရောင်းချသူများဖြစ်ကြသည်။

1860 ပြည့်နှစ်များမှစပြီး အီရန်၊ အီဂျစ်နှင့် တူရကီမှ လူများသည် ဩစတြေးလျားနိုင်ငံ ကုန်းတွင်းပိုင်းဒေသများ၌ ကုလားအုပ် 'လှည်း'တန်းများ' ကို မောင်းနှင်ကြရန် ရောက်ရှိလာကြသည်။ ကုလားအုပ်စီးသူ အိန္ဒိယလူမျိုးများကဲ့သို့ ဝတ်စားဆင်ယင်မှုတူကြသဖြင့်၎င်း၊ အစ်စလမ်ဘာသာယုံကြည်မှု တူညီကြသဖြင့်၎င်း၊ သူတို့ကိုလည်း 'အာဖဂန်များ' ဟု လွယ်လွယ်ခေါ်ခဲ့ကြသည်။ ဤကုလားအုပ်စီးသူတို့ကို 'ကုန်းတွင်းပိုင်းဒေသများ၏ ရှေ့ဦးစွန့်စားသူများ' အဖြစ် သတ်မှတ်ကြသည်။

ကွင်းစလန်တွင်ရှိသော ငှက်ပျောစိုက်လုပ်ငန်းနှင့် သကြားလုပ်ငန်းများတွင် အများအားဖြင့် လုပ်အားခအနည်းငယ်နှင့် ဆိုးရွားလှသည့်အခြေအနေများတွင် အလုပ်လုပ်ကြသည့် အိန္ဒိယလူမျိုးများနှင့် ပစိဖတ်ကျွန်းသားလူမျိုးတို့ ရှိသည်။

1880 ပြည့်နှစ်များမှစပြီး ဩစတြေးလျားနိုင်ငံသို့ လက်ဘနွန်မှ အလုပ်သမားများ ရောက်ရှိလာကြသည်။ အများအပြားမှာ အထည်အလိပ်နှင့် အဝတ်အစားလုပ်ငန်းများတွင် ပတ်သက်မှုရှိကြပြီး လက်ဘနီးစ်မိသားစုများသည် ဩစတြေးလျားတစ်ဝန်း အထည်အလိပ်လုပ်ငန်းအများစုကို ပိုင်ဆိုင်လာကြသည်။



ဝေးလံသောဩစတြေးလျားတိုက် အတွင်းပိုင်းရှိ 'အာဖဂန်' ကုလားအုပ်ပိုင်ရှင်များ

အက်ဘော်ရစ်ဂျင်နယ် လူမျိုးတို့၏ နေထိုင်ရာသီးသန့်မြေများ

အက်ဘော်ရစ်ဂျင်နယ် လူမျိုးတို့နှင့် အခြေချနေသူများအကြားဖြစ်ပွားသော အစောပိုင်းမြေလုစစ်ပွဲများ ပြီးဆုံးသည့်အခါ အက်ဘော်ရစ်ဂျင်နလ်လူမျိုးတို့သည် လူမှုအဖွဲ့အစည်းတွင် အောက်ကျနောက်ကျဖြစ်ခဲ့ကြရသည်။ အချို့မှာ ကုန်းတွင်းပိုင်းဒေသများရှိ သိုးနှင့် နွားမွေးမြူရေးခြံကြီးများတွင် အလွန်ပင်နည်းပါးလှသည့် လစာများ ရရှိကြသော အလုပ်အကိုင်များကို လုပ်ခဲ့ကြရပြီး ဖြစ်ရပ်အများအပြားတွင် လစာမရရှိဘဲ ရှိခဲ့သည်။ ကိုလိုနီအစိုးရက အက်ဘော်ရစ်ဂျင်နလ်လူမျိုးတို့ နေထိုင်ကြနိုင်ရန် သီးသန့်မြေများ တည်ထောင်ပေးခဲ့သော်လည်း ထိုနယ်မြေများတွင် ၎င်းတို့အား ၎င်းတို့၏ရိုးရာထုံးစံအတိုင်း နေထိုင်ရန် ခွင့်ပြုမထားပါ။ ဥပမာ - သူတို့သည် ဆန္ဒရှိလျှင်ရှိသလို အမဲလိုက်ခြင်း၊ စုဝေးနိုင်ခြင်းများကို လွတ်လွတ်လပ်လပ်မပြုလုပ်နိုင်ခဲ့ပေ။

1800 ခုနှစ်များနောက်ပိုင်းတွင် ကိုလိုနီအစိုးရများသည် အက်ဘော်ရစ်ဂျင်နယ်လူမျိုးများနှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများ၏ အခွင့်အရေးများကို ရုပ်သိမ်းလိုက်သည်။ သူတို့က အက်ဘော်ရစ်ဂျင်နယ်လူမျိုးများနှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများ နေထိုင်ရမည့် နေရာနှင့် မည်သူကို လက်ထပ်နိုင်သည်ကို သတ်မှတ်ပေးသည်။ သူတို့က အက်ဘော်ရစ်ဂျင်နယ်လူမျိုးများနှင့် တောရယ်စ်ရေလက်ကြား ကျွန်းသားများ ကလေးများစွာကို မိမိတို့မိဘများထံမှ ခွဲလိုက်ပြီး ထိုကလေးများကို 'လူဖြူ' မိသားစုများ သို့မဟုတ် အစိုးရ၏ မိဘမဲ့ကလေးများ ဂေဟာထံသို့ ပို့ခဲ့သည်။ ထိုမူဝါဒများသည် 20 ရာစုအလယ်ပိုင်းအထိ ဆက်လက်ရှိနေခဲ့သည်။ ဤ 'မျိုးဆက်သစ်များ အခိုးခံရခြင်း' ကိစ္စသည် အက်ဘော်ရစ်ဂျင်နလ်လူမျိုး များနှင့် တောရယ်စ်ရေလက်ကြား ကျွန်းသားများနှင့် အခြားဩစတြေးလျားလူမျိုးများအတွက် အလွန်ဝမ်းနည်း ကြေကွဲစရာဖြစ်ရပ်တစ်ခုအဖြစ် ကျန်ရှိနေပြီး 2008 ခုနှစ် ဩစတြေးလျား ပါလီမန်တွင် နိုင်ငံတော်မှဝန်ချတောင်းပန်ခြင်းကိစ္စတစ်ခု ဖြစ်ခဲ့သည်။

ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်

'ဆတ်ဖရာဂျက်တစ်' (Suffragettes) ဆိုသည်မှာ ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးပိုင်ခွင့်အတွက် ဆန္ဒပြတောင်းဆိုခဲ့သည့် အမျိုးသမီးများကို ကမ္ဘာတစ်ဝန်း၌ခေါ်သောအမည်ဖြစ်သည်။ 1880 ခုနှစ်များနှင့် 1890 ခုနှစ်များ၌ ကိုလိုနီတိုင်းတွင် ဆန္ဒပြတောင်းဆိုခဲ့သည့် အမျိုးသမီးအဖွဲ့ အနည်းဆုံးတစ်ဖွဲ့ စီရှိခဲ့သည်။ ထိုအမျိုးသမီးများသည် သူတို့၏ကိုလိုနီပါလီမန်များထံပို့ရန် မေတ္တာရပ်ခံချက် ပေါ်တွင် ထိုးမြဲလက်မှတ် ထောင်ပေါင်းများစွာ စုဆောင်းခဲ့ကြသည်။

1895 ခုနှစ်တွင် ဩစတြေးလျားတောင်းပိုင်းရှိ အမျိုးသမီးများသည် မဲဆန္ဒပေးပိုင်ခွင့်နှင့် ပါလီမန်တွင် ဝင်အရွေးချယ်ခံပိုင်ခွင့်ကို အောင်မြင်စွာရရှိခဲ့သည်။ 1899 ခုနှစ်တွင် ဩစတြေးလျားအနောက်ပိုင်းရှိ အမျိုးသမီးများသည် မဲဆန္ဒပေးပိုင်ခွင့်ကို ရရှိခဲ့ကြသည်။

1902 ခုနှစ်တွင် ဩစတြေးလျားများသည် အမျိုးသမီးများအား မဲဆန္ဒပေးပိုင်ခွင့်နှင့် ပါလီမန်တွင် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်တို့ကို ပေးအပ်ခဲ့သည့် ပထမဆုံးသော နိုင်ငံဖြစ်သည်။ အက်ဘော်ရစ်ဂျင်နလ်လူမျိုးများနှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများ သည် 1962 ခုနှစ်အထိ မဲဆန္ဒပေးပိုင်ခွင့် မရခဲ့ကြပါ။

1923 ခုနှစ်တွင် အီးဒစ် ကိုဝါန် (Edith Cowan) သည် ဩစတြေးလျားအနောက်ပိုင်း ပါလီမန်တွင် အရွေးခံရပြီး ပထမဆုံးသော အမျိုးသမီး ပါလီမန်အမတ် ဖြစ်လာသည်။ 1943 ခုနှစ်တွင် အီးနစ်ဒ် လိုင်းယွန်းစ် (Enid Lyons) သည် ဩစတြေးလျားပါလီမန်တွင် ရွေးချယ်တင်မြှောက်ခံရသည့် ပထမဆုံးသော အမျိုးသမီးဖြစ်သည်။

Catherine Spence (1825–1910)

ကက်သရင်းစပင့်ဆ်သည် (Catherine Spence) စာရေးဆရာမ၊ ဟောပြောသူ၊ အမျိုးသမီးများအတွက် တန်းတူညီမျှ အခွင့်အရေးရရှိရေး တိုက်ပွဲဝင်သူနှင့် အမျိုးသမီးများအား မဲဆန္ဒပေးပိုင်ခွင့်အတွက် ဆန္ဒပြတောင်းဆိုသူလည်း ဖြစ်သည်. သူမသည် ဩစတြေးလျားသို့ စကော့တလန်နိုင်ငံမှ ပြောင်းရွှေ့အခြေချလာပြီး ကျောင်းစာအုပ်များနှင့် ဩစတြေးလျားနိုင်ငံ လူမှုဘဝဆိုင်ရာ ဆုရဝတ္ထုများကို ရေးသားခဲ့သည်။

သူမသည် အိုးအိမ်မဲ့ကလေးများ စောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ကို တည်ထောင်ပြီး မူလတန်းကြိုကျောင်းများနှင့် မိန်းကလေးများအတွက် အစိုးရ အလယ်တန်းကျောင်းများအတွက် ပံ့ပိုးခဲ့သည်။

သူမသည် ပါလီမန်တွင်ဝင်ရောက်အရွေးခံသည့် ပထမဆုံးသော အမျိုးသမီး ဖြစ်သည်။ သူသည် မဲများစွာရခဲ့သော်လည်း မဲမနိုင်ခဲ့ပါ။ 1891 ခုနှစ်တွင် သူမသည် ဩစတြေးလျားတောင်ပိုင်း မဲဆန္ဒပေးပိုင်ခွင့်အတွက် အမျိုးသမီးများအသင်း၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ကက်သရင်းစပင့်ဆ်သည် ကန့်သတ်ချက်များရှိနေသည့် အချိန်ကာလများတွင်ပင် အမျိုးသမီးတစ်ဦးက မည်မျှအထိ စွမ်းဆောင်နိုင်သည်ကို ပြသသော ပြယုဒ်တစ်ခု ဖြစ်သည်။



ဖယ်ဒရေးရှင်း

ကိုလိုနီများသည် သီးခြားတိုးတက်ခဲ့ကြသော်လည်း 19 ရာစုနှစ်နောင်းပိုင်းတွင် ကိုလိုနီများ၌ နိုင်ငံတော်အမျိုးသားရေးအပိုင်းအရ ပါဝင်ပတ်သက်မှု ဘုံစိတ်ဓာတ် ပွားများလာပြီဖြစ်သည်။

19 ရာစုနှစ်ကုန်ခါနီးတွင် ကိုလိုနီများကို စုစည်းရန် နှစ်ကြိမ်တိုင်ကြိုးစားခဲ့ကြသည်။ 1889 ခုနှစ်တွင် ဆာ ဟင်နရီ ပါ့ခ်စ် (Sir Henry Parkes) သည် နိုင်ငံသစ်တစ်ခု တည်ထောင်ရန် အဆိုပြုခဲ့သည်။ ဩစတြေးလျားဖက်ဒရေးရှင်းဆိုင်ရာ အကြံဉာဏ်ကို စဉ်းစားဆွေးနွေးကြရန် ဩစတြေးလျားဖက်ဒရေးရှင်း ညီလာခံကို 1890 ခုနှစ်တွင် ကျင်းပခဲ့သည်။

1893 ခုနှစ်တွင် နောင့်နေးမှုအနည်းငယ်ဖြစ်ပြီးနောက် ဖယ်ဒရေးရှင်းဆီသို့ အရွေ့မှာ အရှိန်ရလာခဲ့သည်။ မဲဆန္ဒရှင်များက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နောက်တစ်ကြိမ်ကျင်းပမည့် ညီလာခံအတွက် အဖွဲ့ဝင်များကို ရွေးချယ်ကြသည်။ မဲဆန္ဒရှင်များက ဩစတြေးလျားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲနှစ်ကြိမ် ကျင်းပပြီး အတည်ပြုခဲ့သည်။

ဗြိတိသျှအစိုးရက ဩစတြေးလျားသည် မိမိဘာသာ အုပ်ချုပ်နိုင်သည်ဟု သဘောတူခဲ့သည်။ 1901 ခုနှစ် ဇန်နဝါရီလ 1 ရက်နေ့တွင် နယူးဆောက်သ်ဝေးလ်စ်တွင် ဖယ်ဒရေးရှင်းဖြစ်ပေါ် လာရန်အတွက် လှုပ်ရှားမှုကို ဦးဆောင်သည့် အက်ဒ်မန် ဘာရ်တန် (Edmund Barton) သည် ဩစတြေးလျားနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ သူ၏အစိုးရသည် ဆစ်ဒနီနှစ်တရာပန်းခြံထဲရှိ လူအုပ်ကြီးရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဩစတြေးလျားနိုင်ငံသည် ယခုအခါ ဗြိတိသျှအင်ပါယာလက်အောက်ခံ နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ 1931 ခုနှစ်မတိုင်မီအထိ နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံခြားရေးရာတွင် ကိုယ်ပိုင်အာဏာအပြည့်အဝ မသုံးနိုင်ခဲ့ချေ။ 1948 ခုနှစ် ဩစတြေးလျားနိုင်ငံသား အက်ဥပဒေမဖြစ်ပေါ် လာမီအထိ ဩစတြေးလျားပြည်သူတို့သည် ဩစတြေးလျားနိုင်ငံသားမဟုတ်ဘဲ ဗြိတိသျှတို့၏ အုပ်ချုပ်ခံလူတန်းစားအဖြစ်သာ ဆက်လက်ရှိနေခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓာတ်ကြီးထွားလာသော်လည်း ဗြိတိသျှဖြစ်နေရခြင်း၏ ခံစားမှုမှာ ခိုင်မာနေဆဲဖြစ်သည်။



ဘရစ်စဘိန်းမြို့ ရှိဖယ်ဒရေးရှင်းနေ့ 1901

Edith Cowan (1861–1932)

အီးဒစ်သ် ကိုဝမ်သည် ဩစတြေးလျားလွှတ်တော်တွင်
ရွေးကောက်ခံရသည့် ပထမဆုံး အမျိုးသမီးဖြစ်ပြီး
ဩစတြေးလျားဒေါ် လာ ငါးဆယ်တန်ပေါ် တွင်
ဂုဏ်ပြုဖော်ပြခြင်းခံရသူဖြစ်သည်။



အီးဒစ်သ် ကိုဝမ်သည် အမျိုးသမီးများ မဲပေးပိုင်ခွင့်ရရှိရေး
လှုပ်ရှားမှုများတွင် ထင်ရှားခဲ့ပြီး အစိုးရပညာရေးနှင့်
ကလေးသူငယ်အခွင့်အရေးများအတွက်
ဦးဆောင်ထောက်ခံစည်းရုံးခဲ့သူတစ်ဦးဖြစ်သည်။
အီးဒစ်သည် 1915 ခုနှစ်တွင် အောက်ရုံးတရားသူကြီးတစ်ဦးဖြစ်ခဲ့ပြီး
1920 ခုနှစ်တွင် တရားသူကြီးတစ်ဦးဖြစ်ခဲ့သည်။ 1921 ခုနှစ်တွင်
အီးဒစ်ကို အနောက်ပိုင်းဩစတြေးလျား၏ ဥပဒေပြုလွှတ်တော်တွင်
အမျိုးသားပါတီ (Nationalist Party) ၏ အဖွဲ့ဝင်တစ်ဦးအဖြစ်
ရွေးချယ်ခြင်းခံခဲ့ရသည်။

နိုင်ငံရေးအဖွဲ့အစည်းများ ပေါ် ပေါက်လာပုံ

1880 ခုနှစ်များတွင် ဩစတြေးလျားနိုင်ငံ အလုပ်သမားများသည် အင်အားတောင့်တင်းသော အလုပ်သမားသမဂ္ဂ (ယူနီယံ) များ တည်ထောင်ကြပြီးဖြစ်သည်။ စီးပွားရေးကပ်ဆိုက်ချိန်နှင့် မိုးခေါင်ရေရှားဖြစ်ချိန်ကဲ့သို့ အခက်အခဲများကြုံကြရသည့်အခါ ထိုယူနီယံများက မိမိတို့၏ လစာနှင့် အခြေအနေများကို ကာကွယ်ရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

1891 ခုနှစ်တွင် ဤအလုပ်သမားများသည် နိုင်ငံရေးပါတီနှင့် လေဘာပါတီကို ဖွဲ့စည်းခဲ့ကြသည်။ ၎င်း၏အဓိကအလေးထားရမည့်အရာမှာ အလုပ်သမားများ၏ လစာနှင့် အခြေအနေများ တိုးတက်ကောင်းမွန်လာရန် ဖြစ်သည်။ အလယ်အလတ်လူတန်းစားများသည် အလုပ်သမားများထက် ပိုမိုကောင်းမွန်စွာနေကြရသော်လည်း သူတို့က အလုပ်သမားများ၏ အခြေအနေကို သဘောပေါက်ကြသည်။ လစာများကို သတ်မှတ်ရန်နှင့် ဆန္ဒပြခြင်းများကို ရှောင်ရှားနိုင်ရန် တရားဝင်ဘုတ်အဖွဲ့များ ဖွဲ့စည်းလာကြသည်။ 1907 ခုနှစ်တွင် မနုသဟာယ ဘက်မလိုက်သော စေ့စပ်ဖြန်ဖြေရေးဆိုင်ရာ တရားရုံးက အလုပ်လုပ်သူတစ်ဦး၊ ထိုသူ၏ဇနီးနှင့် ကလေးသုံးဦး ချွေတာစွာစားလျှင် သင့်တင့်လျောက်ပတ်စွာနေနိုင်သည့် အနည်းဆုံး လစာအဆင့်အတန်းကို ဆုံးဖြတ်ပြီး သတ်မှတ်ပေးခဲ့သည်။

1910 ခုနှစ်တွင် လစ်ဘရယ်ပါတီ ပထမမူကွဲကို တည်ထောင်ခဲ့သည်။ ဤပါတီတွင် နှစ်ပေါင်းများစွာအတွင်း အမျိုးသားပါတီနှင့် ယူနိုက်တက် ဩစတြေးလျားပါတီအပါအဝင် အမည်များစွာရှိလာခဲ့သည်။ 1944 ခုနှစ်တွင် ကျွန်ုပ်တို့ ယနေ့သိရှိနေသော လစ်ဘရယ်ပါတီကို ဩစတြေးလျားနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ ရောဘတ်မဲန်ဇီးစ် (Robert Menzies) က တည်ထောင်ခဲ့သည်။

ပထမကမ္ဘာစစ်ပြီးချိန် လယ်သမားများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် ကန်ထရိုပါတီကို စတင်တည်ထောင်ခဲ့သည်။ ယခုအခါ နယ်ရှင်နယ်လပါတီအဖြစ် သိလာကြပြီး ၎င်းသည် အများအားဖြင့် လစ်ဘရယ်ပါတီနှင့် မဟာမိတ်အဖြစ် ပေါင်းစည်းဆောင်ရွက်ကြသည်။

1901 ခုနှစ် လူဝင်မှုကြီးကြပ်ရေး ကန့်သတ်ချက်များ ထားရှိသည့် ဥပဒေ

'အသားဖြူသြစတြေးလျား' မူဝါဒသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကန့်သတ်ချက်များထားရှိသည့် ဥပဒေကို 1901 ခုနှစ်တွင် အတည်ပြုပြီးသည့်နောက် ဥပဒေဖြစ်လာခဲ့သည်။ ၎င်းဥပဒေက လာရောက်အခြေချသူများအား ဩစတြေးလျားနိုင်ငံတွင် အလုပ်လုပ်ခြင်းကို ကန့်သတ်ပြီး 'အသားဖြူ မဟုတ်သော' လူမျိုးများ ပြောင်းရွှေ့အခြေချခြင်းကိုလည်း ကန့်သတ်လိုက်သည်။

ဥရောပနောက်ခံသမိုင်းမရှိသည့် လူများသည် ဥရောပသုံး ဘာသာစကားတစ်ခုခု၏ စကားလုံး 50 ကို သတ်ပုံခေါ် ပေးသည့် စာမေးပွဲကို ဖြေရသည်။ တရုတ်ကုန်သည်ကြီးများအသင်း၏အဖွဲ့ဝင်များ၊ ဝတ်လုံတော်ရရှေ့ ဇန ဝီလျံ အားကက် (William Ah Ket) နှင့် အခြားသောတရုတ်စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်များက လူထုဆန္ဒပြပွဲများကို လုပ်ဆောင်ခဲ့ကြသော်လည်း ဥပဒေကို ပြန်လည်ပြုပြင်ရန် မတတ်နိုင်ခဲ့ကြပါ။

ဥရောပမှ ပြောင်းရွှေ့အခြေချသူများသည် အသစ်ဖွဲ့လိုက်သော ဩစတြေးလျားနိုင်ငံတွင် နာမည်ကြီးသည်။ သို့သော် တရုတ်၊ အိန္ဒိယ၊ ပစိဖိတ်ကျွန်းသားများနှင့် အရှေ့အလယ်ပိုင်းမှ လူများ၏ ယဉ်ကျေးမှုဆိုင်ရာ ပါဝင်အကျိုးပြုမှုများသည် ဩစတြေးလျား၏ လူမှုရေးလက္ခဏာတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နေခဲ့ပြီးဖြစ်သည်။

Dorothea Mackellar (1885–1968)



ဒေါ်ရိုသီယာမက်ကဲလာသည် 'I love a sunburnt country' (နေလောင်ထားလို့ ညိုမောင်းနေသည့် တိုင်းပြည်ကို ကျွန်မချစ်တယ်) ဟု မော်ကွန်းတင် ကဗျာစာသားပါဝင်သော 1908 ခုနှစ်တွင် ပထမဆုံးထုတ်ဝေခဲ့သည့် *My Country* (ကျွန်မရဲ့တိုင်းပြည်) ကဗျာဖြင့် လူသိများခဲ့သည်။ သူမ၏ကဗျာကို စံပြလောက်ဖွယ် ရိုးရာနှုတ်ဖြင့် လက်ဆင့်ကမ်းကဗျာအဖြစ် သတ်မှတ်ခဲ့ကြပြီး နယူးဆောက်သ်ဝေးလ် အနောက်မြောက်ပိုင်း၊ ဂွန်နဒါမြို့အနီး သူမအစ်ကို၏ လယ်ယာအတွင်း ကြုံတွေ့ခဲ့ရသည့် သူမ၏ အတွေ့အကြုံများကို စိတ်ကူးဖြင့် ပေါင်းစပ်ဖန်တီးခဲ့ခြင်းဖြစ်သည်။

1968 ခုနှစ်တွင် ဒေါ်ရိုသီယာကို ဩစတြေးလျားစာပေအတွက် သူမ၏ဖြည့်ဆည်းပေးခဲ့မှုများကြောင့် ဗြိတိသျှအင်ပါယာ၏ ထူးချွန်သူအရာရှိတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ပထမကမ္ဘာစစ် (1914–18)

ပြောင်းရွှေ့အခြေချသူများနှင့် အက်ဘော်ရစ်ဂျင်နလ်လူမျိုးတို့အကြား စစ်ပွဲငယ်များ ဖြစ်ပွားခြင်းမှအပ ဩစတြေးလျားနိုင်ငံသည် ထူးခြားစွာ ငြိမ်းချမ်းမှုရှိသော နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ ပြည်တွင်းစစ်များ သို့မဟုတ် တော်လှန်ရေးများ မဖြစ်ခဲ့ပေ။

ဩစတြေးလျားမျိုးဆက်များသည် ဗြိတိသျှအင်ပါယာကို အလွန်သစ္စာရှိကြသည်။

အာရှတိုက်နှင့်နီးကပ်သည့် ဥရောပ၏ ရှေ့ပြေးစခန်းတစ်ခုအဖြစ် ဩစတြေးလျားနိုင်ငံသည် အထူးသဖြင့် ဂျပန်နိုင်ငံက အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာသောအခါ မိမိလည်းဒုက္ခရောက်နိုင်သည်ဟု ယူဆလာသည်။ ကျွန်ုပ်တို့သည် ဩစတြေးလျားကို ခုခံကာကွယ်ရန် ဗြိတိသျှအင်ပါယာနှင့် ၎င်း၏ရေတပ်အင်အားကို အားကိုးရသည်။ ဗြိတိသျှအင်ပါယာ ခိုင်မာစေရန်နှင့် ဩစတြေးလျားကို ကာကွယ်ရန် ဩစတြေးလျားနိုင်ငံက ကမ္ဘာ့စစ်နှစ်ခုလုံးတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

ဩစတြေလျားသည် 1914 ခုနှစ် ဩဂုတ်လတွင် ပထမကမ္ဘာစစ်ကို ဝင်ရောက်ခဲ့ပြီး 1915 ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ မဟာမိတ် တူရကီနိုင်ငံနှင့် တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သည်။ ဩစတြေးလျားစစ်သားများနှင့် နယူးဇီလန်တပ်မတော်စစ်သားများ (Anzacs) အား ဂလစ်ပလီကျွန်းဆွယ်တွင် တိုက်ခိုက်ရမည့်နေရာအသီးသီးကို သတ်မှတ်ပေးခဲ့သည်။

သူတို့သည် တူရကီစစ်သားများ ပစ်ခတ်နေသည့်ကြားမှပင် မတ်စောက်သော ကမ်းပါးများကို တက်ခဲ့ကြသည်။ လူငယ်များစွာ အသက်ပေးဆုံးရှုံးခဲ့ရသည့်ကြားမှ သူတို့သည် တစ်နည်းနည်းနှင့် ကမ်းပါးများကို ရအောင်တက်ခဲ့ကြပြီး ကတုတ်ကျင်းများတူးကာ ကြံ့ကြံ့ခံခဲ့ကြသည်။ အဓိမြေရှိ ဩစတြေးလျားနိုင်ငံသားများက ဩစတြေးလျားနှင့် နယူးဇီလန် တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ကို အံ့မခန်းဂုဏ်ယူခဲ့ကြသည်။

ဂလစ်ပလီပြီးလျှင် ဩစတြေးလျားတပ်များသည် ပြင်သစ်နိုင်ငံနှင့် ဘယ်လဂျီယံနိုင်ငံ အနောက်ပိုင်း စစ်မျက်နှာတွင် ပါဝင်တိုက်ခိုက်ကြသည်။ ဤနေရာတွင် သူတို့သည် အချိန်များစွာ ကတုတ်ကျင်းတူးကြခြင်း၊ ပြင်ဆင်ကြခြင်းတို့ကြောင့် 'ဒစ်ဂါး' ခေါ် မြေတူးသူများ အမည်ကို ရခဲ့ကြသည်။ ၎င်းတို့၏ တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဆာ ဂျွန် မောနက်ရှ် (Sir John Monash) ဦးဆောင်မှုဖြင့် ဩစတြေးလျားတပ်ဖွဲ့ဝင် မြေတူးသူအမည်ရသူများသည် ဂျာမနီနှင့် တိုက်ခိုက်သည့် နောက်ဆုံးတိုက်ပွဲများတွင် အောင်ပွဲများစွာ ရခဲ့ပြီး ၎င်းတို့ကူညီပေးခဲ့သည့် ပြင်သစ်တို့၏ ကြာရှည်ခံသော ကျေးဇူးတင်မှုကို ရရှိခဲ့သည်။

ဩစတြေးလျားတပ်ဖွဲ့ဝင်အမျိုးသားနှင့် အမျိုးသမီးများသည် စူးအက်ဇ် တူးမြောင်း ကာကွယ်ရေးနှင့် ဆိုင်းနိုင်းကျွန်းဆွယ်စစ်ပွဲတွင် မဟာမိတ်များနှင့်အတူ ပါဝင်ဆင်နွှဲ အောင်ပွဲခံခဲ့ခြင်းတို့ဖြင့် အရှေ့အလယ်ပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

Simpson နှင့် သူ၏မြည်း — John Simpson Kirkpatrick (1892–1915)

တပ်သား ဂျွန် စင်မ်စန် (John Simpson) သည် ဆေးသူနာပြုတပ်ဖွဲ့၌ ထမ်းစင်ထမ်းသူတစ်ဦးအဖြစ် ဂလစ်ပလီတွင် စစ်မှုထမ်းခဲ့သည်။ တောင်ကုန်းများနှင့် တောင်ကြားများတစ်လျှောက် ထမ်းစင်များကို သယ်ရန် အလွန်ခက်ခဲခဲ့သည်။ စစ်မိန့်များကို ဆန့်ကျင်ကာ သူသည် ဒပ်ဖ်ဖီ (Duffy) အမည်ရှိ မြည်းတစ်ကောင်ကို ဒဏ်ရာရစစ်သည်များ သေးအန္တရာယ်ကင်းရာနေရာသို့ သယ်ပို့ရန်အသုံးပြုခဲ့သည်။

နေ့ရောညပါ သူတို့သည် တိုက်ပွဲဖြစ်ရာနေရာနှင့် ကမ်းနားရှိ မိမိစခန်းတို့ကြား သူတို့၏အသက်ကို စွန့်ကာ ခေါက်တုန့်ခေါက်ပြန် ဆက်တိုက်သွားခဲ့ကြသည်။

တပ်သား ဂျွန် စင်မ်စန်သည် ဂလစ်ပလီသို့ 1915 ခုနှစ် ဧပြီလ 25 ရက်နေ့တွင် ရောက်ရှိခဲ့သည်။ လေးပတ်မျှသာကြာပြီးနောက်တွင် သူသည် ရန်သူစက်သေနတ်များ လက်ချက်ဖြင့် ကျဆုံးရသည်။ ကမ်းခြေစခန်းရှိ စစ်မှုထမ်းများက ဒဏ်ရာရစစ်သားတစ်ဦးကို သယ်ဆောင်ကာ အနားတွင် မိမိ၏သခင် လူငယ်စစ်သည် မပါဘဲ သော့နှင့်လာသည့် ဒပ်ဖ်ဖီ (Duffy) အား ဝမ်းနည်းပြီး တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေခဲ့ကြရသည်။ ဂျွန် စင်မ်စန် ကတ်ဂ် ပက်ထရစ်စ် (John Simpson Kirkpatrick) သည် သြစတြေးလျား ဒဏ္ဍာရီသူရဲကောင်းတစ်ဦး ဖြစ်သည်။





အဲန်းဇက်ဂ် မော်ကွန်း

အဲန်းဇက်ဂ်တို့၏ အစဉ်အလာကို တူရကီနိုင်ငံ ဂလစ်ပလီကျန်းဆွယ်တွင် ပုံသွင်းခဲ့သည်။

1915 ခုနှစ် ဧပြီလ 25 ရက် ဂလစ်ပလီသို့ ကမ်းတက်သည့်အချိန်ကို ရှစ်လကြာမြင့်ခဲ့သော စစ်ဆင်ရေးကြီး၏ အစလက္ခဏာဖြစ်ပြီး ရောဂါကြောင့် သို့မဟုတ် စစ်ပွဲကြောင့်သေဆုံးခဲ့ရသူ 8000 ကျော်အပါအဝင် ဩစတြေးလျားတပ်ဖွဲ့ဝင် ဒဏ်ရာရသူများ 26,000 ကျော် ရှိခဲ့သည်။ ဂလစ်ပလီကျန်းဆွယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ ရဲဝံစွန့်စားမှုနှင့် စိတ်ဓာတ်က မော်ကွန်းကမ္ဘည်းတင်ခဲ့ပြီး 'အဲန်းဇက်ဂ်' စကားလုံးမှာ ဩစတြေးလျားနှင့် နယူးဇီလန်ဘာသာစကား၏ ဝေါဟာရတစ်ခု ဖြစ်လာခဲ့သည်။

1916 ခုနှစ် ဧပြီလ 25 ရက်တွင် ကမ်းတက်ခဲ့သည့် ပထမနှစ်ပတ်လည် အထိမ်းအမှတ်ကို ဩစတြေးလျား၊ နယူးဇီလန်၊ အင်္ဂလန်အပြင် အီဂျစ်ရှိ တပ်ဖွဲ့များကပါ ကျင်းပကြသည်။ ထိုအချိန်မှစ၍ ဧပြီလ 25 ရက်ကို 'အဲန်းဇက်ဂ်' နေ့ဟု သတ်မှတ်ခဲ့သည်။

1920 ခုနှစ်များတွင် အဲန်းဇက်ဂ် အထိမ်းအမှတ်ဂုဏ်ပြုပွဲများကို ဩစတြေးလျားနိုင်ငံတစ်ဝန်း ကျင်းပကြပြီး ပြည်နယ်များက အဲန်းဇက်ဂ်နေ့ကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြသည်။

မြို့တော်များတွင်လည်း ကျဆုံးသူများအထိမ်းအမှတ် ကျောက်တိုင်ကြီးများ စိုက်ထူကြပြီး နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများနှင့် မြို့များတွင် ကျောက်ရုပ်ထုများ ထိုစစ်ပွဲနှင့် နောက်ထပ်ဖြစ်ပွားသော စစ်မက်များတွင် အသက်ပေးခဲ့ကြသော လူငယ်အမျိုးသားများနှင့် အမျိုးသမီးများကို အမှတ်တရ ဂုဏ်ပြုကြသည်။ အဲန်းဇက်ဂ်နေ့သည် စစ်ပွဲများ၊ ပဋိပက္ခများနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ကြသူအားလုံးနှင့် ဒုက္ခကြီးစွာကြုံနေရချိန်တွင် ၎င်းတို့၏ ရဲဘော်ရဲဘက်စိတ်ရှိခြင်း၊ ကြံ့ခံရည်ရှိခြင်းနှင့် ကျွန်ုပ်တို့၏အနာဂတ်အတွက် စွန့်လွှတ်အနစ်နာခံမှုများအတွက် ဂုဏ်ပြုသည့်နေ့ဖြစ်သည်။ စစ်ပွဲ၏များပြားလှသောအခြားအဓိပ္ပါယ်များကိုလည်း ထင်ဟပ်စေသည့် နေ့လည်းဖြစ်သည်။

ယခုအခါ အဲန်းဇက်ဂ်နေ့ကို ဩစတြေးလျားနှင့် ကွမ္ဘာတစ်ဝန်းလုံးတွင် ဂုဏ်ပြုကာ အထိမ်းအမှတ်နေ့အဖြစ် ကျင်းပကြသည်။ ဩစတြေးလျားစစ်ပြန်စ်မှုထမ်းဟောင်း အမျိုးသားများနှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးဆောင်ရွက်သူများနှင့် အခြားနိုင်ငံများမှ စစ်မှုထမ်းဟောင်းများ ကလည်း အဲန်းဇက်ဂ်နေ့ ချီတက်ပွဲတွင် အားလုံးစုပေါင်းကာ ဂုဏ်ယူဝင်ကြွားစွာ ချီတက်ကြသည်။

စီးပွားရေးကပ်ကြီး (1929–32)

စီးပွားရေးကပ်ကြီးသည် ဩစတြေးလျားနိုင်ငံသားများအတွက် အဆိုးရွားဆုံး အခက်အခဲကြုံတွေ့ရချိန် ဖြစ်ခဲ့သည်။ ၎င်းသည် 1929 ခုနှစ် နယူးယောက်စတော့ဈေးကွက် ပျက်သောအချိန်နှင့် အတူတူပင်ဖြစ်သည်။ ဩစတြေးလျားနိုင်ငံတွင် စီးပွားကပ်ကြီးဖြစ်စေသည့် အခြားအချက်များတွင် ဩစတြေးလျားလူသုံးကုန်ပစ္စည်းများ ဈေးထိုးကျခြင်းနှင့် အလုပ်ရှင်များက အလုပ်နှင့် လုပ်ခလစာများ လျော့ချဖြတ်တောက်သည့်အတွက် စက်ရုံလုပ်ငန်း မငြိမ်မသက် ဖြစ်ပွားမှုများ ပါဝင်သည်။ 1932 ခုနှစ် အလယ်ပိုင်းတွင် ဩစတြေးလျားနိုင်ငံသား 32 ရာခိုင်နှုန်းနီးပါး အလုပ်လက်မဲ့ဖြစ်နေခဲ့သည်။

စီးပွားရေးကပ်ကြီးက ဩစတြေးလျားနိုင်ငံ လူမှုအဖွဲ့အစည်းကို အကြီးအကျယ် ထိခိုက်စေခဲ့ပါသည်။ မလုပ်မရှိ၊ ပုံမှန်ဝင်ငွေမရှိနှင့် လူအများစုမှာ အိမ်ခြေရာမဲ့ ဖြစ်ကုန်ကြသည်။ သူတို့သည် အနွေးဓာတ်မရှိ သို့မဟုတ် သန့်ရှင်းသောအိမ်သာမရှိသည့် ယာယီအိမ်းအကာများဖြင့်သာ မနေချင်ဘဲနေခဲ့ကြရသည်။ အချို့သောဖခင်ဖြစ်သူများက မိသားစုကို စွန့်ပစ်သွားကြသည် သို့မဟုတ် အရက်စွဲကုန်ကြသည်။ အလုပ်သမားလူတန်းစား၏ ကလေးများက အသက် 13 နှစ် သို့မဟုတ် 14 နှစ်တွင် ကျောင်းစထွက်ကုန်ကြသည်။ အမျိုးသမီးများစွာတို့က မိမိတို့၏ ကလေးများနှင့် အိမ်မှုကိစ္စများကို မိမိဘာသာကြည့်ရှုရင်း အခြေခံအလုပ်များကို လုပ်ကိုင်ခဲ့ကြသည်။

စီးပွားရေးကပ်ကြီးဆိုက်သည့်အချိန်အထိ အစိုးရတွင် အလုပ်လက်မဲ့များအတွက် ဗဟိုမှစီမံချက်တစ်စုံတစ်ခုမျှ မရှိခဲ့ပါ။ ကုသိုလ်ဖြစ်နှင့် ပုဂ္ဂလိကအဖွဲ့အစည်း အချို့မှလွဲလျှင် ဆင်းရဲသူများမှာ အလုပ်အကိုင်ရှာဖွေရေ အစီအစဉ်များနှင့် ပြည်သူ့ဆောက်လုပ်ရေးစီမံကိန်းများကိုသာ အားထားခဲ့ကြရသည်။ စီးပွားရေးမှာ 1932 ခုနှစ်တွင် စပြီးတိုးတက်လာသော်လည်း အများအားဖြင့် မိသားစုများအတွက် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်အဖတ်မဆယ်နိုင်တော့ပါ။

စီးပွားရေးကပ်ကြီးဆိုက်သည့်အချိန်တွင် ဩစတြေးလျားနိုင်ငံ ကုသိုလ်ဖြစ်အသင်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အဓိကပါဝင်အကျိုးပြုမှုကို မှတ်တမ်းတင်ခဲ့ကြသည်။



စီးပွားပျက်ကပ်အတွင်း စွပ်ပြုတ်ကျေးမွေးရာနေရာ

Sir Charles Kingsford Smith (1897–1935)

ဆာ ချားလ်စ် ကင်းဂ်ဖို့ဒ် စမစ်သ် (Sir Charles Kingsford Smith) သည် ရှေ့ဦးဩစတြေးလျားနိုင်ငံသား လေယာဉ်မှူးတစ်ဦးဖြစ်သည်။ ပထမကမ္ဘာစစ်ကြီးတွင် သူသည် ဂလစ်ပလီတွင် ပါဝင်တိုက်ခိုက်ခဲ့ပြီး ဗြိတိသျှတို့၏ တော်ဝင်လေတပ်တွင် ပါဝင်ပျံသန်းခဲ့သည်။

သူ၏အကြီးမားဆုံးသောအောင်မြင်မှုမှာ 1928 ခုနှစ်တွင် ကယ်လီဖိုးနီးယားမှ ကွင်းစလန်းအထိ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ပြီး ပထမဆုံးအကြိမ် ပျံသန်းခဲ့ခြင်း ဖြစ်သည်။ သူ၏လေယာဉ် 'ဆတ်သန်းနဲခရော့စ်' ခေါ် တောင်ပိုင်းကြယ်စုသည် ဩစတြေးလျားနိုင်ငံတွင် သက်ဆင်းသောအခါ ပရိသတ် 25,000 က သူတို့ချစ်ခင်လေးစားကြသော သူတို့၏သူရဲကောင်း 'စမစ်သီ' ကို စောင့်ပြီး ဩဘာပေးကြိုဆိုကြသည်။ 1932 ခုနှစ်တွင် သူသည် သူ၏ လေကြောင်းပျံသန်းမှု အကျိုးပြုမှုကြောင့် သူရဲကောင်းဘွဲ့ ချီးမြှင့်ခံရသည်။

1935 ခုနှစ် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်တစ်ခုမှာ သူသည် အင်္ဂလန်မှ ဩစတြေးလျားသို့ ပျံသန်းလာရင်း လေယာဉ်နှင့်အတူ ပျက်ကျပြီး သူ၏အလောင်းကို ယနေ့ထက်တိုင် ရှာဖွေ၍မတွေ့ရခြင်းဖြစ်ပါသည်။

ဆာ ချားလ်စ် ကင်းဂ်စ်ဖို့ဒ် စမစ်သ်ကို ကမ္ဘာ့အထူးချွန်ဆုံးလေယာဉ်မောင်းဟု ခေါ်ကြပြီ စီးပွားရေးကပ်ဆိုက်ကာလကြားတွင် သူသည် လူအများ အထင်ကြီးလေးစားရမည့် သူရဲကောင်းစစ်စစ် ဖြစ်ခဲ့ခြင်းအတွက် အမှတ်တရရှိခဲ့ကြသည်။



ဒုတိယကမ္ဘာစစ် (1939–45)

ဒုတိယကမ္ဘာစစ်တွင် ဩစတြေးလျားနိုင်ငံသည် ဥရောပ၊ မြေထဲပင်လယ်နှင့်မြောက်အာဖရိကတို့တွင် မဟာမိတ်များနှင့်အတူ ဂျာမန်ကို တိုက်ခိုက်ခဲ့သည်။ ၎င်းတို့သည် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင်ဂျပန်နှင့်လည်း တိုက်ခိုက်ခဲ့သည်။

မြောက်အာဖရိက၏ သဲကန္တာရများတွင် ဩစတြေးလျားတပ်ဖွဲ့များသည် ဂျာမန်နှင့် အီတလျံတပ်များက တိုဘရွတ်ခံမြို့ကို အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်သည်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး နောက်ဆုံးခံစစ်မှာ အီဂျစ်နိုင်ငံသို့ ဂျာမန်တို့ဝင်ရောက်မှုကို ခုခံခြင်းဖြစ်သည်။ ရှုစ်လအကြာတွင် ဤလူတို့သည် (အများအားဖြင့် ဩစတြေးလျားလူမျိုးများ) သည် ဂူများနှင့် အက်ကြောင်းနက်ကြီးများတွင် နေပြီး ပြင်းထန်သော တိုက်ခိုက်မှုများနှင့် ခက်ခဲသောအခြေအနေများကို ကြံ့ကြံ့ခံခဲ့သည်။ ၎င်းတို့တပ်ဖွဲ့များ၏ မာန်ပါသောနည်းဗျူဟာများနှင့် ပေါင်းစပ်လျက် ၎င်းတို့၏ စိတ်ဓာတ်ခိုင်မာမှု၊ ရဲရင့်မှုနှင့် ဟာသဉာဏ်ရွှင်မှုတို့သည် စစ်ပွဲ၏ အမှောင်ဆုံးကာလများအတွင်း စိတ်အားတက်ဖွယ်ရာ အရင်းအမြစ်တစ်ခု ဖြစ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့သည် 'တိုဘရွတ်ခံမြို့ကြွက်များ' ('Rats of Tobruk') အဖြစ် ထာဝရကျော်ကြားမှုကို ရရှိခဲ့သည်။



ကိုကိုဒါတောလမ်း၌ ဒဏ်ရာရ ဩစတြေးလျားစစ်သည်တစ်ဦးအား ပါပူအာ အထမ်းသမားတစ်ဦးက ကူညီနေပုံ

1941 ခုနှစ်တွင် ဂျပန်သည် ပစိဖိတ်ဒေသတွင် ၎င်း၏စစ်ပွဲကို စတင်ခဲ့သည်။ ဩစတြေးလျားစစ်သည်များနှင့် စစ်သမီးများမှ ပါပူအာ နယူးဂီနီကို ကာကွယ်ရန် သွားခဲ့သည်။ ဤတာဝန်ကို အမြဲတန်းစစ်သားများနှင့် လေ့ကျင့်မှုနည်းပါးသော စစ်မှုထမ်း စစ်သည်လူငယ်များကို လွှဲအပ်ပေးခဲ့သည်။ သူတို့သည် မတ်စောက်ပြီး ရှုံထူသော ကိုကိုဒါတောလမ်းဟု ခေါ်သော တောတွင်းနေရာတွင် ရန်သူအားတိုက်ခိုက်ကြသည်။ ဩစတြေးလျားစစ်သည်များက ရန်သူဂျပန်စစ်သည်များ၏ ထိုးဖောက်လာခြင်းကို ရပ်တန့်သွားစေသည်။ ဂလစ်ပလီရှိ အဲန်ဇက်ပင်လယ်ကွေ့ငယ်တွင် ကိုကိုဒါလမ်းကြောင်းသည် များစွာသောဩစတြေးလျားနိုင်ငံသားတို့ ဂါရဝပြုအပ်ရာနေရာတစ်ခု ဖြစ်လာသည်။

1942 ခုနှစ်တွင် ဂျပန်တို့က စင်ကာပူရှိ ဗြိတိသျှအခြေချစခန်းကို သိမ်းပိုက်ခဲ့သည်။ ဖမ်းဆီးပြီး ထိုင်း-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် အလုပ်လုပ်ရန် ခေါ်ဆောင်သွားခံရသူများတွင် ဩစတြေးလျားစစ်သည်ပေါင်း 15,000 ခန့်ပါဝင်ခဲ့သည်။ ဤထိုင်း-မြန်မာ မီးရထားလမ်းဆောက်လုပ်ရာတွင် ဩစတြေးလျားစစ်သည်ပေါင်းများစွာကို ဂျပန်တို့က ရက်စက်စွာဆက်ဆံခဲ့ကြသည်။ ဩစတြေးလျားစစ်သုံ့ပန်းများသည် အချင်းချင်းအကောင်းဆုံး စောင့်ရှောက်ခဲ့ကြသော်လည်း ဤနေရာတွင် ဩစတြေးလျားစစ်သုံ့ပန်း 2700 ကျော် သေဆုံးခဲ့ရသည်။

Sir Edward 'Weary' Dunlop (1907–93)

ဆာ အက်ဒ်ဝဒ်ဒ် 'ဝီးရီး' ဒန်းနေလော့ပ် (Sir Edward 'Weary' Dunlop) သည် ရဲစွမ်းသတ္တိရှိပြီး ကြင်နာတတ်သော ခွဲစိတ်ပါရဂူတစ်ဦးဖြစ်သည်။ ထို့အပြင် သူသည် ဩစတြေးလျားနိုင်ငံ၏ စစ်သူရဲကောင်းတစ်ဦးလည်း ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက သူကို ဂျပန်တို့က ဖမ်းဆီးပြီး ထိုင်း-မြန်မာ မီးရထားလမ်းတွင် အလုပ်လုပ်ရန် မြန်မာနိုင်ငံသို့ ခေါ်သွားခြင်းခံရသည်။ ထိုအလုပ်မှာ အလွန်ပင်ပန်းဆင်းရဲသည်။

ခေါင်းဆောင်တစ်ဦးအနေနှင့် ဝီးရီးသည် သူ၏ငယ်သားများအတွက် တာဝန်ယူပြောဆိုခဲ့ပြီး သူတို့၏ခွဲစိတ်ပါရဂူတစ်ဦးအနေနှင့် နာရီပေါင်းများစွာ ကုသမှုပြုလုပ်သည်။ သူ့အား စခန်းတွင် နှိပ်စက်ညှဉ်းပန်းသော်လည်း သူက အာခံပြီး ကုသမှု ဆက်လုပ်ခဲ့သည်။

1969 ခုနှစ်တွင် သူ၏ဆေးဘက်ဆိုင်ရာ အကျိုးပြုမှုအတွက် သူရဲကောင်းဘွဲ့ ချီးမြှင့်ခံရသည်။ သူကွယ်လွန်ချိန်၌ လူပေါင်း 10,000 က မဲလ်ဘွန်းမြို့လမ်းများပေါ်တွင် 'ရထားလမ်းပေါ်မှ ခွဲစိတ်ဆရာဝန်' ဟု သူတို့ခေါ်ကြသော သူရဲကောင်း၏ နိုင်ငံတော်ဈာပနအခမ်းအနားတွင် တန်းစီးဂုဏ်ပြုကြသည်။



အခြားသော ပဋိပက္ခများ

ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက် များမကြာမီ 1950 ခုနှစ်မှ 1953 ခုနှစ်အထိ ဩစတြေးလျား စစ်တပ်များကို မြောက်ကိုးရီးယား၏ ကွန်မြူနစ်တပ်များအား တောင်ကိုးရီးယားနိုင်ငံမှ ခုခံကာကွယ်ရန် ကုလသမဂ္ဂ နိုင်ငံပေါင်းစုံတပ်၏ တစ်စိတ်တစ်ဒေသအဖြစ် စေလွှတ်ခဲ့သည်။

များမကြာမီ ဩစတြေးလျားသည် နိုင်ငံကို ပြန်လည်သင့်မြတ်စေရန် ကြိုးစားနေသည့် ဗီယက်နမ်ကွန်မြူနစ် အင်အားစုများကို ဆန့်ကျင်ရန် တောင်ပိုင်းဗီယက်နမ်အစိုးရကို ထောက်ပံ့ပေးနေသည့် အမေရိကန်တပ်များနှင့် ပူးပေါင်းခဲ့သည်။ ဗီယက်နမ်စစ်ပွဲသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးကတည်းက ဩစတြေးလျား၏ အကြီးမားဆုံးလက်နက်ကိုင်တိုက်ခိုက်မှုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ 1962 ခုနှစ်မှ 1973 ခုနှစ်အထိ ကြာရှည်ပြီး ထိုအချိန်က ဩစတြေးလျားစစ်သမိုင်းတွင် အကြာရှည်ဆုံးသော စစ်ပွဲတစ်ခု ဖြစ်ခဲ့သည်။ ၎င်းမှာ ပါဝင်သည့်အကြောင်းရင်းနှင့် အထူးသဖြင့် ဩစတြေးလျားလူငယ်လေးများအား စစ်မှုမထမ်းနေရ ဥပဒေဖြင့် စစ်တပ်တွင်း အမှုထမ်းစေခြင်းအား ကန့်ကွက်ကြောင်း ပြသရန် ဩစတြေးလျားနိုင်ငံသားအမြောက်အများ လမ်းပေါ် ထွက်ဆန္ဒပြခဲ့ရသည့် အငြင်းပွားဖွယ်ရာပါဝင်မှုတစ်ခု ဖြစ်သည်။

ဩစတြေးလျားကာကွယ်ရေးတပ်ဖွဲ့သည် အရှေ့တီမော၊ အီရတ်၊ ဆူဒန်နှင့် အာဖဂန်နစ္စတန်တို့ရှိ ပဋိပက္ခများတွင်လည်း ပါဝင်ခဲ့ပြီး အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရှပစိဖတ်ဒေသအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် တစ်စိတ်တစ်ပိုင်း ပါဝင်လာခဲ့သည်။

အောက်မေ့ရန်

အဲန်းဇက်က်နေ့ အခမ်းအနားများကဲ့သို့ပင် ဩစတြေးလျားနိုင်ငံသားတို့က စစ်ပွဲအတွင်းတွင် တာဝန်ထမ်းဆောင်ကြပြီး အသက်ပေးသွားကြသူများကို အောက်မေ့ရန်နေ့တွင် ဂုဏ်ပြုကြသည်။ နှစ်စဉ် နိုဝင်ဘာလ (11 ခု မြောက်လ) 11 ရက် 11 နာရီတွင် ဩစတြေးလျားနိုင်ငံသားများက ခေတ္တတန့်ဆိုင်းပြီမသက်ကြပြီး စစ်ပွဲများနှင့် ပဋိပက္ခများတွင် ကျဆုံးကြသူများနှင့် ဒဏ်ရာရသူများအပြင် တာဝန်ထမ်းဆောင်ခဲ့ကြသော အမျိုးသားများ၊ အမျိုးသမီးများအားလုံးကိုပါ အမှတ်တရ ဂုဏ်ပြုကြသည်။ ထို့နေ့တွင် ကျွန်ုပ်တို့သည် ပေါ်ပီပန်း အနီရောင်ကို အင်္ကျီတွင် တပ်ဆင်ကြသည်။

1900 ပြည့်နှစ်များ စောစောပိုင်းက ပြောင်းရွှေ့အခြေချခြင်းများ

ပထမနှင့် ဒုတိယကမ္ဘာစစ်တို့၏ ကြားကာလတွင် ဩစတြေးလျားနိုင်ငံသို့ ဝင်ရောက်နိုင်ရန်အတွက် လိုအပ်ချက်များ၌ ကန့်သတ်မှုများ ဆက်လက်တည်ရှိနေခဲ့သည်။ သို့သော် ရွှေ့ပြောင်းအခြေချသူများအနက် အထူးသဖြင့်ဥရောပတိုက်တောင်ပိုင်းမှ အမျိုးသားများ၏ အရေအတွက်တိုးပွားလာသည်။ သူတို့နှင့်အတူ ကျွမ်းကျင်မှုများ၊ ပညာရေးနှင့် သူတို့၏ကိုယ်ပိုင် ယဉ်ကျေးမှု အမွေအနှစ်များ ပါလာကြသည်။ သူတို့သည် ဩစတြေးလျားနိုင်ငံကျေးလက်ဒေသများ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကားလမ်းများ၊ ရထားလမ်းများ ဖောက်လုပ်ခြင်းတို့တွင် ပါဝင်ကူညီခဲ့ကြသည်။ ကျွမ်းကျင်သော အီတာလျံ ကျောက်သားပန်းရံဆရာများက ကျွန်ုပ်တို့၏ အများပြည်သူဆိုင်ရာ အဆောက်အဦများနှင့် နေအိမ်များ ဆောက်လုပ်ရာတွင် သိသာထင်ရှားစွာ ပါဝင်အကျိုးပြုခဲ့ကြပါသည်။



ဩစတြေးလျားနိုင်ငံသို့ ရောက်ရှိလာသော ဥရောပရွှေ့ပြောင်းအခြေခြေနေထိုင်သူတစ်ဦး

1930 ခုနှစ်များအကုန်တွင် ဂျူးလူမျိုးဒုက္ခသည်များ ဥရောပမှစ၍ ရောက်လာကြသည်။ သူတို့သည် နာဇီဂျာမနီ၏ခြိမ်းခြောက်မှုမှ ထွက်ပြေးလာကြခြင်းဖြစ်သည်။ သူတို့သည် ဂျာမနီ၊ ဩစတြေးလျား၊ ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီနှင့် ပိုလန်နိုင်ငံတို့မှ လာကြသည်။ များစွာမှာ ပညာရည်မြင့်မားကြပြီး ဩစတြေးလျား စီးပွားရေးနှင့် ယဉ်ကျေးမှု လောကအတွက် လွန်စွာအကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဖမ်းဆီးရမိသော အီတာလျံစစ်သား 18,000 ခန့်ကို ဩစတြေးလျားနိုင်ငံ စစ်သုံ့ပန်းစခန်းများတွင် ထိန်းသိမ်းထားရှိခဲ့သည်။ ၎င်းတို့သည် စစ်အကျဉ်းစခန်းများတွင် အချိန်တိုတိုသာနေခဲ့ကြရသော်လည်း ၎င်းတို့ကို ကောင်းစွာဆက်ဆံပြီး လူအများအပြားတို့သည် ဤနိုင်ငံမြေနှင့် လူမျိုးများအကြောင်းကို လေ့လာခဲ့ကြသည်။ စစ်အပြီးတွင် လူများစွာက ပြောင်းရွှေ့အခြေချသူများအဖြစ် ပြန်လာကြသည်။

ကမ္ဘာစစ်အပြီး ဒုက္ခသည်များ

ကမ္ဘာစစ်အပြီးတွင် ဩစတြေးလျားနိုင်ငံက လူဦးရေ တိုးပွားလာစေရန်အတွက် အခြားသော ဥရောပနိုင်ငံများမှ ပြောင်းရွှေ့အခြေချလာကြရန် တိုက်တွန်းခဲ့သည်။ လူဦးရေ သန်းပေါင်းများစွာတို့မှာ နာဇီဂျာမနီလက်မှ ထွက်ပြေးစွန့်ခွာရသည် သို့မဟုတ် ယခုဆိုဗီယက် ရုရှမှ သိမ်းပိုက်ထားသည့် မိမိတို့၏ ရပ်ရွာများကို မပြန်နိုင်ခဲ့ကြပေ။ ဤသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သူဦးရေ 170,000 နီးပါးကို ဘဝသစ်စတင်ရန် ဩစတြေးလျားနိုင်ငံတွင် လက်ခံခဲ့သည်။

ထို့အပြင် ဩစတြေးလျားနိုင်ငံတွင် အလုပ်သမားဦးရေ ရှားပါးမှုကိုလည်း ကြိုးမားစွာ ကြုံတွေ့နေခဲ့ရသည်။ ထိုအချိန်က ဩစတြေးလျားအစိုးရသည် လူဦးရေတိုးပွားမှုက နိုင်ငံတော်၏ အနာဂတ်အတွက် ပဓာနကျသည်ဟု ခံယူခဲ့သည်။ အသက် 45 နှစ်အောက်ရှိသည့် ကျန်းမာရေးကောင်းသော ပြောင်းရွှေ့အခြေချသူ လူကြီးဆိုလျှင် 10 ပေါင်၊ ၎င်းတို့၏ကလေးများဆိုလျှင် ဩစတြေးလျားနိုင်ငံကို အခမဲ့လာနိုင်ကြသည်။ သို့သော် ဥရောပနိုင်ငံများ သို့မဟုတ် ဗြိတိန်နိုင်ငံမှလွဲ၍ အခြားနိုင်ငံသားများအတွက်ကိုမူ ကန့်သတ်ချက်များ ထားရှိဆဲဖြစ်သည်။



စနိုးဝီးမောင်တိန် ရေအားလျှပ်စစ်စီမံကိန်း
(The Snowy Mountains Hydro-Electric Scheme)

1949 ခုနှစ်တွင် အစိုးရသည် စနိုးဝီးမြစ်မှရေများ ဗစ်ကတိုးရီးယားပြည်နယ် အရှေ့ပိုင်းရှိ ပင်လယ်ထဲသို့ စီးမဝင်မီ တားထားနိုင်မည့် ရဲရင့်သော စီမံကိန်းတစ်ခုကို စတင်လုပ်ဆောင်ခဲ့သည်။ ဤရေများကို ဆည်မြောင်းသွယ်ခြင်းအတွက်နှင့် လျှပ်စစ်စွမ်းအင် ထုတ်ယူရာတွင် အသုံးပြုရန်အတွက် ကုန်းတွင်းပိုင်းသို့ စီးဆင်းရန် လမ်းလွှဲပေးခဲ့သည်။ ယင်းမှာ ပြီးမြောက်ရန် နှစ်ပေါင်း 25 နှစ်ကြာအောင် အချိန်ယူတည်ဆောက်ခဲ့ရသည့် ဇရာမစီမံကိန်းတစ်ခုဖြစ်ခဲ့သည်။

ဤစီမံကိန်းသည် ဩစတြေးလျားနိုင်ငံ၏ အကြီးမားဆုံး စက်မှုအတတ်ပိုင်းဆိုင်ရာ စီမံကိန်းဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး ရေအားလျှပ်စစ် စီမံကိန်းများအနက်တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာပေါ်ရှိ ခေတ်မီစက်မှုပိုင်းဆိုင်ရာအခဲ့ဖွယ်ရာများအနက်မှာ တစ်ခုအဖြစ် အသိအမှတ်ပြုခံရသည်။

စနိုးဝီးမောင်တိန်စီမံကိန်းသည် နယူးဆောက်သ်ဝေးလ်စ် ပြည်နယ်၊ ကော်ရှူစ်ဇကို (Kosciusko) အမျိုးသားဥယျာဉ်အတွင်းတွင် တည်ရှိသည်။ စီမံကိန်းတွင် ရေကာတာကြီး 16 ခု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ 7 ခု၊ ရေစုပ် စက်ရုံတစ်ရုံအပြင် ဥမင်လိုက်ခေါင်းများ၊ ပိုက်လိုင်းများ၊ ရေသွယ်မြောင်းများ စုစုပေါင်း 225 ကီလိုမီတာ ပါဝင်သည်။ ၎င်းတို့အများစုမှာ မြေအောက်တွင်ဖြစ်သည်။

ဤစီမံကိန်းသည် နယူးဆောက်သ်ဝေးလ်စ်နှင့် ဗစ်ကတိုးရီးယားပြည်နယ် ကုန်းတွင်းပိုင်းရှိ လယ်မြေများအတွက် မရှိမဖြစ်အရေးပါသော ရေကို ထောက်ပံ့ပေးခဲ့သည်။ ၎င်း၏ ဓာတ်အားပေးရုံများသည်လည်း နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် လျှပ်စစ်ဓာတ်အား၏ 10 ရာခိုင်နှုန်းအထိ ထုတ်ပေးနိုင်ခဲ့သည်။

ဤစီမံကိန်းလုပ်ငန်းကို 1949 ခုနှစ်တွင် စတင်ခဲ့ပြီး 1974 ခုနှစ်တွင် ပြီးစီးခဲ့သည်။ စီမံကိန်းတွင် နိုင်ငံပေါင်း 30 ကျော်မှ အလုပ်သမားပေါင်း 100,000 ကျော်ပါဝင်ခဲ့ကြသည်။ ထိုအလုပ်သမားများ၏ 70 ရာခိုင်နှုန်းသည် ပြောင်းရွှေ့အခြေချသူများ ဖြစ်ကြသည်။ စီမံကိန်းပြီးဆုံးသွားပြီးနောက် ဥရောပတိုက်မှ အလုပ်သမားအများစုက ဩစတြေးလျားနိုင်ငံတွင် ဆက်လက်နေထိုင်ကြကာ ဩစတြေးလျားနိုင်ငံ၏ ယဉ်ကျေးမှုမျိုးစုံပါဝင်သော လူမှုအဖွဲ့အစည်းအတွက် အဖိုးတန်သော ပါဝင်အကျိုးပြုမှု ဖြစ်စေခဲ့သည်။

စနိုးဝီးမောင်တိန် စီမံကိန်းသည် ဩစတြေးလျားနိုင်ငံ၏ လွတ်လပ်ပြီး၊ ယဉ်ကျေးမှု မျိုးစုံပါဝင်ကာ သယံဇာတ အရင်းအမြစ် ပေါများသည့် နိုင်ငံတော်ဝိသေသ၏ အရေးကြီးသော သင်္ကေတလက္ခဏာတစ်ရပ် ဖြစ်ပါသည်။

အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများကို ဆက်ဆံပုံ

1940 နှင့် 1950 ခုနှစ်များတွင် ဩစတြေးလျားနိုင်ငံအစိုးရ၏ အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများအပေါ် ထားရှိသည့် မူဝါဒမှာ ရောနှောသမသည့် မူဝါဒများအနက်မှ တစ်ခုဖြစ်ခဲ့သည်။ ယင်း၏ ဆိုလိုချက်မှာ အက်ဘော်ရစ်ဂျင်နယ်နှင့် တော်ရယ်စ် ရေလက်ကြားကျွန်းသားများအနေဖြင့် ရှေးဦးတိုင်းရင်းသားမဟုတ်သူများကဲ့သို့ နေထိုင်ရမည်ဟု စေခိုင်းသည်။ ရှေးဦးတိုင်းရင်းသားများက သူတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို မပျောက်ပျက်စေလိုကြသဖြင့် ဤမူဝါဒမှာ အလုပ်မဖြစ်ခဲ့ပါ။

1960 ခုနှစ်များတွင် ပေါင်းစည်းရေး မူဝါဒသို့ပြောင်းလဲသည်။ ဩစတြေးလျားနိုင်ငံအတွင်းနေထိုင်ကြသည့် အမျိုးသားအများစုသည် 1850 ခုနှစ်များတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိကြသော်လည်း အက်ဘော်ရစ်ဂျင်နယ်လူမျိုးများအားလုံးကို 1962 ခုနှစ်တိုင် ဓနသဟာယ မဲဆန္ဒပေးပိုင်ခွင့်မပေးအပ်ခဲ့ပါ။ ပေါင်းစည်းရေးမူဝါဒကြောင့် အက်ဘော်ရစ်ဂျင်နလ် လူမျိုးများအား ပြည်သူ့အခွင့်အရေးများ ပေးအပ်ခဲ့သော်လည်း သူတို့ကို ရှေးဦးတိုင်းရင်းသားမဟုတ်သော ဩစတြေးလျားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ကိုက်ညီစွာ နေထိုင်ရမည်ဟု မျှော်လင့်လျက်ရှိခဲ့သည်။

1967 ခုနှစ်တွင် ဩစတြေးလျားနိုင်ငံသားများ၏ 90 ရာခိုင်နှုန်းကျော်က သမိုင်းဝင် ဆန္ဒခံယူပွဲတွင် အက်ဘော်ရစ်ဂျင်နလ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများအား ဩစတြေးလျားနိုင်ငံ၏ ပါးနှစ်တစ်ကြိမ်ကောက်ယူသည့် လူဦးရေနှင့်သန်းခေါင်စာရင်းတွင် ထည့်သွင်းရေတွက်ရန် 'သဘောတူ၏' ဆန္ဒမဲပေးခဲ့ကြသည်။ ဤသည်က ဩစတြေးလျားပြည်သူအများစုသည် အက်ဘော်ရစ်ဂျင်နလ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများကိုလည်း အခြားသူများနည်းတူ ရပိုင်ခွင့် အခွင့်ရေးများကိုလည်း ရစေလိုကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

ဤလူဘောင်၏ စံတန်ဖိုးများ ကျယ်ပြန့်လာခြင်းနှင့် အားကောင်းသော အက်ဘော်ရစ်ဂျင်နလ် ကန့်ကွက်ဆန္ဒပြမှုသည် အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများနှင့် ဆက်စပ်သော မူဝါဒများ ချမှတ်ရန်အတွက် အဓိကကျသော လမ်းညွှန်အခြေခံမူတစ်ခုအဖြစ် မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာဆုံးဖြတ်ပိုင်ခွင့်ရှိရမည်ဟူသော မူဝါဒပေါ် ပေါက်လာစေရန် လမ်းကြောင်းပေးခဲ့သည်။ အက်ဘော်ရစ်ဂျင်နလ်နှင့် တော်ရယ်စ်ရေလက်ကြား ကျွန်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပြောဆိုခွင့်ရှိရမည်ဟု ဩစတြေးလျားအစိုးရက အသိအမှတ်ပြု သဘောတူလာခဲ့သည်။

မြောက်ပိုင်းဒေသ ဝေ့ဝ်ဟီးလ် (Wave Hill) နွားမွေးမြူရေး စခန်းကြီးတွင် ဖြစ်ပွားခဲ့သည့် ဂူရင်ဒ်ဂျီ ကန့်ကွက်ဆန္ဒပြခြင်း (Gurindji Strike) က မြေယာပိုင်ဆိုင်မှု အခွင့်အရေးများအပေါ် ကန့်ကွက်ဆန္ဒပြခြင်းကို အများပြည်သူ သတိပြုစေခဲ့သည်။ ဗင်းဆင့်တ် လင်ဂီယာရီ (Vincent Lingiari) ဦးဆောင်သော တိရစ္ဆာန်ထိန်းကျောင်းသူများက မွေးမြူရေးစခန်းကြီးမှထွက်ကာ လစာနှင့်အလုပ်အခြေအနေများကြောင့် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ သူတို့၏ လုပ်ရပ်များက အယ်ဒီမာဘို (Eddie Mabo) နှင့် အခြားသူများကို မြေယာပိုင်ဆိုင်မှုအတွက် တိုက်ပွဲဝင်ရန်လမ်းအဖြစ် ပေါ် ပေါက်သွားစေခဲ့သည်။

1976 ခုနှစ်တွင် အက်ဘော်ရစ်ဂျင်နလ်လူမျိုးများ မြေရာပိုင်ဆိုင်မှု (မြောက်ပိုင်းဒေသ) အက်ဥပဒေအရ ဩစတြေးလျားအတွင်းပိုင်းဒေသများတွင် အက်ဘော်ရစ်ဂျင်နလ် လူမျိုးများအား ကျယ်ပြန့်သော မြေဧရိယာများကို ပိုင်ဆိုင်စေခဲ့သည်။ 1990 နှစ်စု အဦးပိုင်းတွင် တရားရုံးချုပ်၏ မာဘိုဆုံးဖြတ်ချက်နှင့် *1993 ခုနှစ် ဒေသခံတိုင်းရင်းသား မြေယာပိုင်ဆိုင်ခွင့် အက်ဥပဒေ* တို့က အက်ဘော်ရစ်ဂျင်နလ်နှင့်တောရယ်စ် ရေလက်ကြားကျွန်းသားများသည် မိမိတို့၏ ရိုးရာဥပဒေစည်းကမ်းများနှင့် ဓလေ့ထုံးစံများကို အခြေခံပြီး မြေပိုင်ဆိုင်မှု တောင်းဆိုခွင့်ရှိကြောင်း အသိအမှတ်ပြုခဲ့သည်။

ဩစတြေးလျားနိုင်ငံ၏ ကြီးမားသော အပိုင်းကို ရှေးဦးတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်မြေအဖြစ် သတ်မှတ်ထားသည်။ ဤအရပ်ဒေသများတွင် ရိုးရာလူအဖွဲ့အစည်းများ၏ လက္ခဏာများမှာ ဆက်လက်ရှင်သန်ထွန်းကားဆဲဖြစ်သည်။

1997 ခုနှစ် မေလတွင် ဩစတြေးလျားပါလီမန်၌ 'သူတို့အား အိမ်သို့ပြန်ခေါ်လာခြင်း' အစီရင်ခံစာကို တင်ပြသည်။ အရေအတွက်များစွာသောအက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စ် ရေလက်ကြားကျွန်းသား ကလေးများအား သူတို့၏ မိသားစုများထံမှာ ဖယ်ရှားခြင်းအပေါ် စုံစမ်းစစ်ဆေးမှုပြုရာမှ ဤအစီရင်ခံစာ ဖြစ်ပေါ် လာရခြင်းဖြစ်သည်။ ဤကလေးများကို 'အခိုးခံရသော မျိုးဆက်များ' ဟု သိရှိလာကြသည်။ အစီရင်ခံစာ၏ ရလဒ်ကြောင့် ထောင်ပေါင်းများစွာသော ဩစတြေးလျားနိုင်ငံသားတို့က 1998 ခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပသော နိုင်ငံတော်၏ 'တောင်းပန်သည့်နေ့' တွင် အတူတကွ စုပေါင်းချီတက်ကြပြီး ရှေးဦးတိုင်းရင်းသား ရဲဘော်ရဲဘက်များကို ထောက်ခံအားပေးခဲ့ကြသည်။

အခိုးခံရသော မျိုးဆက်များအား နိုင်ငံတော်မှတောင်းပန်ခြင်း (2008 ခုနှစ်)

2008 ခုနှစ် ဖေဖော်ဝါရီလ 13 ရက်နေ့တွင် ဩစတြေးလျားပါလီမန်အတွင်း ဩစတြေးလျားဝန်ကြီးချုပ်က ဩစတြေးလျားနိုင်ငံသားအားလုံးကိုယ်စား အခိုးခံရသော မျိုးဆက်များကို နိုင်ငံတော်ဆိုင်ရာ တောင်းပန်ပွဲပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ်က ရှေးဦးတိုင်းရင်းသား ဩစတြေးလျား နိုင်ငံသားများအား အတိတ်ကာလက ဆက်ဆံခဲ့ကြသည့် နည်းလမ်းများသည် မှားယွင်းကြောင်း၊ အထူးသဖြင့် အက်ဘော်ရစ်ဂျင်နလ်နှင့်တောရယ်စ် ရေလက်ကြားကျွန်းသားများ၏ ကလေးများအား မိဘများထံမှ ဖယ်ရှားယူငင်ခဲ့သော နည်းလမ်းသည် မှားယွင်းပါကြောင်း တောင်းပန်ခဲ့သည်။


ထိုမိန့်ခွန်းကို ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများမှ ထုတ်လွှင့်သည်။ ဩစတြေးလျားနိုင်ငံသား ထောင်ပေါင်းများစွာတို့သည် အများပြည်သူစုဝေးရာနေရာများနှင့် လုပ်ငန်းခွင်များတွင် 'တောင်းပန်သည့်' မိန့်ခွန်းကို နားထောင်ရန် စုဝေးကြသည်။ ထိုမိန့်ခွန်းသည် အတိတ်က မတရားမှုများကို တရားဝင် ထုတ်ဖော်ပြပြီး ၎င်းမတရားမှုများအတွက် တောင်းပန်သည်။ ၎င်းသည် အက်ဘော်ရစ်ဂျင်နလ်နှင့်တောရယ်စ် ရေလက်ကြားကျွန်းသားများ၏ ခံစားချက်များ ပျောက်ကင်းသက်သာစေရန်နှင့် နောင်အနာဂတ်တွင် ဤကဲ့သို့ မတရားမှုများ ထပ်မံလုံးဝမဖြစ်ပေါ် ရန် အရေးကြီးသော ခြေလှမ်းတစ်လှမ်းဖြစ်သည်။ 'တောင်းပန်သည့်' မိန့်ခွန်းသည် ဩစတြေးလျားနိုင်ငံသားအားလုံးအတွက်လည်း ရှေ့သို့လှမ်းသည့် အရေးကြီးသော ခြေလှမ်းတစ်လှမ်းဖြစ်ခဲ့ပါသည်။



ဆစ်ဒနီ မိုးကောင်းကင်ပေါ်တွင် 'တောင်းပန်ပါသည်' ကို လေယာဉ်နှင့် စာလုံးဖော်နေသူ

ဩစတြေးလျားနိုင်ငံ၏ ဝိသေသအား အက်ဘော်ရစ်ဂျင်နလ်နှင့်တောရယ်စ် ရေလက်ကြားကျွန်းသားများ၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးပြုမှုဖြင့် ပံ့ပိုးခဲ့ခြင်းကို ယခုအခါ အသိအမှတ်ပြုကြပြီး ဂုဏ်ပြုကြပါသည်။ အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စ်ရေလက်ကြားကျွန်းသားများစွာသည် တရားစီရင်ရေး၊ နိုင်ငံရေးရာ၊ အနုပညာနှင့် အားကစားအပါအဝင် ဩစတြေးလျားလူဘောင်တစ်ခုလုံးအတွင်း ဦးဆောင်သမ္မုတြနေကြသော အဆင့်နေရာများစွာတွင် ရှိနေပါသည်။

Albert Namatjira (1902–59)




အဲလ်ဘတ် နာမတ်ဂျီးရား (Albert Namatjira) သည် ဩစတြေးလျားရှုခင်းများကို ပန်းချီဆွဲရေးနည်းပုံစံအသစ်စက်စက်တစ်ခုကို စတင်ခဲ့သည့် ဩစတြေးလျားနိုင်ငံ၏ ပန်းချီအနုပညာရှင် အကျော်အမော်တစ်ဦးဖြစ်သည်။ အာရ်ရယ်နဲတေး (Arrernte) အမျိုးသား လူငယ်တစ်ဦးအနေနှင့် အဲလ်ဘတ်၌ ပန်းချီပါရမီ ရှိခဲ့သည်။ သူသည် ကျောင်းစာအခြေခံအလွန်နည်းပါးခဲ့သော်လည်း သူ၏ ဩစတြေးလျား ကျေးလက်၏ ရေဆေးပန်းချီများမှာ အလွန်ခေတ်စားခဲ့ပြီး အားလုံးမှာ လျင်မြန်စွာရောင်း၍ ကုန်သည်။

သူနှင့်သူဇနီးတို့သည် ဩစတြေးလျားနိုင်ငံတွင် နိုင်ငံသားအဖြစ် ခွင့်ပြုခံရသော အက်ဘော်ရစ်ဂျင်နယ် လူမျိုးများထဲမှ ပထမဆုံးဖြစ်ကြသည်။ ၎င်း၏ အဓိပ္ပါယ်မှာ သူတို့၌ မဲဆန္ဒပေးပိုင်ခွင့်ရှိသည်၊ ဟိုတယ်တစ်ခုခုအတွင်း ဝင်နိုင်သည်၊ ကြိုက်နှစ်သက်ရာ မည်သည့်နေရာတွင်မဆို သူတို့ အိမ်ဆောက်နိုင်သည်ကို ဆိုလိုသည်။ အဲလ်ဘတ်၏ ဩစတြေးလျားနိုင်ငံသား ဖြစ်လာခြင်းက အခြားရှေးဦးတိုင်းရင်းသား ဩစတြေးလျားများထံ၌ ဤအခွင့်အရေးများမရှိကြောင်း ထင်ရှားပေါ်လွင်စေခဲ့သည်။

သူဘဝက ရှေးဦးတိုင်းရင်းသား မဟုတ်ကြသူ ဩစတြေးလျားနိုင်ငံသားများကို လူမျိုးရေးခွဲခြားသော ဥပဒေ၏ တရားမျှတမှုမရှိပုံကို ပြသခဲ့ပြီး အက်ဘော်ရစ်ဂျင်နလ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများ၏ ပြောင်းလဲမှုအတွက် အထောက်အကူဖြစ်စေခဲ့သည်။

Eddie Mabo (1936–92)



အယ်ဒီ ကိုအီကီ မာဘိုသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်ပြီး ရှေးဦးတိုင်းရင်းသား မြေပိုင်ဆိုင်ခွင့်များအတွက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည်။ သူအား တော်ရယ်စ်ရေလက်ကြားရှိ မာရီယမ် (Meriam) လူမျိုးတို့၏ ရိုးရာမြေဖြစ်သော မာရေးကျွန်း (Murray Island) တွင် မွေးဖွားခဲ့သည်။

ငယ်စဉ်ကပင် မည်သည့်သစ်ပင်များ၊ မည်သည့်ကျောက်တုံးများက သူမိသားစု၏ ပိုင်မြေနယ်နိမိတ်ဖြစ်သည်ကို သူအား တိတိကျကျ သင်ပေးခဲ့သည်။

နှစ်ပေါင်းများစွာကြာပြီးမှ သူဘိုးဘွားမြေသည် ဩစတြေးလျားနိုင်ငံ ဥပဒေအရ သူမိသားစုမပိုင်ဘဲ နိုင်ငံပိုင်ဟု သတ်မှတ်ထားကြောင်း အယ်ဒီသိခဲ့ရသည်။ သူသည် သူ၏အမျက်ဒေါသကို လှုပ်ရှားမှုအဖြစ် ပြောင်းလဲပြီး မာရေးကျွန်းလူထုကိုယ်စား သူ၏ စံနမူနာပြအမှုကို တရားရုံးတင်ခဲ့သည်။

နှစ်ပေါင်းများစွာ ကြာပြီး 1992 ခုနှစ်တွင် တရားရုံးချုပ်၌ အယ်ဒီ (Eddie) အမှု နိုင်လိုက်သည်။ မာဘိုအမှုတွင် အကယ်၍အက်ဘော်ရစ်ဂျင်နလ်တိုင်းရင်းသားများသည် သမိုင်းကြောင်းအရနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ သူတို့နှင့် သူတို့နေထိုင်ရာမြေအကြား စဉ်ဆက်မပြတ် ဆက်သွယ်မှုရှိကြောင်း သက်သေပြနိုင်ပါက ထိုမြေကို သူတစ်ပါးက တင်ပြတောင်းခံခြင်းမရှိလျှင် ပိုင်ဆိုင်မှုအတွက် လျောက်ထားနိုင်သည်ဟု ဆုံးဖြတ်ချက်အမိန့်ထုတ်သည်။ ဤဆုံးဖြတ်ချက်ကြောင့် မြေဓရိယာများစွာကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်စေခဲ့သည်။

အယ်ဒီမာဘိုကို သူ၏သတ္တိနှင့် အက်ဘော်ရစ်ဂျင်နလ်နှင့် တောရယ်စ်ရေလက်ကြား ကျွန်းသားများ၏ မြေရာပိုင်ဆိုင်မှုများကို ရရှိစေသည့်အတွက် အမှတ်တရရှိကြသည်။

ယဉ်ကျေးမှုစုံ ရွှေ့ပြောင်းအခြေချနေထိုင်ခြင်း

1950 နှစ်များနှင့် 1960 နှစ်များတွင် အာရှသားများ၊ ဘုရားကျောင်းများနှင့် အခြားအဖွဲ့အစည်းများအားလုံးက 'အဖြူရောင် ဩစတြေးလျား' မူဝါဒကို ရပ်ဆိုင်းရန် လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့ကြသည်။

1958 ခုနှစ်တွင် အစိုးရသည် သတ်ပုံခေါ် ပေးသည့် စာမေးပွဲကို ဖယ်ရှားလိုက်ပြီး 1966 ခုနှစ်တွင် ဩစတြေးလျားနိုင်ငံသည် ဥရောပတိုက်သား-မဟုတ်ကြသူများနှင့် ကျွမ်းကျင်မှုရှိသူ အာရှတိုက်သားများကို စတင်ရွေးချယ်ခဲ့သည်။ အဆုံးတွင် ဩစတြေးလျားနိုင်ငံသားတို့က ဩစတြေးလျားနိုင်ငံ၏ ပြောင်းရွှေ့အခြေချသူများဆိုင်ရာ အစီအစဉ်တွင် နိုင်ငံအားလုံး ပါဝင်စေခြင်း၏ တန်ဖိုးကို အသိအမှတ်ပြုလာကြသည်။

1973 ခုနှစ်တွင် 'အဖြူရောင်ဩစတြေးလျား' မူဝါဒဖျက်ပြယ်ပြီး ဩစတြေးလျားနိုင်ငံသည် ယဉ်ကျေးမှုမျိုးစုံ မူဝါဒဘက်သို့ ဦးတည်လာခဲ့သည်။ ဤအချိန်မှစ၍ အစိုးရသည် ပြောင်းရွှေ့အခြေချရာတွင် လူမျိုးရေးအရ လိုအပ်ချက်အားလုံးကို ဖယ်ရှားလိုက်သည်။ 1975 ခုနှစ် ဗီယက်နမ်စစ်ပွဲပြီးဆုံးသည့်အချိန်တွင် အာရှဒုက္ခသည်များနှင့် ဗီယက်နမ်၊ တရုတ်နှင့် အိန္ဒိယတို့မှ အများစုဖြစ်သော ပြောင်းရွှေ့အခြေချနေသူများ၏ စံချိန်တင်လောက်သည့် အရေအတွက်ကိုလက်ခံခဲ့သည်။

1945 ခုနှစ်မှစတင်ပြီး စစ်ပွဲကြောင့် ထိခိုက်ခဲ့ကြရသည့် တိုင်းပြည်မှ ဒုက္ခသည်ပေါင်းများစွာအပါအဝင် ဩစတြေးလျားနိုင်ငံတွင် နေထိုင်ရန် လူသန်းပေါင်းများစွာ လာရောက်ခဲ့ကြသည်။ ယခုအခါ ကျွန်ုပ်တို့ထံ ပြောင်းရွှေ့အခြေချသူများမှာ ကမ္ဘာတစ်ဝန်းမှ ဖြစ်ကြသည်။

ဩစတြေးလျားနိုင်ငံတွင် တိုင်းရင်းသားတိုင်း၊ မျိုးနွယ်တိုင်း သို့မဟုတ် ယဉ်ကျေးမှုတိုင်း၏ မျိုးနွယ်ဝင်တစ်ဦးစီသည် ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည်ဟု ခံစားစေနိုင်သည့် ထိရောက်သော ပါဝင်မှုရှိခြင်း မူဝါဒရှိပါသည်။ ဤမူဝါဒသည် အစိုးရမူဝါဒများအပါအဝင် ဩစတြေးလျားနိုင်ငံ လူမှုအဖွဲ့အစည်း၏ ဘက်ပေါင်းစုံတွင် ကိန်းအောင်းတည်ရှိနေပါသည်။ ယင်းသည် ကလေးငယ်များဘဝမှ တက္ကသိုလ်တက်ရောက်သည်အထိ ကျွန်ုပ်တို့၏ ပညာရေးသင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းဖြစ်ပြီး လုပ်ငန်းခွင်နေရာတိုင်းတွင် လက်တွေ့ကျင့်သုံးကြပါသည်။

လူတစ်ဦးချင်းစီ၌ ညီတူညီမျှနှင့် နှိမ့်ချခြင်းကင်းစွာ ဆက်ဆံခံရမည့် အခွင့်အရေးကို ဩစတြေးလျားနိုင်ငံ လူအခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့် အစိုးရ၏ နှိမ့်ချဆက်ဆံခြင်း တိုက်ဖျက်ရေးဆိုင်ရာ အေဂျင်စီများက ပြည်နယ်နှင့်ဒေသအားလုံးတွင် ကာကွယ်ပေးထားသည်။ လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုကို လူသိရှင်ကြား ပြစ်တင်ရှုချပြီး ၎င်းသည် တရားဥပဒေအရ ပြစ်မှုတစ်ခုဖြစ်သည်။

ဩစတြေးလျားနိုင်ငံသည် စည်းလုံးညီညာပြီး သဘောထားညီညွတ်သည့် ယဉ်ကျေးမှုမျိုးစုံပါဝင်သော လူမှုအဖွဲ့အစည်းကြီး ဖြစ်လာပါပြီ။ ဤနိုင်ငံသည် ပြောင်းရွှေ့အခြေချသူများ၊ ရှေးဦးတိုင်းရင်းသား ဩစတြေးလျားနိုင်ငံသားများနှင့် ဩစတြေးလျားနိုင်ငံတွင် မွေးဖွားကြသူများ မိမိတို့၏ ရည်မှန်းချက်များကို လွတ်လပ်မှုဖြင့် ငြိမ်းချမ်းစွာ ရယူနိုင်သည့်နေရာဖြစ်သည်။

Dr Victor Chang (1936–91)

ဒေါက်တာ ဗစ်ကတာချန်းသည် ဩစတြေးလျားနိုင်ငံ၏ အတော်ဆုံး နှလုံးရောဂါ ခွဲစိတ်ကုဆရာဝန်များအနက် တစ်ဦးဖြစ်သည်။ ဗစ်ကတာပီတာချန်း ယမ်မ်ဟင်းမ် (Victor Peter Chang Yam Him) ကို 1963 ခုနှစ်၌ တရုတ်ပြည်တွင် မွေးဖွားခဲ့ပြီး ဩစတြေးလျားနိုင်ငံသို့ 15 နှစ်အရွယ်တွင် ရောက်ရှိခဲ့သည်။

သူသည် ဆစ်ဒနီရှိ စိန့်ဗင်းဆင့်တ် ဆေးရုံ (St Vincent's Hospital) တွင် အလုပ်လုပ်ခဲ့ပြီး 1984 ခုနှစ်တွင် ဩစတြေးလျားနိုင်ငံ၏ ပထမဆုံး နှလုံးအစားထိုး အထူးကုဌာနကို စတင်တည်ထောင်ခဲ့သည်။ 1986 ခုနှစ်တွင် ဗစ်ကတာအား ဩစတြေးလျားနိုင်ငံ၏ သူကောင်းပြုခံရသူဘွဲ့ (Companion of the Order of Australia) ကို ချီးမြှင့်ခံရသည်။

ဗစ်ကတာသည် နှလုံးအလှူရှင်များ အလုံအလောက်မရှိခြင်းကို ပူပန်ပြီး နှလုံးအတုကို စတင်တီထွင်သည်။ သူ 1991 ခုနှစ်၌ ကြေကွဲစရာ အသတ်ခံရချိန်၌ နှလုံးအတုမှာ ပြီးစီးလုနီးပါးဖြစ်နေခဲ့သည်။

သုတေသနဌာနအသစ်တစ်ခုကို သူအား အမှတ်တရအဖြစ် တည်ထောင်ခဲ့သည်။ သူ၏ ကျွမ်းကျင်မှု၊ အကောင်းဘက်မှ မြင်တတ်မှု၊ နည်းလမ်းသစ်တီထွင်မှုများကြောင့် သူ့အားအမှတ်တရရှိကြသည်။



နိဂုံး

ဤစာမျက်နှာပါအကြောင်းအရာများက သင့်အား ကျွန်ုပ်တို့၏ ဩစတြေးလျားနိုင်ငံအကြောင်း အနည်းငယ်မျှကို သိရှိစေခဲ့ပြီဖြစ်ပါသည်။ ကျွန်ုပ်တို့က သင်ဩစတြေးလျားနိုင်ငံသားဖြစ်ခြင်းကို ကြိုဆိုပြီး ကျွန်ုပ်တို့၏ ငြိမ်းချမ်းသော ဒီမိုကရေစီနိုင်ငံတော်ကြီးတွင် တစ်တပ်တစ်အား ပါဝင်ပါရင် ဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံသားတစ်ဦးအနေဖြင့် သင်သည် အခြားဩစတြေးလျားနိုင်ငံသားများကဲ့သို့ပင် တူညီသော တာဝန်ဝတ္တရားများနှင့် အခွင့်ထူးများအားလုံးကို မျှဝေကြရမည်ဖြစ်ပြီး ဩစတြေးလျားအသိုက်အဝန်း၏ အပြည့်အဝ အဖွဲ့ဝင်တစ်ဦးအဖြစ် သင့်နေရာကို ဖြည့်ဆည်းရပါမည်။ သင်သည် ဩစတြေးလျားနိုင်ငံ၏ အနာဂတ်ကို ကူညီပုံဖော်ရမည့် တာဝန်ဝတ္တရားကို မျှဝေရမည်ဖြစ်ပြီး ဤနိုင်ငံလုံးဆိုင်ရာ စီမံချက်တွင် သင် တက်ကြွစွာ ပါဝင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

စာမေးပွဲမစစ်သည့်အပိုင်းတွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပါယ် ရှင်းလင်းချက်

သံအမတ်
နိုင်ငံတစ်ခု သို့မဟုတ် လူပ်ရှားမှုတစ်ခုခုကို ကိုယ်စားပြုသူ သို့မဟုတ် အများသိအောင်ဆောင်ရွက်ပေးသူ

ဘုတ်အဖွဲ့
ဆုံးဖြတ်ချက်များ ချရန် ရွေးချယ်ထားသော လူတစ်စု၊ ဥပမာ ကုမ္ပဏီတစ်ခုကို မည်ကဲ့သို့ လုပ်ကိုင်ရမည်စသည်

ဘော်ဒါဆောင်ရှိသောကျောင်း
ကျောင်းသားကျောင်းသူများသည် ကျောင်းတွင်နေထိုင်ပညာသင်ကြပြီး စာသင်နှစ်တစ်နှစ်လုံး အိမ်သို့မပြန်ကြဘဲ နေကြရသောကျောင်း

ချုံတောမြေရိုင်း
သဘာဝအတိုင်းရှိနေသေးသော ဩစတြေးလျားနိုင်ငံ ကျေးလက်ဒေသ

နွားမွေးမြူရေးစခန်းကြီး
နွားများမွေးမြူထားသည့် ကြီးမားသော ခြံကြီး

ပဋိညာဉ်စာတမ်း
ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို တရားဝင်ရေးသားဖော်ပြထားမှု

ဘုံရပ်တည်မှု
အကျိုးစီးပွားခြင်းတူသည့် အပိုင်းအဝန်း

အခွမဆင့်ခေါ် ခံ စစ်သား
တပ်မတော်ထဲဝင်ရန် မရွေးချယ်ခဲ့သော်လည်း စစ်မက်ကာလတွင် စစ်တပ်ထဲဝင်ရသောသူ

ဘုရင်မပိုင်တော်ဝင်မြေ
အစိုးရပိုင်သောမြေ

သင်ရိုးညွှန်းတမ်း
စာပေသင်ကြားရာတွင် ဘာသာရပ်တစ်ခုချင်းအလိုက် ပြဋ္ဌာန်းထားသော သင်ခန်းစာ အတွဲတစ်ခု

စားစရာနေစရာမရှိသော ခိုကိုးရာမဲ့
ငွေမရှိခြင်း သို့မဟုတ် ငွေရေပေါက်ရလမ်းမရှိခြင်း

ဒစ်ဂျရီဒူး (didgeridoo)
ဩစတြေးလျားနိုင်ငံ၏ အက်ဘော်ရစ်ဂျစ်နလ် လူမျိုးများက သစ်အလုံးခေါင်းပွမှ ပြုလုပ်ထားသော တူရိယာပစ္စည်းတစ်ခု

တရားမျှတစွာ ယှဉ်ပြိုင်ရေး
စည်းမျဉ်းများကို လိုက်နာပြီး မမျှတသော ကောင်းကျိုးများကို ရယူခြင်းမရှိခြင်း၊ လူများအပေါ် တရားမျှတပြီး ရိုးသားစွာ ဆက်ဆံခြင်း

ကျဆုံးစစ်သည်များနှင့် စစ်သမီးများ
စစ်ပွဲ သို့မဟုတ် တိုက်ပွဲတွင် ကျဆုံးသော စစ်သည်များနှင့်စစ်သမီးများ

ပုံဖော်သည်
တည်ဆောက်သည် သို့မဟုတ် ဖန်တီးသည်

အမျိုးသားရေး စုစုပေါင်းကုန်ထုတ်လုပ်မှု (GDP)
နိုင်ငံတစ်နိုင်ငံက တစ်နှစ်အတွင်း ထုတ်လုပ်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအားလုံး၏ တန်ဖိုး

အပူလိုင်း
နှစ်ရက်ဆက်တိုက်ထက်ကြာသော အလွန်မူအိုက်သည့် ရာသီဥတု

နိုင်ငံတော်သစ္စာဖောက်မှု
နိုင်ငံတော် အစိုးရကို ဖြုတ်ချရန် ကြိုးစားခြင်းပါဝင်သည့် အလွန်ပြင်းထန်သော ပြစ်မှု

အထင်ကရ အမှတ်သညာ
လူသိများပြီး ကိုယ်စားလှယ် ဓါတ်ပုံ

အထင်ကရ ရှေးဦးတိုင်းရင်းသား ပန်းချီကားများ
အက်ဘော်ရစ်ဂျစ်နလ်နှင့် တော်ရယ်စ်ဧရေလက်ကြားကျွန်းသားများ၏ တမူထူးခြားပြီး ငင်းတို့အား ကိုယ်စားပြုသော အနုပညာ

ရှေးဦးတိုင်းရင်းသား
ဩစတြေးလျားနိုင်ငံရှိ အက်ဘော်ရစ်ဂျစ်နလ်နှင့်/သို့မဟုတ် တော်ရယ်စ် ဧရေလက်ကြားကျွန်းသားများ

မြေထု
ကြီးမားသောမြေဓရိယာပမာဏတစ်ခု

သမိုင်းမှတ်တိုင်
သမိုင်းတွင် အရေးပါသောဖြစ်ရပ်တစ်ခု

ဒေသခံများ၏ လုပ်ပိုင်ရပိုင်ခွင့်
ဩစတြေးလျားနိုင်ငံဥပဒေအရ ဆုံးဖြတ်ပြီး ခွင့်ပြုထားသော အက်ဘော်ရစ်ဂျစ်နလ်နှင့် တော်ရယ်စ်ဧရေလက်ကြားကျွန်းသားတို့၏ ရိုးရာယဉ်ကျေးမှုအရ မြေ၊ ဧရိုင်ဆိုင်ခွင့်များ

နှုတ်ပြောသမိုင်း
လူများ၏ နှုတ်ပြော အမှတ်တရရေးဖြစ်ဟောင်းများ

ရှေးဦးစွန့်စားသူ
ရှေးဦးအခြေချသူများထဲမှ တစ်ဦး၊ ကိုလိုနီအခြေချကာလ စောစောပိုင်းတွင် အောင်မြင်မှုရသူတစ်ဦး

နိုင်ငံရေးအရ ကိုယ်စားပြုခြင်း
နိုင်ငံရေးသမားတစ်ဦးက ပါလီမန်တွင် ကိုယ်စားပြုပေးခြင်း

ပြစ်ဒဏ်ကာလ
ပြစ်မှုတစ်ခုတွင် အပြစ်ရှိကြောင်း တွေ့ရှိရသူတစ်ဦးအတွက် တရားသူကြီးတစ်ဦးမှ ချမှတ်သည့် အပြစ်ဒဏ် ဥပမာ ထောင်ဒဏ်ကျခံရမည့် ကာလကဲ့သို့

လစာသတ်မှတ်ချက်
အလုပ်သမားများကို သူတို့လုပ်ပေးသော အလုပ်အတွက် မည်မျပေးရမည်ဟု သတ်မှတ်ချက်

လူမှုရေးအရ ပြုပြင်ပြောင်းလဲခြင်း
လူမှုအဖွဲ့အစည်းအတွက် တော်လှန်ရေးတစ်ရပ်အသွင်မဟုတ်ဘဲ တဖြေးဖြေး တိုးတက်စေခြင်း

နိုင်ငံတော်စျာပန
နိုင်ငံတော်အတွက် အရေးကြီးသော အကျိုးပြုမှုတစ်ခုခုကို လုပ်ခဲ့သည့် နိုင်ငံသားတစ်ဦးအား နိုင်ငံတော်က ကုန်ကျခံပေးသော စျာပန

ခံတပ်
သစ်သားတိုင်များ၊ သစ်သားတုတ်ချွန်များဖြင့် အကာအကွယ်ပြုထားသော ခုခံသည့်နေရာတစ်ခုခု

နွားထိန်းကျောင်းသူ
နွားများကို ထိန်းကျောင်းရန် ခန့်ထားသော အမျိုးသားများ

သပိတ်မှောက်ခြင်း
အလုပ်ရှင်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ကန့်ကွက်ဆန္ဒပြခြင်း ဥပမာ အလုပ်သမားများ အလုပ်မလုပ်ဘဲ အလုပ်ရပ်ဆိုင်းထားခြင်း

ဆန္ဒမဲပေးခွင့်
အများပြည်သူဆိုင်ရာ ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးပိုင်ခွင့်

ကျမ်းသစ္စာကျိန်ဆိုခြင်း
တရားဝင်ကျင်းပသော အခမ်းအနားဖြင့် အများပြည်သူဆိုင်ရာ ရုံးတွင်တာဝန်ထမ်းဆောင်ရန် လက်ခံခြင်း

လူအလှာ
လူမှုအဆင့်အတန်း သို့မဟုတ် နောက်ခံ၊ အလုပ်အကိုင်၊ ရာထူးအဆင့်

ပိုမိုသိကောင်းစရာများ

သြစတြေးလျားနိုင်ငံသားဖြစ်ခြင်း

သြစတြေးလျားနိုင်ငံသား မည်သို့ဖြစ်နိုင်ခြင်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက www.citizenship.gov.au တွင် ဖတ်ကြည့်ပါ။

သြစတြေးလျားနိုင်ငံ

သြစတြေးလျားနိုင်ငံနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက သင့်မြို့နယ်အတွင်းရှိ စာကြည့်တိုက်တွင် ရရှိနိုင်ပါသည်။ အောက်တွင်ဖော်ပြထားသော ဝက်ဘ်ဆိုက်များကလည်း နောက်ထပ်သိကောင်းစရာများကို ပံ့ပိုးနိုင်ပါသည်-

- သြစတြေးလျားနိုင်ငံအကြောင်း www.australia.gov.au
- သြစတြေးလျားနိုင်ငံအကြောင်း အကျဉ်းချုပ် www.dfat.gov.au

သြစတြေးလျားနိုင်ငံအစိုးရ၏ အစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများ

သြစတြေးလျားနိုင်ငံအစိုးရ၏ အစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများတို့နှင့်ပတ်သက်ပြီး သိကောင်းစရာများကို www.australia.gov.au ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်

ပြည်ထောင်စုအမတ် သို့မဟုတ် အထက်လွှတ်တော်အမတ်

သြစတြေးလျားနိုင်ငံအစိုးရ၏ အစီအစဉ်များ၊ ဝန်ဆောင်ပေးမှုများတို့နှင့်ပတ်သက်ပြီး အမျိုးစုံလင်သော သိကောင်းစရာ အချက်အလက်များကို သင့်မြို့နယ်၏ ပြည်ထောင်စုအမတ် သို့မဟုတ် သင့်ပြည်နယ် သို့မဟုတ် ဒေသ၏ အထက်လွှတ်တော်အမတ်ထံမှ ရရှိနိုင်ပါသည်။

အောက်လွှတ်တော်အမတ်များနှင့် အထက်လွှတ်တော်အမတ်များ၏ စာရင်းကို www.aph.gov.au တွင် တွေ့နိုင်ပါသည်။

သြစတြေးလျားနိုင်ငံအစိုးရ အဖွဲ့အစည်းများ

မှီငြမ်းစာအုပ်တွင် ရည်ညွှန်းထားသည့် သြစတြေးလျားနိုင်ငံအစိုးရ အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး နောက်ထပ်သိကောင်းစရာများကို အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်များတွင် သင်တွေ့ရှိနိုင်ပါသည်။

- သြစတြေးလျားနိုင်ငံတပ်မတော် www.defence.gov.au
- သြစတြေးလျားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် www.aec.gov.au
- သြစတြေးလျားနိုင်ငံ ပြည်ထောင်စုရဲတပ်ဖွဲ့ www.afp.gov.au
- သြစတြေးလျားနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင် www.humanrights.gov.au
- သြစတြေးလျားနိုင်ငံ အားကစားကော်မရှင် www.sportaus.gov.au
- သြစတြေးလျားနိုင်ငံ အခွန်ရုံး www.ato.gov.au
- သြစတြေးလျားနိုင်ငံ စစ်သမိုင်းပြတိုက် www.awm.gov.au
- သြစတြေးလျားနိုင်ငံတော်ဘဏ် www.rba.gov.au

အစိုးရမဟုတ်သော အဖွဲ့အစည်းများ

မှီငြမ်းစာအုပ်တွင် ရည်ညွှန်းထားသည့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး နောက်ထပ်သိကောင်းစရာများကို အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်များတွင် သင်တွေ့ရှိနိုင်ပါသည်-

- ဩစတြေးလျားနိုင်ငံ ဘရက်ဒ်မန်းဖောင်ဒေးရှင်း www.bradman.com.au
- အပြည်ပြည်ဆိုင်ရာ ဟယ်မလင် ဖစ်စကျူလာ www.hamlinfistula.org
- ဩစတြေးလျားနိုင်ငံ လေယာဉ်ဖြင့် ပျံသန်းကုသမှုပေးသော တော်ဝင်ကျန်းမာရေး ဝန်ဆောင်မှု www.flyingdoctor.org.au
- လေလိုင်းစာသင်ကျောင်း www.schoolair-p.schools.nsw.edu.au
- စနိုးဝီမောင်တိန် ရေလျှပ်စစ် အာဏာပိုင်အဖွဲ့ www.snowyhydro.com.au
- ဖရက်ဒ်ဟောလိုးစ် ဖောင်ဒေးရှင်း www.hollows.org
- ယူနက်စကို ကမ္ဘာ့သမိုင်းအမွေအနှစ်များဌာန whc.unesco.org
- ကုလသမဂ္ဂ www.un.org
- ဗစ်ကတာချန်း နလုံးသုတေသနဌာန www.victorchang.edu.au
- ဩစတြေးလျားနိုင်ငံ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း www.volunteeringaustralia.org

အခြားအကြောင်းအရာများ

အောက်ဖော်ပြပါ အကြောင်းအရာများ၏ နောက်ထပ်သိကောင်းစရာများအတွက် အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်များတွင် ရှာကြည့်ပါ-

- ဩစတြေးလျားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ www.aph.gov.au
- ထူးချွန်ဩစတြေးလျားနိုင်ငံသားဆုများ www.australianoftheyear.org.au
- 'သူတို့အားအိမ်သို့ပြန်ခေါ်လာခြင်း' အစီရင်ခံစာ www.humanrights.gov.au
- ဓနသဟာယ ဥယျာဉ်များနှင့် ထိန်းသိမ်းကာကွယ်တောများ www.environment.gov.au
- ဆိုက်ဘာလုံခြုံရေး www.esafety.gov.au
- အိမ်တွင်းနှင့် မိသားစုအကြမ်းဖက်မှု ပံ့ပိုးရေး www.respect.gov.au, www.1800respect.org.au, www.dss.gov.au/women/help-is-here-campaign
- နာမည်ကျော်ကြားသော ဩစတြေးလျားနိုင်ငံသားများ - ဩစတြေးလျားနိုင်ငံ ကိုယ်ရေးအတ္ထုပ္ပတ္တိများ အဘိဓာန် adb.anu.edu.au
- ပါလီမန်တွင် တင်ထားဆဲ ဥပဒေမူကြမ်းစာရင်း www.aph.gov.au
- ဩစတြေးလျားနိုင်ငံတော်ဆိုင်ရာ ပါလီမန် www.aph.gov.au
- ပါလီမန်ဆိုင်ရာ ပညာရေးဝန်ဆောင်ပေးမှုများ www.peo.gov.au
- အများပြည်သူရုံးပိတ်ရက်များ www.australia.gov.au
- လူမျိုးရေးခွဲခြားမှု humanrights.gov.au
- ဩစတြေးလျားနိုင်ငံ၏ အက်ဘော်ရစ်ဂျိနယ်နှင့် တော်ရယ်စ်ရေလက်ကြားကျွန်းသားများအား တောင်းပန်ခြင်း www.australia.gov.au

ကျေးဇူးတင်ရှိခြင်း

အောက်ဖော်ပြပါပုံများကို စိုက်ပျိုးရေး၊ ရေနှင့်ပတ်ဝန်းကျင်ဌာနမှ ကျေးဇူးပြုပါသည် -

p50 - တက်စ်မေးနီးယား တောကန္တာရ

အောက်ဖော်ပြပါပုံများကို ပြည်ထဲရေးဌာနမှ ကျေးဇူးပြုပါသည် -

p5 - ကယ်နာဘရာ၊ အဲလ်ဘာ့တ်ခန်းမရှိ နိုင်ငံသားအဖြစ် ခံယူပွဲအခမ်းအနား

p5 - ဩစတြေးလျားနိုင်ငံသားဖြစ်ကြောင်း အထောက်အထားလက်မှတ်

p11 - မိုင်းတိုက်ပွဲအခမ်းအနား၊ ကယ်နာဘရာ

p34 - ဩစတြေးလျားနိုင်ငံသား ခံယူပွဲအခမ်းအနားတစ်ခုမှ မိသားစု၊ ကယ်နာဘရာ

အောက်ပါပုံများကို ဩစတြေးလျားနိုင်ငံအမျိုးသားမော်ကွန်းတိုက်မှ ကျေးဇူးပြုပါသည် -

p51 - နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် သိုးမွေးခြံအတွင်းမှ ကလေးများ၊ 1962 ခုနှစ်မှ ဓာတ်ပုံ၊ လေလိုင်း စာသင်ကျောင်း (ရည်ညွှန်း A1200:L42511)

P60 - ဒစ်ခ် စမစ်သ်၊ ပြည်တွင်းလေကြောင်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ 1991 ခုနှစ် (ရည်ညွှန်း - A6135:K23/5/91/1)

p65 - နယူးဟော်လန်၏ အက်ဘဲလ် တပ်စ်မယ်နှ် မြေပုံ၊ 1644 (ရည်ညွှန်း - A1200:L13381)

p68 - 1851 ခုနှစ် ဩစတြေးလျားနိုင်ငံတွင် ရွှေကို အလုအယက်ရှာသောကာလ သမိုင်းဝင်ဓာတ်ပုံများ (ရည်ညွှန်း - A1200:L84868)

P70 - ဝေးလံသောဩစတြေးလျားတိုက် အတွင်းပိုင်းရှိ 'အာဖဂန်' ကုလားအုပ်ပိုင်ရှင်များ (ရည်ညွှန်း - A6180:25/5/78/62)

p77 - ဆာအက်ဒပ်ဒ် 'ဝီရီ' ဒန်းနဲလော့ပ်ကိုသူ၏ ရုံးတွင်တွေ့ရစဉ်၊ 1986 ခုနှစ် (ရည်ညွှန်း - A6180:1/9/86/12)

p78 - ဥရောပသား ရွှေ့ပြောင်းနေထိုင်သူများ ဩစတြေးလျားနိုင်ငံသို့ ရောက်လာကြစဉ်၊ ကဲန်းစ်မြို့ရှိ ဖလာမိနီယာ သဘော်ပေါ်မှ အိတာလျံလူမျိုး ကြံခုတ်အလုပ်သမားများ၊ 1955 ခုနှစ် (ရည်ညွှန်း - A12111:1/1955/4/97)

အောက်တွင်ဖော်ပြထားသော ပုံများကို ဩစတြေးလျားနိုင်ငံ အမျိုးသားစာကြည့်တိုက်မှ ကျေးဇူးပြုပါသည် -

p53 - 1940 ခုနှစ်များက ထုတ်ဝေခဲ့သော ဂျူးဒစ်သ် ရိုက်ထ်၏ ပုံတူ (ရည်ညွှန်း - nla.pic-an29529596)

p65 - Sydney Cove ရှိ ပထမသင်္ဘောအုပ်စု၊ 1788 ခုနှစ်၊ ဇန်နဝါရီလ 27 ရက်၊ ဂျွန်အဲကော့တ်မှ ဖန်တီးသည် 1888 – 1973 (ရည်ညွှန်း - nla.pic-an7891482)

p66 - ကယ်ရိုလိုင်း ချစ်ဇန်မ်၏ ပုံတူပန်းချီ၊ ထုတ်ဝေသူ - သောမတ်စ် ဖဲလန်းဒ်၊ 1804 – 1852 (ရည်ညွှန်း - nla.pic-an9193363)

p71 - ကက်သရင်းန် ဟယ်လယ်နှ် စပဲန်စ်၏ ပုံတူပန်းချီ၊ 1890 ခုနှစ်များက ထုတ်ဝေသည် (ရည်ညွှန်း - nla.pic-an14617296)

p74 - ဂျွန် စင်မ်စန် ကတ်က်ပက်ထရစ်ခ်နှင့်သူ၏ မြည်းပုံ၊ ဂလစ်ပလီ 1915 ခုနှစ် (ရည်ညွှန်း - nla.pic-an24601465)

p76 - ဆာချားလ်စ် အပ်ဒ်ဒပ်ဒ် ကင်းဂ်ဖို့ဒ် စမစ်သ်၏ ပုံတူ 1919 ခုနှစ်နှင့် 1927 ခုနှစ်အကြားထုတ်ဝေသည် (ရည်ညွှန်း - nla.pic-vn3302805)

p81 - မြောက်ပိုင်းဒေသ ဟာမန်းဘွဂ် မစ်ရှင်ရှိ အဲလ်ဘတ် နာမတ်ဂျီးရား၏ ပုံတူ၊ 1946 သို့မဟုတ် 1947 ခုနှစ်တွင် အာသာဂရူးမ်က ထုတ်ဝေသည် (ရည်ညွှန်း - nla.pic-an23165034)

အောက်ပါပုံများကို iStock မှ ကျေးဇူးပြုပါသည် -

ရှေ့ မျက်နှာဖုံး - မီမိုဆာနွေဦးပန်းများ၊ မူပိုင်©iStockphoto.com/ST-art (ရည်ညွှန်း 1135566007)

p6 - ဩစတြေးလျားအနောက်ပိုင်း၊ လပ်ကီး ပင်လယ်အော်ရှိ သားပိုက်ကောင်မိခင်နှင့် သားပေါက်လေး၊ မူပိုင်©iStockphoto.com/NeoPhoto (ရည်ညွှန်း - 1142608453)

p9 - ဟွမ်းကန်၊ ဗစ်က်တိုးရီးယားပြည်နယ်၊ မူပိုင်©iStockphoto.com/tsvibrav (ရည်ညွှန်း - 675826394)

p15 - ဩစတြေးလျားနိုင်ငံထွက် မဟူရာဖလားအနက်ရောင်၊ မူပိုင်©iStockphoto.com/Alicat (ရည်ညွှန်း - 173691056)

p17 - ဩစတြေးလျားနိုင်ငံတော်အလံ၊ မူပိုင်©iStockphoto.com/davidf (ရည်ညွှန်း - 471630390)

p19 - တိုင်းရင်းသားမျိုးစုံပါဝင်သော မူလတန်းကျောင်းသူအုပ်စု၊ မူပိုင် ©iStockphoto.com/FatCamera (ရည်ညွှန်း- 877714382)

p23 - ဩစတြေးလျား ပါလီမန် အဆောက်အဦ၊ ကယ်နာဘရာ မူပိုင်©iStockphoto.com/felixR (ရည်ညွှန်း- 157193181)

p33 - လူအုပ်စု ၊ မူပိုင်©iStockphoto.com/davidf (ရည်ညွှန်း -913541808)

p36 - တရားရုံးသုံးတူနှင့် တရားမျှတမှုချိန်ခွင်၊ မူပိုင် ©iStockphoto.com/studiocasper (ရည်ညွှန်း - 1004781908)

p37 - မတူကွဲပြားသော အုပ်စု၊ မူပိုင် ©iStockphoto.com/SolStock (ရည်ညွှန်း - 1203934273)

p39 - ဂရင်းဝတ်တဲလ်ချောင်းမီး နယူးဆောက်သ်ဝဲလ် (Green Wattle Creek fire NSW)၊ ဩစတြေးလျားနိုင်ငံ၊ ဒီဇင်ဘာလ 2019၊ ©iStockphoto.com/PetarBelobrajdic (ref: 1198579743)

p47 - လက်ဖြင့်ဆွဲထားသော ဒစ်ဂျစ်တယ်များ၊ မူပိုင်©iStockphoto.com/lore (ရည်ညွှန်း - 185011099)

p48 - ဘော်နဒိုင်း ကမ်းခြေ၊ ဆစ်ဒနီ၊ မူပိုင်©iStockphoto.com/Edd Westmacott (ရည်ညွှန်း - 91095176)

p49 - ဆစ်ဒနီ အော်ပရာဟောက်စ်၊ နယူးဆောက်သ်ဝေးလ်စ်၊ မူပိုင်©iStockphoto.com/slowstep (ရည်ညွှန်း - 607986870)

p50 - ဦးလူရူးကာတာ ဂျူတာ အမျိုးသားဥယျာဉ်၊ မြောက်ပိုင်းဒေသ၊ မူပိုင်©iStockphoto.com/bennymarty (ရည်ညွှန်း - 1184425004)

p63 - ဦးလူရူးဂျူတာ ၊ မြောက်ပိုင်းဒေသ၊ မူပိုင်©iStockphoto.com/bennymarty (ရည်ညွှန်း - 539027478)

p64 - အက်ဘော်ရစ်ဂျစ်နလ် ကျောက်စီပန်းချီ - စာရာတိုဂါငါး၊ မူပိုင်©iStockphoto.com/Alpen Gluehen (ရည်ညွှန်း - 2761924)

p75 - ဩစတြေးလျားစစ်သမိုင်းပြတိုက်နံရံများ၊ ကယန်ဘရာ၊ မူပိုင်©iStockphoto.com/ Matt Palmer (ရည်ညွှန်း - 1125736631)

အောက်ပါပုံများကို Shutterstock မှ ကျေးဇူးပြုပါသည် -

p7 - အိမ်ကွင်းပွဲတော်ရှိ ရှေးဦးတိုင်းရင်းသား ကချေသည်များ၊ ဆစ်ဒနီ၊ မူပိုင် ©shutterstock.com/PomInOz (ရည်ညွှန်း - 345113882)

p21 - မဲပေးသူများ၊ မူပိုင်©shutterstock.com/Nils Versemann (ရည်ညွှန်း - 446229916)

p31 - ဩစတြေးလျား ဗဟိုတရားရုံး၊ မူပိုင်©shutterstock.com/Greg Brave (ရည်ညွှန်း - 1051621895)

အခြားပုံများကို အောက်တွင်ဖော်ပြထားသော အဖွဲ့အစည်းများ/ပုဂ္ဂိုလ်များမှ ကျေးဇူးပြုပါသည် -

p24 - ဓနသဟာယ ဩစတြေးလျားနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ 1900 - အများပြည်သူမူရင်းမှတ်တမ်းမိတ္တူ၊ စုဆောင်းထားရှိသည့် လက်ဆောင်ပစ္စည်းများပုံ၊ ပါလီမန်အဆောက်အဦတွင် စုဆောင်းထားရှိသည့် အနုပညာလက်ရာများ၊ ပါလီမန်ဆိုင်ရာ ဝန်ဆောင်မှုများဌာန၊ ကယန်ဘရာ၊ အေစီတီ

p40 - ဟာ့ဒ်ကျွန်း (Heard Island) နှင့် မက်ဒေါ်နယ်လ် ကျွန်း (McDonald Islands) ဓာတ်ပုံ၊ ဩစတြေးလျား အန္တာတိတ်ဒေသမှ ကျေးဇူးပြုပါသည်၊ မူပိုင်© ဓနသဟာယဩစတြေးလျား၊ အယ် အီး လာ့ဂ်် ရိုက်ကူးသည် (ရည်ညွှန်း - 1892A2)

p52 - ဆာဒေါ်နယ် ဘရက်ဒ်မဲန်းဓာတ်ပုံ ဘရက်ဒ်မဲန်းခရစ်ကတ် ပြတိုက်မှ ကျေးဇူးပြုသည်။ ဆာဒေါ်နယ် ဘရက်ဒ်မဲန်းက သူ၏ဩစတြေးလျားနိုင်ငံတက်စ် ခရစ်ကတ် ဦးထုပ်ကို ဆောင်းထားပြီး 1931-32 ဩစတြေးလျားနိုင်ငံ ခရစ်ကတ်ရာသီတွင် ဓာတ်ပုံရိုက်ကူးထားသည်

p54 - ဒေါက်တာဖီအိုနာဝုဒ် အေအမ်ပုံ၊ အမျိုးသား ဩစတြေးလျားနေ့ကောင်စီမှ ကျေးဇူးပြုပါသည်

p55 - ပါမောက္ခ ဟောလိုးစ်၏ ဓာတ်ပုံ၊ ဖရက်ဒ်ဟောလိုးစ် ဖောင်ဒေးရှင်းမှ ကျေးဇူးပြုပါသည်။ ဖရယ်နှ်ခ်ဗီယိုလီမှ ဓာတ်ပုံရိုက်ကူးသည်

p56 - ဒေါက်တာဂျိမ်းစ်မက်ကီအေအမ်ပုံ၊ တစ်နှစ်တာအတွက် အတော်ဆုံး ဩစတြေးလျားနိုင်ငံသားဆုများမှ ကျေးဇူးပြုပါသည်

p56 - ပါမောက္ခမီရှဲလ်ဆင်မွန်စ်ပုံ၊ အမျိုးသား ဩစတြေးလျားနေ့ကောင်စီမှ ကျေးဇူးပြုပါသည်။

p61 - ဒေါက်တာကက်သရင်း ဟယ်မ်လင် AC ၏ ဓာတ်ပုံ၊ ဟယ်မ်လင် ဖစ်စ်ကျူလာ ကုသရေးနှင့် ကယ်ဆယ်ရေး ရန်ပုံငွေအဖွဲ့မှ ကျေးဇူးပြုပါသည်

p71 - လော့ဒ် လယ်မင်ဂ်တန် က 1901 ခုနှစ် ဘရစ်စဘိန်းမြို့ ဖယ်ဒရေးရှင်းနေ့ အထိမ်းအမှတ် ပရိသတ်ကြီးကို မိန့်ခွန်းပြောကြားစဉ်၊ ဓာတ်ပုံကို ကွင်းစလန်ပြည်နယ် ပြည်နယ်စာကြည့်တိုက်မှ ကျေးဇူးပြုပါသည်။ အိတ်ချ်၊ ဒဗလျူ မော့ဘ်စ်ဘီက ဓာတ်ပုံရိုက်ကူးသည် (ရည်ညွှန်း - 47417)

p72 - အီးဒစ်သ်ကိုဝမ်ပုံ၊ ဩစတြေးလျားအမျိုးသားပြတိုက်မှ ကျေးဇူးပြုပါသည်

p73 - ဒါရိုသီယာ မက်ကဲလာပုံ၊ NSW ပြည်နယ်စာကြည့်တိုက်မှ ကျေးဇူးပြုပါသည်

p76 - စွပ်ပြုတ်ကျွေးမွေးရာနေရာ ဓာတ်ပုံ၊ နယူးဆောက်သ်ဝေးလ်စ် ပြည်နယ် ပြည်နယ်စာကြည့်တိုက် (မစ်တ်ချယ်လ် စာကြည့်တိုက်မှ) ကျေးဇူးပြုပါသည် 1934 ခုနှစ်၊ ဩဂုတ်လ 2 ရက်နေ့ ဘဲလ်မိုး မြောက်ပိုင်း အစိုးရကျောင်း၊ နယူးဆောက်သ်ဝေးလ်စ်၌ ကျောင်းသားကျောင်းသူကလေးများ အခမဲ့စွပ်ပြုတ်နှင့် ပေါင်မုန့်တစ်ချပ်ရရန် တန်းစီနေကြစဉ်၊ ဓာတ်ပုံရိုက်ကူးသူ စယ်မ် ဟုဒ် (ရည်ညွှန်း - H&A 4368)

p77 - ကိုကိုဒါတောလမ်းပေါ်၌ ဒဇင်္ဂရာရ ဩစတြေးလျားစစ်သည်တစ်ဦး ဩစတြေးလျား စစ်သမိုင်းပြတိုက်မှ ကျေးဇူးပြုသည် (ရည်ညွှန်း - 014028)

p81 - အယ်ဒီမာဘို ဓာတ်ပုံ၊ ဘာနီတာနှင့် ဂေးလ် မာဘိုတို့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ကူးယူကာ ဖော်ပြပါသည်

P82 - ဒေါက်တာ ဗစ်ဂ်တာ ချန်း ဓာတ်ပုံ၊ ဗစ်ဂ်တာ ချန်း နှလုံးရောဂါကု သုတေသနဌာနမှ ကျေးဇူးပြုပါသည်

မှတ်စုများ

